http://www.cherrythitsar.org



http://www.cherrythitsar.org



http://www.cherrythitsar.org

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက်(၄)ရပ်**

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက်(၄)ရပ်**

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက်(၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



http://www.cherrythitsar.org

စာမူခွင့်ပြုချက်အမှတ် - ၃၁၈/၂၀၀၃ ( ၃ )
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၃၆၂/၂၀၀၃ ( ၄ )

**ပုံနှိပ်ခြင်း**
၂၀၀၃-ခုနှစ်၊ မေလ၊ ပထမအကြိမ်
အုပ်ရေ - ၅၀၀၊ တန်ဖိုး - ၆၅၀ ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင် (၀၁၆၉၂)
ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့သစ် (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်း/အဖုံးပုံနှိပ်သူ**
ဦးညွန့်ဝေ (၀၅၄၂၅)
ပြုံးပန်းတစ်ရာပုံနှိပ်တိုက်
၃၉၊ ကွင်းကျောင်းလမ်း
အလုံ၊ ရန်ကုန်မြို့။

**ဖြန့်ချိရေး**
ပြုံးပန်းတစ်ရာစာပေ
ဖုန်း - ၂၄၅၃၆၀

# မင်းသိင်္ခ

# မိုးနဲ့မြေ

http://www.cherrythitsar.org



အခန်း ( ၁ )

# မိုးနဲ့မြေ

တစ်နေ့သ၌ မန္တလေးမှရန်ကုန်သို့ ခုတ်မောင်းလာသော မီးရထားပေါ်၌ သက်တော်အားဖြင့် နှစ်ဆယ်ထက်များစွာ မကျော်သေးသော ဦးဇင်းလေးတစ်ပါးသည် စီးနင်းလိုက်ပါလာလေ၏။

ထိုဦးဇင်းလေး၏ အသားရောင်မှာ လွန်စွာမှ ဝင်းဝါစိုပြည်လှ၏။ မျက်လုံးမျက်တောင်တို့မှာလည်း နက်မှောင်၍ လှပလှ၏။ နှာတံပေါ်၏။ သွားများမှာလည်း လွန်စွာမှ ဖြူဖွေးညီညာလှ၏။

နှုတ်ခမ်းမှာ လှ၍ နီမြန်း၏။ ရိပ်ထားသောဦးပြည်းမှာ စိမ်း၍နေ၏ လက်ချောင်းများမှာ သွယ်၏။ လက်ဝါးပြင်မှာ ပန်းနုရောင်ပြေး နေ၏။ အရပ်အမောင်းမှာ ခပ်သွယ်သွယ် ခပ်မြင့်မြင့်ရှိ၏။ ဆင် မြန်းထားသော သင်္ကန်းမှာ သစ်ခေါက် ဆိုးရောင်ဖြစ်သောကြောင့် ၄င်းဦးဇင်း၏ အသားအရေနှင့် လွန်စွာမှ လိုက်ဖက်လေ၏။ ထို ဦးဇင်းလေးကို မြင်ရသူအပေါင်းတို့သည် ၄င်း၏ ရုပ်နိကာယ်ကို အကြောင်းပြု၍ လွန်စွာမှ ကြည်ညိုသွား တတ်ကြကုန်၏။ ၄င်း ဦးဇင်းလေးနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် အသက်(၅၀) ကျော် အရွယ် လူကြီးတစ်ဦးရှိလေ၏။ ထိုလူကြီးက ဦးဇင်းလေးအား ဘွဲ့တော်ကိုသိလို၍ မေးမြန်းလျှောက်ထားလေ၏။

ထိုအခါ ဦးဇင်းလေးက ၎င်း၏ဘွဲ့မှာ ဓမ္မသာမိဖြစ်ကြောင်း ပြောကြားတော်မူလေ၏။ တစ်ဖန် လူကြီးက သက်တော်ကို မေးမြန်း ပြန်ရာ (၂၃) နှစ်ဖြစ်ကြောင်း ဦးဇင်းလေးက ဖြေကြားရပြန်လေ၏။ ရန်ကုန်ကို မည်သည့်အတွက်ကြောင့် ကြွမြန်းခြင်းဖြစ်ကြောင်း သိ လို၍ ထိုလူကြီးက မေးမြန်းရာ ဦးဇင်းလေးက တစ်ခေါက်တလေမျှ ရန်ကုန်သို့ မရောက်ဖူးသေးသောကြောင့် ဆရာတော်က ရွှေတိဂုံ ဘုရားဖူးရန် လွှတ်လိုက်ကြောင်း ဖြေကြားတော်မူပြန်လေ၏။

ဦးဇင်းလေးသည် ထိုလူကြီးမေးသမျှကို ဖြေကြားလေ၏။ ထို့ကြောင့် ထိုပတ်ဝန်းကျင်ရှိ လူများသည် ဦးဇင်းလေး၏ အသံတော်ကို ကြားကြရလေ၏။ ရုပ်ရည်ကိုမြင်၍ ကြည်ညိုသွားကြ သူတို့သည် အသံတော်ကို ကြားသွားသောအခါ ပို၍ပင် ကြည်ညို





သွားကြကုန်၏။

မလှမ်းမကမ်း ထိုင်ခုံတွင်ရှိသော လူတစ်ယောက်ကမူ...

"တော်တော်ချောတဲ့ ကိုယ်တော်လေးပဲ၊ ဘုန်းကြီးမလုပ်ဘဲ ရုပ်ရှင်မင်းသား လုပ်မယ်ဆိုရင် မြန်မာ့ရုပ်ရှင်လောကမှာ အချောဆုံး ရုပ်ရှင်မင်းသားလို့ ဆိုရမှာပဲ....."

ဟု ပြောလိုက်လျှင် ၎င်း၏အနီးမှလူက...

"ကျုပ်လည်း အဲဒီအတွက် စိတ်ပူမိသေးတယ်ဗျာ၊ ဦးဇင်းလေးရဲ့ ချောမောလှပခြင်းဟာ တစ်နေ့မှာ ဦးဇင်းလေးကို ဒုက္ခပေးလိမ့်မယ် ထင်တယ်...၊ ခင်ဗျားတို့ ကျုပ်တို့ငယ်ငယ်က ဖတ်ခဲ့ရတဲ့ ဒေါင်းဖတ်စာထဲက ဦးချိုလှတဲ့ သမင်ကြောင်းကို မှတ်မိ သေးလား၊ လှပသော ဦးချိုနဲ့ခြုံနွယ် ငြိတဲ့အတွက် သမင်ဟာ ဒုက္ခရောက် သွားတယ်လေဗျာ...၊ ကျုပ်တို့ ယောက်ျားတွေ အလှကြိုက်တယ် ဆိုတာ မိန်းမတွေကို မမီဘူးဗျ။ လှတာကိုမှ လိုချင်တယ်ဆိုတဲ့ မိန်းမရိုင်းတစ်ဦးနဲ့ တွေ့ပြီး ဒုက္ခရောက်မှာကို ရင်လေးမိတော့တယ် ဗျာ..." ဟု ပြောရာ ကျန်လူက ထိုစကားသည် ဖြစ်နိုင်ဖွယ်ရာရှိ သည် ဟူသော သဘောဖြင့် ခေါင်းကို ညိတ်၍ သဘောတူကြောင်း ပြလေ၏။

ဦးဇင်းလေးသည်... စက္ကူခြွေကိုချ၍ ပရိတ်တော်များကို တိုးတိုးကလေး ရွတ်ဆိုစီးဖြန်းလာလေ၏။ ဘူတာရုံကြီး တစ်ခုသို့ ရောက်သောအခါ ရထားသည် အချိန်အတော်ကြာ ရပ်နားလေ၏။ ရထားဘေး စင်္ကြန်ပလက်ဖောင်းပေါ်မှ ဖြတ်၍ လျှောက်သွားသော



http://www.cherrythitsar.org

http://www.cherrythitsar.org



မိန်းကလေး နှစ်ယောက်အနက် တစ်ယောက်သောမိန်းကလေးမှာ ဦးဇင်းလေး၏ မျက်နှာတော်ကို ငေး၍ကြည့်သွားရာ ပြုတင်းပေါက် ကျော်သည့်တိုင် သမင်လည်ပြန် လှည့်၍ကြည့်သွားသော ကြောင့် အဒေါ်ကြီးတစ်ဦး ချထားသောတောင်းကို ခလုတ်တိုက် ၍ သွားလေ၏။ ထိုအခါ၌ ရှေ့သို့ ကုန်းကုန်းကြီးဖြစ်ကာ လဲမည် ကဲ့သို့ဖြစ်သွား၏။ တောင်းပိုင်းရှင် အဒေါ်ကြီးက . . .

"အမလေးတော် . . . ဒီလောက်ကြီးတဲ့ တောင်းကြီး ကို ခလုတ်တိုက်ရသတဲ့တော် . . ."

ဟု ကျယ်လောင်စွာ အော်မြည်လေရာ မိန်းကလေး လည်း အရှက်ရသွားသောကြောင့် မျက်နှာနီမြန်းသွားလေ၏။ ၎င်း၏အဖော် မိန်းကလေးကလည်း

"ငမ်းတာကိုး . . . ဟိုရထားပေါ်က ဘုန်းကြီးကို ငမ်းလို့ တောင်းကြီးကို မမြင်ဘူး၊ အဲဒါ ရေကြီးတာလို့ ခေါ်တယ် ဒေစီ ရဲ့ . . ."

ဟု ပြောရာ ခလုတ်တိုက်သော ဒေစီဆိုသည့် မိန်းကလေးက

"ကြည်ညိုတယ် လို့ပြောစမ်းပါ စုဇန်ရယ် . . ." ဟု ပြန်၍ ပြော၏။

ထိုစုဇန်က "ကြည်ညိုတာ မဟုတ်ဘူး၊ ဒါမျိုးကို . . . မာမီတို့က ငရဲအိုး ဖောက်ထိုးကျမယ့် **ကျောင်းကြီးဖျက်မ**လို့ ခေါ်တယ်ဟဲ့၊ နင်တို့လို မိန်းမတွေကြောင့် လူထွက်သွားရတဲ့ ဘုန်းကြီးတွေရှိတယ် . . . ဘုန်းကြီးလူထွက်သွားရလို့ ကျောင်းကြီး





မှာ ဘုန်းကြီး မရှိလို့ ကျောင်းကြီးပျက်သွားသတဲ့ ငရဲအိုးချိုးကပ်မ ရဲ့ . . . နင်တော့ ငရဲအိုးချိုးကပ်ပြီ"

ဟုပြော၍ တခစ်ခစ်ရယ်လေ၏။ ထိုအခါ ဒေစီက . . .

"အတော်ချောတဲ့ ဦးဇင်းလေးဟဲ့"

ဟုပြောပြန်ရာ စုဇန်က

"ဘုန်းကြီးကို ချောတယ်လို့ မပြောရဘူး၊ သပ္ပါယ်တယ်လို့ ပြောရတယ်"

ဟုပြောလိုက်၏။ ထိုအခါ ဒေစီက

"အဲဒီလို မပြောတတ်ပါဘူး . . . သပ္ပါယ်တယ်၊ ဟုတ်လား "ဟင်းစန်း" . . . ၊အင်္ဂလိပ်လို 'ဟင်းစန်း'လို့ ပြောရင်ရမလား"

ဟု ပြောပြန်ရာ စုဇန်က –

"အင်္ဂလိပ်လိုလည်း ပြောခွင့်မရှိဘူး၊ မြန်မာလို သပ္ပါယ် တယ်ပဲ ပြောရမယ်၊ မပြောရင် ငရဲအိုးပဲ . . ." ဟု ပြောလိုက် လေ၏။ ထိုအခါ ဒေစီက–

"အဲဒီလောက် သပ္ပာယ်တဲ့ ဦးဇင်းလေးမျိုးကို ရမယ်ဆို ရင်တော့ ငရဲအိုးမှာ ဆီမရှိရင် ဆီတစ်ပုံးတောင်သွားဝယ်လိုက် ချင်သေးတယ်" ဟု ပြန်၍ ပြောလိုက်လျှင် စုဇန်က

"တော်တော့ . . . ကျောင်းကြီးဖျက်မ၊ နင့်ကို ဒီနေ့ကစပြီး အဲဒီလိုပဲခေါ်မယ်"

ဟု ပြောလေ၏။ တိုးရစ်အမျိုးသမီးတစ်ဦးက ဦးဇင်းလေး အား ဓာတ်ပုံရိုက်လိုကြောင်း အင်္ဂလိပ်ဘာသာဖြင့် လာရောက်၍

http://www.cherrythitsar.org



ခွင့်တောင်းရာ အနီးရှိ လူတစ်ဦးက ဦးဇင်းလေးအား ဓာတ်ပုံရိုက်လိုကြောင်း ဘာသာပြန်၍လျှောက်ထားလေ၏။ ထိုအခါ ဦးဇင်းလေးက

''တကာကြီးရယ် . . . အဲဒီတကာမကြီးကို ပြောလိုက်ပါ။ တစ်ယောက်နဲ့ တစ်ယောက် သိက္ခမ်းတာလည်း မဟုတ်ဘဲနဲ့ မရိုက်ပါနဲ့လို့ပြောပါ . . .''

ဟု ပြန်ပြောလျှင် ထိုလူကြီးက နိုင်ငံခြားသူ မိန်းကလေးအား ဦးဇင်းလေးက ဓာတ်ပုံအရိုက် မခံလိုကြောင်း အင်္ဂလိပ်ဘာသာဖြင့် ပြောပြလေ၏။ ထိုအခါ ထိုအမျိုးသမီးက ဦးခေါင်းကို ညွတ်၍ ကန်တော့သွားလေ၏။

နောက်တွင်လည်း . . . စောစောက ဒေစီဆိုသော မိန်းကလေးကဲ့သို့ တောင်းကြီးကို မမြင်ဘဲ ခလုတ်တိုက်ခြင်း မဖြစ်သည့်တိုင်အောင် ဦးဇင်းလေးကို မြင်တွေ့သွားကြကုန်သော မိန်းမတော်တော်များများသည်လည်း ဦးဇင်းလေး၏ မျက်နှာတော် ချောမောပြေပြစ်ခြင်း၊ အသားတော် ဝင်းဝါစိုပြည်ခြင်းကို ဂရုစိုက်သွားကြသည်ချည်းဖြစ်၏။

ထိုအခါ၌ မျက်နှာချင်းဆိုင် ထိုင်ခုံမှ လူကြီးက . . .

''ဦးဇင်းက ရန်ကုန်ရောက်ရင် ဘယ်ကျောင်းမှာ တည်းမှာလဲ၊ ဘုရားဖူးဆိုတော့ တပည့်တော်က ကားနဲ့လိုက်ပြီး ပို့ချင်ပါတယ် . . . တည်းမယ့်နေရာကို ပြောခဲ့ပါ . . .''

ဟု လျှောက်ထားရာ . . . ဦးပဥ္ဇင်းက –





''ဒုက္ခများပါတယ် ဒကာကြီးရာ၊ ကားနဲ့မပို့ပါနဲ့၊ ဦးပဥ္ဇင်းဟာ ဦးပဥ္ဇင်း ဖြစ်သလိုပဲ ကြွပါ့မယ်၊ တည်းမယ့်နေရာကလည်း ရွှေတိဂုံဘုရားနဲ့ နီးပါတယ်၊ ဗဟန်းမှာပါ။ အဲဒီကျောင်းကလည်း သေးသေးပါ။ ဆရာတော်တစ်ပါးနဲ့ ကိုရင်တစ်ပါးပဲရှိတယ်။ အဲဒီဆရာတော်နဲ့ ဦးပဥ္ဇင်းနဲ့ ဆရာတော်နဲ့က ငယ်ငယ်က စာသင်ဖက်ပြောတယ်၊ ဆရာတော်က စာတစ်စောင်ရေးပေးလိုက်ပါတယ် . . .''

ဟု ပြန်လည်၍ ဖြေကြားတော်မူလေ၏။ ဦးပဥ္ဇင်း၏ အသံ၌ သြဇာဝါတ်ပါလေ၏။ ထို့အတူ သံလိုက်ဓာတ်လည်း ပါလေ၏။ စကားပြောရာ၌ အဖြတ်အတောက် လေယူလေသိမ်း အပေါ့အပြင်း မှန်ကန်သောကြောင့် မည်သည့်အကြောင်းအရာကို ပြောသည်ဖြစ်စေ ဦးပဥ္ဇင်းလေးပြောလျှင် နားထောင်၍ ကောင်းတော့၏။ ''နားစွဲ'' သွားသည်ဟု ဆိုနိုင်၏။ ထိုအခါ မျက်နှာချင်းဆိုင် ထိုင်ခုံမှ လူကြီးက

''တပည့်တော်ကိုလည်း မှတ်ထားတော်မူပါဘုရား . . .၊ တပည့်တော်နာမည်က ဦးလှဖေတဲ့ . . . ကျောက်ကုန်းမှာ နေပါတယ်၊ အိမ်သူ ဆုံးသွားတော့ ဆယ်နှစ်နီးပါးရှိပါပြီ။ တပည့်တော်ကတော့ အလုပ်မလုပ်တော့ပါဘူး။ ဘုရားသွားလိုက်၊ ရိပ်သာသွားလိုက် ဆိုပါတော့၊ ဦးပဥ္ဇင်းရယ် . . .၊ တပည့်တော်သမီးကတော့ ရတနာကုန်သည်ပါပဲ၊ အိမ်မှာကလည်း သားအဖနှစ်ယောက်နဲ့ လက်တိုလက်တောင်းဆိုင်းဖို့ ကလေးမလေးတစ်ယောက်ပဲရှိတယ်၊ တပည့်တော်က အလုပ်မလုပ်တော့ လူမသိပါဘူး၊ တပည့်တော်

http://www.cherrythitsar.org



သမီးကတော့ အရင်က မဂိုလမ်းအခုအခေါ် ရွှေဘုံသာလမ်း၊ အဲဒီမှာ ရှိတဲ့ စိန်ကုန်သည် ကျောက်ပွဲစား လောကမှာတော့ မူယာဆိုရင် လူတိုင်းသိပါတယ်။ သူ့ရဲ့နာမည်အရှည်ကတော့ ပတ္တမြားမူယာတဲ့၊ တပည့်တော်ခယ်မက ကျောင်းဆရာမလည်းဖြစ်ပြန်၊ ကဗျာတွေ ဘာတွေလည်း ရေးတယ်ဆိုတော့ သူ့တူမကို ကဗျာဆန်ဆန် မှည့် ပေးထားတာ၊ အမေဆုံးသွားတော့ သမီးလေးက ဆယ့်လေးငါးနှစ် ကျော်ကျော်လောက်ပဲ ရှိသေးတာ၊ အဲဒီ အခေါ်ကပဲ ထိန်းလာတာ၊ အခု အခေါ်လုပ်တဲ့သူကလည်း တပည့်တော်တို့နဲ့ မနေပါဘူး . . .၊ ဘော်ဒါဆောင်မှာနေတယ်။ သူတို့အခေါ်ကတော့ ''ဗိုင်'' ပေါ့ဗျာ၊ အရှည်ကတော့ ''ဗိုင်ဒဗလျူစီအေ'' ပါ၊ သမီးရော ခယ်မရောက ငယ်စဉ်က ခရစ်ယာန် သာသနာပြုကျောင်းမှာ နေခဲ့ရတော့ အပြော အဆိုကတော့ ဗိုလ်ဆန်တယ်ဘုရား၊ ဒါပေမယ့် ဘာသာရေးတော့ ကိုင်းရှိုင်းပါတယ်။ ဝါဆိုလဆို ဝါဆိုသင်္ကန်း အမြဲကပ်ကြရာတယ်။ အရှင်ဘုရား ရန်ကုန်မှာ သီးတင်းသုံးနေတဲ့ အချိန်အတွင်း ဆွမ်း ကွမ်းတာဝန်ယူပါရစေ ဘုရား'' ဟု ရှည်လျားစွာ လျှောက်ထားလိုက်ရာ ဦးပဥ္စင်းလေးက–

''ဆွမ်းကွမ်းကတော့ . . . တာဝန်မယူပါနဲ့ ဒကာကြီး ရယ် . . . .၊ ကျောင်းက တာဝန်ယူပါလိမ့်မယ်၊ လိုရင်လည်း အဲဒီ နားတဝိုက် ဦးပဥ္စင်းဆွမ်းခံလိုက်မယ်'' ဟု ပြန်၍ မိန့်တော်မူလေ၏။ ဤသို့နှင့်ပင် ထိုလူကြီးနှင့် ဦးပဥ္စင်းလေးတို့သည် စကားတပြော ပြောနှင့် လိုက်ပါလာကြ၏။ ထိုလူကြီးသည် ဘာသာရေးစာအုပ်





များတွင် ဖတ်ရှုခဲ့ဖူးသရွေ့ မရှင်းမလင်းခဲ့သော အချက်များကို ဦးပဥ္စင်းလေးအား မေးမြန်းလျှောက်ထားရာ ဦးပဥ္စင်းလေးသည် စာတတ်သောကြောင့် ပြန်လည်၍ ရှင်းလင်းပြောကြားတော် မူလေ၏။

အနီးအပါးမှ လူများလည်း ဦးပဥ္စင်း ဖြေသည်ကို ကြားနာ ခွင့်ရကြလေ၏။ ထို့ကြောင့် သာဓုခေါ်ကြလေ၏။

ဤသို့နှင့်ပင် ဦးပဥ္စင်းလေး စီးလာသော ရထားကြီးသည် ရန်ကုန်ဘူတာကြီးသို့ ညနေ ငါးနာရီကျော်ကျော်လောက်၌ ဆိုက် ရောက်ခဲ့လေတော့ပါသတည်း။

●

http://www.cherrythitsar.org



## အခန်း ( ၂ )

စကြိုန်၊ ပလက်ဖောင်းတွင် သေသပ်ကျနစွာ ဝတ်စားထားသော လူရွယ်တစ်ယောက်သည် မိန်းမခပ်ရွယ်ရွယ် တစ်ဦးနှင့် စကားပြောနေလေ၏။

''မူယာ ဘယ်သူ့ကို လာကြိုတာလဲ . . .'' ဟု

လူရွယ်က မေးလိုက်၏။

''ဖေဖေ့ကို လာကြိုတာပါ . . . ဖေဖေက မန္တလေးမဟာမြတ်မုနိ မဖူးရတာ ကြာပြီဆိုပြီး ဘုရားဖူးထွက်သွားတာလေ၊

အဲဒါ လာကြိုတာ၊ ကိုမိုက်ကယ်ကရော ဘယ်သူ့ကို လာကြိုတာလဲ...''

ဟု မူယာဆိုသော မိန်းကလေးက ပြန်၍မေးလိုက်ရာ မိုက်ကယ်ဆိုသော လူရွယ်က –

''ကျွန်တော်လည်း ဒယ်ဒီကို လာကြိုတာ... ဒယ်ဒီက ပြင်ဦးလွင်မှာရှိတဲ့ ခြံကို ပိုနေတယ်ဆိုပြီး သွားရောင်းတာလေ..'' ဟု ပြန်၍ဖြေလိုက်ချိန်၌ပင် မီးရထားကြီးသည် စကြံန်ပက်လက် ဖောင်းဘေးသို့ ဆိုက်ရောက်လာလေတော့၏။ မူယာသည် အထက်တန်းတွဲ တစ်တွဲဆီသို့ ပြေးသွားပြီးလျှင် တွဲပေါ်မှ ဆင်းနေသော သူ၏ဖခင်အား

''ဖေဖေ ... မူယာ ဒီမှာ...'' ဟု အသံစာစာကလေးဖြင့် လှမ်း၍ အော်လိုက်လေ၏။ ဖခင်ဆီသို့ ရောက်သောအခါ၌ ဖခင်၏ လက်မောင်းကို ပလက်ဖောင်းဆီသို့ တွဲ၍ချ၏။ ထိုအချိန်၌ မိုက်ကယ်လည်းအနီးသို့ ရောက်လာပြီးလျှင် ၎င်း၏ ဒယ်ဒီဆိုသူအား မြင်သည် နှင့် –

''ဂွတ်အီးဗီးနင်း ဒက်...'' ဟု ပိုလ်သံပါပါဖြင့် လှမ်း၍နှုတ်ဆက်လိုက်ရာ ၎င်း၏ ဒယ်ဒီဆိုသူကလည်း

''ဂွတ်အီးဗီးနင်း မိုက်...'' ဟု ပြန်၍နှုတ်ဆက်လိုက်ပြီးလျှင် သားအဖနှစ်ဦးသည် ဖက်လိုက်ကြလေ၏။ ထိုလူကြီးနှစ်ဦး၏ နောက်မှနေ၍ ဦးပဥ္စင်းလေးသည် မျက်လွှာကိုချ၍ စကြံန်ပလက်ဖောင်းဆီသို့ ခြေကို လှမ်းလိုက်၏။





မူယာလည်း ထိုဦးဇင်းလေးအတွက် လမ်းဖယ်ပေးလိုသော ကြောင့် ဖခင်၏လက်ကို ညင်ညင်သာသာ ဆွဲယူလိုက်ရင်း ဦးဇင်းလေး၏ မျက်နှာတော်ကို တစ်ချက်လှမ်း၍ ကြည့်လိုက်၏။

ထိုသို့ကြည့်လိုက်မိသည့် တစ်ခဏ၌ မူယာ၏ မျက်လုံး အစုံသည် သံလိုက်တုံးနှင့်တွေ့သော သံချောင်းငယ်ကဲ့သို့ တန်းရပ်၍ ဆွဲငင်ခံရလေတော့၏။ မူယာ၏ ဖခင်ဦးလုဖေလည်း ဦးဇင်းလေး၏ သက်န်ကို ရိုပ်ခနဲမြင်လိုက်ရလျှင် –

''ဦးဇင်း... ရပ်တော်မူပါဦး ဘုရား...''ဟု ပြောလိုက်ရာ ဦးဇင်းလည်း ခြေစုံရပ်လိုက်လေ၏။

''ဟောဒါ လမ်းတုန်းက တပည့်တော် လျှောက်ထားခဲ့တဲ့ တပည့်တော်သမီး မူယာပါပဲ...''ဟု ပြောပြီးလျှင် သမီးဘက်သို့ တစ်ဖန်လှည့်ကာ...

''သမီးရေ ... ဒီဦးဇင်းလေးနဲ့ ဖေဖေတို့က တစ်လမ်းလုံး မျက်နှာချင်းဆိုင်ထိုင်ပြီး ရထားစီးလာခဲ့ကြတာ၊ သက်တော်ငယ်ပေမယ့် စာတတ်ပေတတ်လေးကွယ့်... ရွှေတိဂုံစေတီတော်ကြီးကို တစ်ခါမှ မဖူးဘူးလို့ လာပြီးဖူးရှာတာတဲ့ကွယ် ...'' ဟု ပြောလိုက်လျှင် မူယာ၏စိတ်၌ လွန်စွာဂရုဏာ သက်၍သွားလေ၏။

''ဩော် ...ဒီလိုဆိုလည်း ရွှေတိဂုံစေတီတော် တစ်ဆူလည်းမဟုတ်ပါဘူး ... ရောက်တုန်းရောက်ခိုက် ဆူးလေရော၊ ကျိုက္ကဆံရော၊ မယ်လမုရော စုံအောင်ဖူးရမှာပေါ့။ ဒါတင်မကသေး

http://www.cherrythitsar.org



ဘူး ကျိုက်ထီးရိုးဘုရားပွဲလည်း စနေပြီလေ။ တပည့်တော်တို့ တာဝန်ယူ ပြီး ဘုရားဖူးပို့ပါရစေ . . .၊ ဦးဇင်းအနေနဲ့ တစ်ခေါက်ပြန်ပြီးလာဖို့ မလွယ်ဘူးမဟုတ်လား၊ တပည့်တော်တို့ အဲဒီအတွက် ကုသိုလ်ယူ ချင်ပါတယ် . . . အချိန်နည်းနည်းယူပြီး နေဦးမယ်ဆိုရင်တော့ မော်တင်စွန်းဘုရားတွေ ဘာတွေအထိ တပည့်တော်မတို့ ပို့ပေးပါ့ မယ်။ ဆွမ်းကွမ်းအတွက်လည်း မပူပါနဲ့၊ တပည့်တော်မတို့ လှူဒါန်း ပါရစေ'' ဟု ပြောလိုက်လျှင် ဖခင်ဖြစ်သူ ဦးလှဖေသည် သမီး၏ သွက်လက်ချက်ချာပုံ၊ ဘုန်းကြီးရဟန်းနှင့် အချိုးကျကျ လျှောက်ထားတတ်ပုံတို့ကို တွေ့မြင်ရသဖြင့် စိတ်တွင်းမှ ကြိတ်၍ ပီတိများ ဖြစ်နေလေတော့၏။ ထိုအခါ၌ ဦးဇင်းလေး ဓမ္မသာမိက –

''သာဓု . . . သာဓု . . .''ဟု သာဓုသုံးကြိမ် ခေါ်ပြီးနောက်–

''ဒီလိုရှိပါတယ် ဒကာမလေး၊ ဦးဇင်းတို့က ထေရဝါဒရဟန်းတွေဆိုတော့ မိမိရဲ့ ဥပဇ္ဈာယ်ဆရာဖြစ်တဲ့ ထေရ်ကြီးဝါကြီးရဲ့ စကားကို မြေဝယ်မကျ နားထောင်ရပါတယ် . . .၊ ဆရာတော်က ရန်ကုန်ရောက်ရင် ဘယ်ကျောင်းမှာပဲ သီတင်းသုံးရမယ်၊ အဲဒီကျောင်းက ကပ်တဲ့ ဆွမ်းကိုပဲစားရမယ် . . .၊ မလောက်ငရင် ဆွမ်းခံထွက်ရမယ်လို့ မှာလိုက်တဲ့အတွက် အဲဒီစကားကို နားထောင်ရပါလိမ့်မယ်။ ပြီးတော့လည်း ဆရာတော်က ရွှေတိဂုံစေတီတော်ကိုပဲ ဖူးဖို့လွှတ်လိုက်တာ၊ ကျိုက်ထီးရိုးစေတီတော်တွေ ဘာတွေ မပါပါဘူး၊ အဲဒါကြောင့် မသွားဝံ့ပါဘူးလို့ပဲ ပြောရမှာပါပဲ ဒကာ





မလေးရယ် . . . သည်းခံပါ၊ သည်းခံပါ . . .'' ဟု လွန်စွာမှ အေးချမ်းသော အသံဖြင့် ပြောလိုက်ရာ မူယာသည် အံ့ဩလွန်းသဖြင့် ဦးဇင်းလေး၏ မျက်နှာကို ငေးစိုက်ကြည့်နေမိလေ၏။ ထို့နောက်မှ

''ဦးဇင်းလေးက သိပ်ရိုးတာကိုး . . .''

ဟု နှုတ်ခမ်းလေးစူ၍ လျှောက်ထားလိုက်ရာ ဦးဇင်းလေး ဦးဓမ္မသာမိက–

''ဦးဇင်းမှ မဟုတ်ပါဘူး ဒကာမလေးရယ် . . . မြတ်စွာဘုရားရဲ့ သားတော်တွေဖြစ်တဲ့ ရဟန်းသံဃာတော်တွေအားလုံး ရိုးကြပါတယ် . . .'' ဟု ပြောကာ တစ်ဖက်သို့လှည့်၍ လျှောက်သွားလေ၏။ ထိုအခါ မူယာသည် နောက်မှ ပြေးလိုက်သွားပြီး လျှင် . . .''

''ရပ်တော်မူပါဦးဘုရား၊ အရှင်ဘုရားတည်းမယ့် ကျောင်းကို တပည့်တော်မ ကားနဲ့လိုက်ပို့ပါရစေ . . .''

ဟု လျှောက်ထားလိုက်ရာ ဦးဇင်းလေးလည်း ရပ်တော်မူပြီးနောက် တွေ၍သွားလေ၏။ မူယာ၏ ဖခင်ဦးလှဖေလည်း ဦးဇင်းလေးနှင့် မူယာ၏အနီးသို့ လျှောက်၍လာရင်း

''မှန်ပါတယ် ဦးဇင်း . . . တပည့်တော်တို့ လိုက်ပို့ပါရစေဘုရား . . .''

ဟု လျှောက်ထားလိုက်ပြန်ရာ ဦးဇင်းလေးလည်း ခပ်တွေတွေဖြစ်နေရာမှ –

http://www.cherrythitsar.org



"ဒကာကြီးကိုတော့ ပြောရဦးမယ် . . .၊ ဦးဇင်းတို့စောင့်ထိန်းရတဲ့ ဝိနည်းသိက္ခာပုဒ်က သိပ်ပြီးတော့ သိမ်မွေ့ပါတယ်။ တစ်မိုး တစ်ယံတည်းအောက်မှာ မာတုကာမနဲ့ ရဟန်းနဲ့ . . .နှစ်ယောက်အတူ မနေရဘူး၊ နေတာနဲ့ အာပတ်သင့်တယ်၊ ဒကာကြီးတို့က ကားနဲ့လိုက်ပို့တာတော့ ဟုတ်ပါတယ်။ ဒီဒကာမလေးက ဦးဇင်းကို လိုက်ပို့လို့ မရဘူး၊ ဦးဇင်းက အဲဒီကားကို စီးမယ်ဆိုရင် ဒကာကြီးပါ ကျောင်းကို လိုက်ခဲ့ရမယ်နော် . . ." ဟု ဦးဇင်းလေးက မိန့်တော်မူလိုက်ရာ မူယာက ခစ်ကနဲ ရယ်လိုက်လေ၏။ ရယ်ပြီးလျှင်

"တပည့်တော်တို့က အဲဒီအာပတ်တွေ ဘာတွေမသိပါဘူး ဘုရား . . .၊ ဦးဇင်းလေးသာ အဲဒီလိုမပြောရင် တပည့်တော်မက ဖေဖေ့ကို အိမ်မှာဝင်ထားပြီး ဦးဇင်းလေးကို ကျောင်းအထိ လိုက်ပို့ဖို့ စိတ်ကူးထားတာ၊ အဲလိုလုပ်မိရင် အာပတ်သင့်သွားရောလား . . . ."ဟု မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ်ဖြင့် ပြန်၍လျှောက်ထားလိုက်လေ၏။ ဦးဇင်းလေသည် တည်ကြည်သော မျက်နှာထားဖြင့်

"မှန်ပါတယ် ဒကာမလေး၊ အာပတ်သင့်ပါတယ်၊ အဲဒီလိုလည်း မစီးရဘူး . . .ဦးဇင်းတို့ စောင့်ထိန်းရတဲ့ အာပတ်ဆိုတာကို ဒကာမလေးတို့ နားလည်အောင် ပြောဖို့ဆိုရင် အများကြီးခက်ပါတယ်။ အတော့်ကို သိမ်မွေ့တဲ့ကိစ္စပါ . . ." ဟု မိန့်တော်မူလိုက်လေ၏။ မူယာလည်း လက်အုပ်လေးချီလျက်





"စိတ်ချပါ အရှင်ဘုရား၊ ဖေဖေ့ကိုပါ ခေါ်ခဲ့မှာပါ၊ ကားနဲ့လိုက်ပြီး ပို့ပါရစေ . . ." ဟုလျှောက်ထားလေ၏။ ထိုအခါ၌ ဦးဇင်းလေးလည်း

"သာဓု . . .သာဓု . . ."ဟု ရွတ်ဆိုကာ ၎င်းတို့သားအဖနောက်သို့ လိုက်သွားရလေတော့သတည်း။

**"အိုး . . .ဆောရီး . . ."**

ဦးဇင်းလေးသည် မူယာတို့သားအဖ လိုက်၍ပို့သောကားဖြင့် ဗဟန်းရှိကျောင်းတိုက်သို့ ရောက်ခဲ့လေတော့၏။ မူယာသည် ဦးဇင်းကားပေါ်မှ ဆင်းသည်နှင့် တစ်ပြိုင်နက် ၎င်းလည်း ကားပေါ်မှ ဆင်းကာ ဖိနပ်ကို ကပျာကယာချွတ်၏။ ကြိုးသိုင်းဖိနပ်ဖြစ်သောကြောင့် ဗာကယ်ကွင်းကြပ်၍ နေသဖြင့် ချွတ်၍မရဘဲရှိလေရာ ၎င်းဗာကယ်ကွင်းကို အင်္ဂလိပ်ဘာသာဖြင့် ဆဲလိုက်သေး၏။

ဗာကယ်ကွင်းပြုတ်၍ ဖိနပ်ကျွတ်သွားသောအခါ မြေကြီးပေါ်သို့ ပုဆစ်တုပ်၍ ကပျာကယာထိုင်ချလိုက်ပြီးနောက် ဦးဇင်းလေး၏ ခြေဖျားကို နဖူးနှင့်ထိကာ ကန်တော့မည်ပြုလိုက်၏။ ဦးဇင်းလေး သည် နောက်သို့ ဆုတ်လိုက်၏။

"ဒီမှာ ဒကာမလေး ဦးဇင်းတို့ဟာ ဘယ်လိုအကြောင်းနဲ့မှ ဒကာမနဲ့မထိရဘူး . . . အာပတ်သင့်ပါတယ်၊ ဒီအတိုင်း ကန်တော့ရင်ပဲ လုံလောက်ပါပြီ" ဟု ဦးဇင်းလေးက မိန့်တော်မူလိုက်ရာ မူယာသည် အိုးတို့အန်းတန်းဖြစ်သွားလေ၏။ ထို့နောက်တွင်ကား ၎င်းတို့သားအဖနှစ်ဦး ပြန်သွားကြ၏။ လမ်းတွင် မူယာက

http://www.cherrythitsar.org



သူ၏ဖခင်အား

"အဖေရယ် . . . ဦးဇင်းလေးဟာ အတော့်ကို ရိုးတာပဲ၊ သမီးက သူ့ခြေဖျားကို နဖူးနဲ့ထိပြီး ကန်တော့မလို့ဟာ သူက မထိရဘူးတဲ့ . . ." ဟု ပြောလိုက်လျှင် မူယာ၏ ဖခင်ဦးလှဖေက–

"ဖေဖေက အဲဒါကို ကြည်ညိုနေတာ . . . သမီးတို့ကလည်း အဲဒါကို နားလည်ရမယ် . . . သမီးတို့ အနေအထိုင်မတတ်ရင် ငါတို့ရဲ့ သာသနာတော်ကြီးမှာ သာသနာ့တာဝန် ထမ်းဆောင်နေကြတဲ့ ရဟန်းသံဃာတော်တွေ အပြစ်ရောက်တယ်ကွယ့် . . . အဲဒါကိုသဘောပေါက်စမ်းပါ . . . ကြည်ညိုတာနဲ့ သူငယ်ချင်းလို ရင်းရင်း နှီးနှီး ဆက်ဆံလို့တော့ မရဘူးနော်၊ နေရင်းထိုင်ရင်း အပြစ်ဖြစ် သွားမယ် . . ." ဟု သမီးအား ဆုံးမလေ၏။ ထိုအခါ မူယာက

"အိုး . . . ဆောရီး . . ."ဟု ပြောလိုက်လေတော့သတည်း။

**"မတော်လို့ . . . မတော်လို့ . . ."**

နောက်တစ်နေ့ နံနက်စောစောတွင် မူယာသည် မော်တော်ကားဖြင့် စမ်းချောင်းဘက်သို့ ထွက်လာပြီးလျှင် ငါးဆင့်ချိုင့်ဖြင့် မုန့်ဟင်းခါးဝယ်ယူလေ၏။ ပြီးလျှင် ဦးဇင်းလေးတည်းခိုနေသော ဗဟန်းရှိကျောင်းတိုက်သို့ သွားရောက်ခဲ့လေ၏။

ကျောင်းသို့ ရောက်လျှင် ကပ္ပိယကြီးနှင့်အတူ မုန့်ဟင်းခါးပွဲများပြင်၍ မုန့်ဟင်းခါးများ ကပ်လေ၏။ ဆရာတော်ကြီးမှာ အရဏ်ဆွမ်းစားလေ့မရှိသောကြောင့် ဦးဇင်းလေးတစ်ပါးတည်းသာ မူယာလှူဒါန်းသော မုန့်ဟင်းခါးကို ဘုန်းပေးလေ၏။

မူယာသည် ဦးဇင်းလေး ဘုန်းပေးနေစဉ်အတွင်း ဟင်းရည်ပန်းကန်အတွင်းသို့ ချိုင့်တွင်းမှ ဟင်းရည်များ လောင်းထည့်လေ၏။ စားပွဲခုံပါ ကပ်ထားပြီးဖြစ်သဖြင့် မူယာဟင်းရည်ထပ်၍ ထည့်သော အခါ၌ ဦးဇင်းလေးသည် စားပွဲခုံကို လက်ဝဲလက်ဖြင့် ဆတ်ခနဲ ကိုင်ထားလိုက်လေ၏။ မူယာသည် အကြော်များကိုထပ်၍ ထည့်ပြန်ရာ ဦးဇင်းလေးသည် စားပွဲခုံကို လက်ဖြင့် ကိုင်ထားရပြန်၏။ ထို့နောက် ကိုင်ထားသော လက်ကိုဖြုတ်ကာ မုန့်ဟင်းခါးကို ဆက်လက်ဘုန်းပေး၏။

မူယာလည်း ချိုင့်အတွင်းမှ နံနံပင်နှင့် ရှောက်သီးစိပ်များကို စားပွဲပေါ်မှ ပန်းကန်အတွင်းသို့ ထည့်ပြန်၏။ ဦးဇင်းလေးလည်း စားပွဲခုံကို လက်ဖြင့်ကိုင်ရပြန်၏။

"တပည့်တော်မ တစ်ခုထည့်တိုင်း စားပွဲခုံကို လက်နဲ့ကိုင်ကိုင်နေတာ ဘာဖြစ်လို့လဲ ဘုရား" ဟု မူယာက မေးလိုက်လေ၏။

"ဒီလိုရှိတယ် ဒကာမ . . . ဦးဇင်းတို့ စားပွဲခုံပါ အပ်ထားပြီး ပြီလေ . . . အဲဒါကို ဒကာမ ထိရင်ကိုင်ရင် ဦးဇင်းဆက်ပြီး ဘုန်းပေးလို့ မရတော့ဘူး . . . ပြန်ပြီးကပ်ရမှာ၊ အဲဒီလို ပြန်ပြီး မကပ်ရအောင် ဦးဇင်းက စားပွဲကို လက်နဲ့ကိုင်ထားရတာ . . ."

http://www.cherrythitsar.org



ဟု ဦးဇင်းက မိန့်လိုက်လျှင် မူယာက–

"ဆော်ရီး ...ဆော်ရီး ...ဪ ...ယောင်လို့ .. ကန်တော့ ... ကန်တော့ ...မသိလို့ပါ ဘုရား ..." ဟု လျှောက်ထားလိုက်လေ၏။ ထိုအခါ ဦးဇင်းလေးက–

"မီးဆိုတာ ပူတယ်လို့သိပြီး ကိုင်တာပဲဖြစ်ဖြစ် ... မသိလို့ကိုင်တာပဲဖြစ်ဖြစ် လောင်ကျွမ်းတဲ့နှုန်းကတော့ အတူတူပဲ ဒကာမ၊ မသိဘူးဆိုတာ ဦးဇင်းတို့ ထေရဝါဒ ဗုဒ္ဓဘာသာမှာ မပြစ်ပေါ့စေတဲ့အရာမဟုတ်ဘူး ..." ဟု ဆုံးမရှာလေ၏။ ဦးဇင်းလေးသည် ဘုန်းပေးခြင်းကို ရပ်လိုက်ပြီးနောက် ရေနွေးကြမ်းကို သောက်တော်မူလေ၏။ ထို့နောက် ယခုကဲ့သို့ လှူဒါန်းရသောကြောင့် နိဗ္ဗာန်မဂ်ဖိုသို့ ရောက်ရှိစေကြောင်း ဆုမွန်ကောင်း တောင်း၍ ပေးလိုက်လေ၏။

ကပ္ပိယကြီးသည် မူယာ၏ ချိုင့်ကို ဆေးကြော၍ ကားပေါ်သို့လိုက်၍ တင်ပေး၏။

"မုန့်ဟင်းခါးက အတော့်ကို မွှေးတာပဲ ... အရဏ်ဆွမ်းကို အဲဒီလို လှူဒါန်းတာဟာ အတော့်ကို အကျိုးထူးရှိတာကလား ..." ဟု ကပ္ပိယကြီးက ပြောလိုက်လျှင် မူယာသည် ဦးဇင်းကို ဖြေသကဲ့သို့

"တင်ပါ့ဘုရား ..." ဟု ပြန်၍ဖြေလိုက်လေ၏။ ထိုအခါ ကပ္ပိယကြီးက–

"ကျုပ်ကို တင်ပါ့လို့ ပြောဖို့မလိုပါဘူး ... ကျုပ်က





လူပါ၊ ဘုန်းကြီးမဟုတ်ပါဘူး ... " ဟု ပြောလိုက်လျှင် မူယာ–

"ဆောရီး ..."

ဟု ပြောလိုက်လေ၏။ ထိုအခါ ကပ္ပိယကြီးက

"အဲဒီလို ဆောရီးလို့ပြောလို့လည်း မဖြစ်ပြန်ဘူး၊ ဆောရီးဆိုတာဘာလဲ ...၊ ကုန်းသတ္တဝါလား၊ ရေသတ္တဝါလား ...၊ ကိုက်တတ်တဲ့ အကောင်လား၊ ကျုပ်မှမသိဘဲ ... ကျုပ်သိတဲ့ စကားနဲ့တော့ ပြောရမှာပေါ့ ..."

ဟု ပြောလိုက်လျှင် မူယာက–

"ကန်တော့ ... ကန်တော့" ဟု ပြောလိုက်လေ၏။

"ဒါလေးပြောမိတာနဲ့တော့ ကျုပ်ကို ကန်တော့ဖို့တော့ မလိုပါဘူး ..." ဟု ကပ္ပိယကြီးက ပြောလိုက်လျှင် မူယာက–

'မတော်လို့ ...မတော်လို့ ..." ဟုပြောကာ ကားကို ဝူးနဲ့ မောင်းထွက်သွားလေတော့သတည်း။

●

http://www.cherrythitsar.org



အခန်း ( ၃ )

## ''ဒါဒီငွေကို ဝတ္ထုလို့ခေါ်တယ်''

ညနေပိုင်းသို့ရောက်လျှင် မှုယာသည် ၎င်း၏ ဖခင်ကိုခေါ်၍ ဦးဖင်းလေးထံ ရောက်လာပြန်၏။

ထိုသို့လာခဲ့ရာ၌ အလုပဆုံး ခြယ်သလာ၏။

အကောင်းစား ရေမွှေးကိုဆွတ်လာ၏။ ထို့ကြောင့် ၎င်း၏ဖခင်က ''သမီးရယ် . . .ဘုန်းကြီးကျောင်းသွားတာ . . . ပွဲနေပွဲထိုင်သွားသလို ဝတ်ရစားရသလားကွယ် . . .'' ဟု ခပ်

ညည်း ညည်းကလေး ပြောလိုက်ရာ မူယာက ''ဘယ်လိုဖြစ်သလဲမသိပါဘူး ဖေဖေရယ် ... ဒီဦးဇင်းလေးနဲ့တွေ့မှ သမီးလည်း ဘာသာရေးကို စိတ်ဝင်စားလာတယ် ... ဦးဇင်းလေးပြောတဲ့ အာပတ်တို့၊ ဝိနည်း တို့ ဆိုတာတွေလည်း သမီးသိပ်ပြီး သိချင်လာတယ်၊ ဦးဇင်းတွေရဲ့ ဘဝဟာ အတော့်ကို ကြပ်တည်းတာပဲ ...၊ ဟိုဟာလုပ်လည်း အာပတ်၊ ဒီဟာလုပ်လည်း အာပတ်နဲ့ မလွတ်လပ်ပါဘူး ဖေဖေရယ် ... ဒါကြောင့် သမီးဖြင့် အရင်ကနဲ့မတူဘူး ... အတော့်ကို လှုချင်တန်းချင်စိတ်တွေ ပေါ်နေပြီ'' ဟု ပြောလိုက်လျှင် ဦးလှဖေက–

''သာဓုကွယ် ...သာဓု၊ ငါ့သမီးလေး သဒ္ဓါထက်လာတာ'' ဟု ပြောလေ၏။

ဦးဇင်းလေး၏ ကျောင်းသို့ ရောက်လျှင် ဦးလှဖေသည် တရားဓမ္မနှင့်စပ်သောစကားများဖြင့် ဦးဇင်းလေးအား လျှောက်ထားလေ၏။ ဦးဇင်းလေးလည်း စာပေကျမ်းဂန်တွင် ပါရှိသည့်အတိုင်း ဖြေဆိုလေ၏။ ထို့နောက် မူယာက ငွေစက္ကူအထုပ်လိုက်ကို ပိုက်ဆံအိတ်အတွင်းမှ ထုတ်ကာ ဦးဇင်းလေးကို လှူဒါန်းလေ၏။ ထိုအခါ ဦးဇင်းလေးက–

''ဝတ္ထုတော့ ...မကပ်ပါနဲ့ ဒကာမ ...သည်းခံပါ ...'' ဟု မိန့်တော်မူ၍ လက်ကိုကာပြလိုက်လေ၏။ ထိုအခါ မူယာက–

''ဝတ္ထုစာအုပ်မဟုတ်ပါဘူး ဘုရား...ငွေလှူတာပါ...''ဟု ပြန်၍ လျှောက်ထားလိုက်၏။





''အဲဒီငွေကို ဘုန်းကြီးတို့က ဝတ္ထုလို့ခေါ်ရတယ်'' ဟု ဦးဇင်းလေးက ပြန်၍မိန့်လျှင် မူယာက

''မသိပါဘူး အရှင်ဘုရား၊ တပည့်တော်က ဝတ္ထုဆိုတာကို ဝတ္ထုစာအုပ်တို့၊ ရုပ်ပြစာအုပ်တို့လို အောက်မေ့လို့ပါ ...အခုလို ငွေကို လက်မခံဘူးဆိုရင် အရှင်ဘုရားတို့ သုံးဖို့ စွဲဖို့လိုတဲ့ အခါ ဘယ်လိုလုပ်မလဲ ဘုရား ...'' ဟု လျှောက်ထားရာ ဦးဇင်းလေးက–

''ဦးဇင်းတို့မှာ သုံးစရာ၊ စွဲစရာရယ်လို့မှ မရှိပါဘူး ဒကာမ၊ ကျောင်းရယ်၊ သင်္ကန်းရယ်၊ ဆွမ်းရယ်၊ ဆေးရယ်ဆိုတဲ့ ပစ္စည်းလေးပါးပဲ လိုအပ်ပါတယ်။ အဲဒါရှိရင် ပြည့်စုံပါတယ် ...'' ဟု မိန့်တော်မူလေ၏။ ထို့နောက် မူယာသည် ဦးဇင်းလေးအား လိမ္မော်ရည်ကပ်လှူပြီးနောက် ကျောင်းမှပြန်ခဲ့လေတော့၏။

## ''ရှင်းရှင်းမရှင်းကိုပြောမယ်ဘုရားတော့...''

နောက်တစ်နေ့ နံနက် ဧနာရီလောက်တွင် မူယာတို့အိမ်သို့ မိုက်ကယ်ရောက်လာလေ၏။ မူယာသည် မီးဖိုတွင် ဟင်းချက်နေရာမှ အပြင်သို့ထွက်လာ၏။ မိုက်ကယ်လည်း မူယာ့ကိုမြင်လျှင်ရယ်လေ၏။

''မူယာ့မျက်နှာမှာလည်း အိုးမည်းတွေနဲ့ ဘာတွေအလုပ်ရှုပ်နေတာလဲ'' ဟု ပြောလိုက်လျှင် မူယာသည် မျက်နှာသုတ်ပုဝါတစ်ထည်ကို ဆွဲယူ၍ မျက်နှာမှ အိုးမည်းများကို သုတ်ပစ်

http://www.cherrythitsar.org



ရင်း ...

''ဘုန်းကြီးကျောင်းကို ဆွမ်းသွားပို့မလို့ပါ ...၊ အဲဒါ ချက်နေတာ ...၊ ဂွက်ထော်နဲ့ လွဲလို့မရဘူး၊ ကိုယ်တိုင်ချက်ရတာ...'' ဟု ပြောလိုက်လျှင် မိုက်ကယ်က ...

''မနေ့ကလည်း လာသေးတယ်၊ ဘုန်းကြီးကျောင်းကို မုန့်ဟင်းခါး သွားပို့နေလို့တဲ့ ...၊ ညနေ တစ်ခေါက်လည်း ဝင်ခဲ့သေးတယ်၊ ဘုန်းကြီးကျောင်းကို ဖျော်ရည်သွားကပ်နေလို့တဲ့ ...၊ မူယာတစ်ယောက် အခုတလော ဘာသာရေး အတော်လိုက်စားနေပါလား ...'' ဟု မိုက်ကယ်က ပြောလိုက်လျှင်

''ဒီလိုရှိတယ် မိုက်ကယ်ရယ် ...၊ မူယာတို့ သာသနာတော်ကြီး တည်တံ့ဖို့ဆိုတာက ကျင့်ကြံအားထုတ် ကြိုးကုတ်တဲ့ ရဟန်းသံဃာတော်တွေ ရှိရုံနဲ့ မပြီးသေးဘူး၊ မူယာတို့လို သာသနာတော်ကို ထောက်ပံ့လှူဒါန်းတဲ့ လူတွေလည်း အများကြီးလိုအပ်တယ်မဟုတ်လား၊ ဒီသာသနာတော်ကြီးဟာ ဘာသာတစ်ခုတည်းနဲ့ ပတ်သက်တာ မဟုတ်ဘူးနော် ...၊ မူယာတို့ လူမျိုးရဲ့ ကားလ်ချားနဲ့လည်း ပတ်သက်နေတယ်၊ ပြီးတော့ ...လူမျိုးတစ်မျိုးလုံးရဲ့ မျိုးချစ်စိတ်ဓာတ်နဲ့လည်း ပတ်သက်နေတယ်ဆိုတာ မိုက်ကယ် မစဉ်းစားမိလို့ပါ ...'' ဟု ပြောလိုက်လျှင် မိုက်ကယ်သည် ပါးစပ်အဟောင်းသားဖြင့် မူယာကိုကြည့်နေ၏။ ထို့နောက်မှ ...

''ဆောရီး ...'' ဟု ပြောလိုက်လေ၏။





''ကဲ ... ဆိုစမ်းပါဦး၊ အလည်သက်သက်ပဲလား...၊ တခြားကိစ္စရှိသေးလား ...'' ဟု မူယာမေးလိုက်လျှင် မိုက်ကယ်က...''

''ဒီလောက်လှတဲ့ မိန်းကလေးရှိတဲ့ အိမ်ကို မိုက်ကယ်လို ... အလှကြိုက်တဲ့ ယောက်ျားလေးတစ်ယောက် လာတာဟာ အလည်သက်သက်ဖြစ်နိုင်ပဲ့မလား ...၊ သနားစရာကောင်းတဲ့ မိုက်ကယ်လေးတစ်ယောက် အလိုရှိတာအတွက် လာရတာဖြစ်မှာပါ...'' ဟု ပြောလိုက်လျှင် မူယာက ...

''ဘာများလဲ မိုက်ကယ်၊ ဘာတွေအလိုရှိနေတာလဲ၊ ရေချိုးချင်ရင် ဟောဟိုမှာ ရေချိုးခန်းရှိတယ် ...၊ ချိုးသွားလေ၊ ထမင်းစားချင်ရင်လည်း စောင့်ဦး ...၊ ဦးဇင်းလေးကို သွားကပ်လိုက်ဦးမယ် ...၊ ပြန်လာတဲ့အခါ ဦးဇင်းလေး ကျန်တာတွေပါလာမှာ ...၊ အဲဒါတွေစားပေ့ါ ...'' ဟု ပြောလိုက်လျှင် မိုက်ကယ်က...

''ရေလည်းမချိုးချင်ဘူး၊ ထမင်းလည်း မစားချင်ဘူး၊ မိုက်ကယ်မေးထားတဲ့ အဖြေလေးပဲ သိချင်တယ် ...''ဟု ပြောလိုက်လျှင် မယာက...''

''သြော် ...ဒီကိစ္စလား၊ ဒီကိစ္စအတွက်ဆိုရင်တော့ ... မိုက်ကယ် ...မင်းကို ရှင်းရှင်းပြောမယ် ...၊သွားတော့ ...'' ဟု ပြောလိုက်ရာ မိုက်ကယ်သည် မျက်နှာပျက်၍ သွား၏။ ထို့နောက်...

http://www.cherrythitsar.org



"တစ်ခုတော့ ပြောပါရစေဦး မူယာရယ် . . . မိုက်ကယ် ထပ်ပြီးကြိုးစားဖို့ ချန့်စ်ရှိပါသေးသလား" ဟု ပြောပြန်လေ၏။

"မိုက်ကယ်က မိန်းမတွေအကြောင်း သိမှမသိဘဲကိုး၊ မိန်းမတွေဟာ သူတို့က မချစ်ဘူးလို့ ပြောပြီးရင် ချစ်အောင်ကြိုးစားလာတဲ့သူကို ချစ်မလာတတ်ဘူး။ မုန်းသွားတတ်တယ်၊ အခု မူယာက မိုက်ကယ်ကို မချစ်တာပါ . . .၊ မုန်းမှ မမုန်းသေးပဲ၊ ဘာဖြစ်လို့ မုန်းအောင်လုပ်မလဲ မိုက်ကယ်ရယ် . . . ယောကျာ်းတစ်ယောက်နဲ့ မိန်းမတစ်ယောက်ဟာ ချစ်ကြိုက်တဲ့ ကိစ္စတစ်ခုတည်းရှိတာမှ မဟုတ်ဘဲ၊ တခြားကိစ္စတွေ အများကြီးရှိသေးတဲ့ ဥစ္စာ . . .၊ ဘာဖြစ်လို့ မုန်းအောင် လုပ်ချင်ရတာလဲ" ဟု မူယာက ပြောလိုက်ရာ မိုက်ကယ်က . . .

"ဟုတ်ပါတယ် . . . မူယာ သိပ်ပြီးစကားတွေ တတ်လာတယ် . . .၊ မိုက်ကယ်ပြန်မယ် . . ."ဟု ပြောဆိုကာ နှုတ်ဆက်၍ ထွက်သွားလေတော့၏။ ထိုအခါကျမှပင် မူယာလည်း မီးဖိုသို့ ပြန်ဝင်ကာ ချိုင့်ကြီးချိုင့်ငယ်တို့ဖြင့် ထမင်းဟင်းလျာများ ထည့်လေတော့၏။ ပြီးလျှင် ရေချိုးခန်းသို့ဝင်ကာ ကပျာကရာ ရေမိုးချိုး၏။ အဝတ်အစားလဲ၏။ လှသည် ထက်လှအောင် ခြယ်သ၏။ တစ်ကိုယ်လုံးကို အမွှေးနံ့သာများ ဆွတ်ဖျန်း၏။

ပြီးလျှင် ၎င်း၏ဖခင်အား ဦးဇင်းလေးရှိရာသို့ သွားရောက်ရန် နှိုးဆော်လိုက်လေတော့သတည်း။





**"ဦးဇင်းလေးရဲ့အာနာပါနကိုသိချင်လို့"**

ထိုအချိန်၌ ဦးဇင်းလေးသည် ဘုရားစင်၏ ရှေ့၌ထိုင်ကာ ဘာဝနာ ပွားများနေလေ၏။ ပွားများပြီးသောအခါ၌ ထိုနေရာမှ ထ၍ အခြားနေရာတွင် သွားရောက်ထိုင်လိုက်လျှင် ကပ္ပိယကြီးက ရေနွေးကြမ်းကို ကပ်လေ၏။ ထိုအခါ၌ ကပ္ပိယကြီးက . . .

"ဦးဇင်းလေးရဲ့ အားထုတ်နည်းကို တပည့်တော်ကို ပြောမပြနိုင်ဘူးလား . . ." ဟု မေးမြန်းလေ၏။

"အာနာပါဏပါပဲ ဒကာကြီးရဲ့ . . ." ဟု ဦးဇင်းလေးက ပြန်၍ ဖြေလျှင် ကပ္ပိယကြီးက

"အဲဒီ အာနာပါဏ နည်းတွေကလည်း နည်းတာမှ မဟုတ်ပဲ . . .၊ တစ်ကျောင်းတစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလိုပဲမဟုတ်လား . . .၊တပည့်တော်က အရှင်ဘုရားအားထုတ်တဲ့နည်းကိုပဲ သိချင်လို့မေးတာပါ . . ." ဟု ပြန်လည်၍ လျှောက်ထားပြန်လေ၏။

"အာနာပါဏ အားထုတ်နည်းက တစ်ကျောင်းကို တစ်ဂါထာ၊ တစ်ရွာတစ်ပုဒ်ဆန်းရယ်လို့ မဟုတ်ပါဘူး၊ ဘုရားဟောတဲ့နည်းအတိုင်း အားထုတ်နေကြတာပါပဲ . . .၊ဦးဇင်း အားထုတ်တာကတော့ ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီးရဲ့ နည်းပေါ့ . . .၊ ဦးဇင်းရဲ့ နည်းဘယ်ဟုတ်ပါ့မလဲ၊ ဆရာတော် ဘုရားကြီးနည်းကလည်း ဘုရားရဲ့ နည်းပဲမဟုတ်လား . . .၊ အားထုတ်နည်း လက်ာလေး မှတ်ထား . . .၊ ဦးဇင်း နောက်တော့ ရှင်းပြ

http://www.cherrythitsar.org



မယ် . . .၊

**သတိမြဲရာ ပဋ္ဌာမာ၊**

**ဒု–မှာ ရှည်တိုသိ၊**

**လုံးစုံလင်းရာ တ–၌ သာ၊**

**စ–မှာ ငြိမ်းအေးဘိ . . .''**

ဟု မိန့်တော်မူလိုက်လေ၏။ ထိုအချိန်၌မှာပင် ကျောင်းရှေ့သို့ မူယာ၏ကားကလေး ဆိုက်ရောက်လာလေတော့၏။

ထို့နောက် ကားပေါ်မှ မူယာတို့ သားအဖ ဆွမ်းဟင်းချိုင့်များ၊ အချိုပွဲများ သယ်ဆောင်၍ ကျောင်းပေါ်သို့ တက်လာကြလေ၏။ ထို့နောက် မူယာသည် ပါးစပ်မှလည်း သာလိကာမလေးကဲ့သို့ တတွတ်တွတ် လျှောက်ထားရင်း ဦးဇင်းလေးအား နံနက်စာဆွမ်းကို ကပ်လေတော့၏။

''ဒီတစ်ခါ ဆွမ်းကပ်ပြီးရင် တပည့်တော်မ လာပြီး မထိတော့ပါဘူး ဘုရား . . .၊ အဲဒါကြောင့် ဦးဇင်းလေးအနေနဲ့ စားပွဲခုံကို လက်နဲ့လှမ်းလှမ်းပြီး ကိုင်ထားစရာမလိုတော့ပါဘူး'' ဟု မူယာက ပြုံးစစဖြင့် လျှောက်ထားလိုက်လေ၏။ ထို့နောက် မူယာကပင် . . .

''ဦးဇင်းလေး ဘုန်းပေးဖူးမှာ မဟုတ်တဲ့ ဆွမ်းဟင်းတွေကို စဉ်းစားပြီး ချက်ပြုတ်လာရတာ၊ 'ကပတ်ကြော်ပါတယ်'ဟု ပြောလိုက်လျှင် ဦးဇင်းလေးသည် တွေ၍သွား၏။ ထိုအခါ ဦးလှဖေက . . .





''တစ်မျိုးမထင်ပါနဲ့ ဦးဇင်းလေး . . .၊ ကပတ်ကြော်ဆိုတာ ဆိတ်သားကိုတုံးပြီး ကြက်သွန်နီများများနဲ့ ကြော်ထားတာပါ . . .၊ခါးမှာပတ်ထားတဲ့ ခါးပတ်ကြောထားတာ မဟုတ်ပါဘူး'' ဟု ပြောလိုက်မှပင် ဦးဇင်းလေးသည် သွားပေါ်သည်ဆိုရုံမျှကလေး ပြုံးလိုက်လေ၏။ ထို့နောက် မူယာက . . .

''ဆိတ်သားကို ကီးမားလည်း လုပ်လာသေးတယ် . . .'' ဟု လျှောက်ထားလိုက်လျှင် ဦးဇင်းလေးသည် ဦးလှဖေ၏ မျက်နှာကို လှမ်း၍ကြည့်ရပြန်၏။ ထိုအခါ ဦးလှဖေက . . .

''ဆိတ်သားကို ကြိတ်စက်နဲ့ကြိတ်ပြီး ပြန်ချက်ထားတာကို ပြောတာပါဘုရား . . .'' ဟု လျှောက်ထားလိုက်မှပင် ဦးဇင်းလေးလည်း ခေါင်းကို ညင်သာစွာ ညိတ်လေ၏။ ထို့နောက် မူယာသည် စားပွဲပေါ်တွင် ဆွမ်း၊ ဆွမ်းဟင်းများကို ကိုယ်တိုင် စိတ်တိုင်းကျ ပြင်ဆင်ပြီးနောက် ဖခင်ဖြစ်သူ ဦးလှဖေနှင့်အတူ ဤကျောင်းမှ ဆရာတော်ကြီးနှင့် ဦးဇင်းလေးအား ဆွမ်းကပ်လေ၏။ ဆွမ်းကပ်ပြီးသောအခါ၌ မူယာကိုယ်တိုင် ကော်ဖီဖျော်၍ အချိုပွဲပြင်ဆင်ကာ ကပ်ရပြန်လေ၏။ ထိုသို့ ကပ်ပြီးနောက် ဆရာတော်ကြီးနှင့် ဦးဇင်းလေး အချိုပွဲဘုန်းပေးနေစဉ်တွင် မူယာက ဦးဇင်းလေးအား . . .

''ဦးဇင်းလေးကျောင်းက အညာမှာဆိုတော့ ဘယ်နေရာမှာလဲ ဘုရား . . .''ဟု မေးလေ၏။

''ဒီလိုပါ ဒကာမ . . . ဒကာမရဲ့ဖခင် ဦးလှဖေနဲ့ ဦးဇင်းနဲ့

http://www.cherrythitsar.org



ဆိုခဲ့ကြတာက မန္တလေး ရန်ကုန်ရထားပေါ်မှာပါ၊ ဦးဇင်းရဲ့ ဆရာတော်က မန္တလေးက ဆရာတော်တစ်ပါးဆီကို စာပို့ခိုင်းလို့ သွားပို့ပြီးမှ အဲဒီက လာခဲ့တာပါ၊ တကယ်က ဦးဇင်းတို့ဒေသကို မသိတဲ့လူတွေက အညာလို့ ထင်နေကြတာပါ၊ အညာမဟုတ်သေးပါဘူး၊ မြေလတ်ပိုင်းမှာပဲ ရှိပါသေးတယ်၊ လမ်းကလည်း မန္တလေး လမ်းနဲ့ မပတ်သက်ပါဘူး၊ ပြည်ဘက်ကသွားရင် ပိုပြီးနီးပါတယ် . . .၊ ပြည်လမ်းကနေသွားပြီး မကွေးရောက်အောင်သွားရမယ်၊ မကွေးကနေ မြစ်ကို ဖြတ်ကူးလိုက်ရင် မင်းဘူးမြို့ကို ရောက်မယ်၊ မင်းဘူးကနေ ကားလမ်းရှိတယ်၊ အနောက်ဘက်ကို တန်းတန်း ထောင်တက်သွားရင် အမ်းလမ်းကိုရောက်မယ်၊ အဲဒီမှာ လမ်းဆုံ တစ်ခုရှိတယ်၊ ညာဘက်ကို ချိုးကွေ့လိုက်ရင် အများသူငါသိတဲ့ ရွှေစက်တော်ဘုရားကို ရောက်သွားမယ်၊ ညာဖက်ကို မချိုးဘဲ အဲဒီလမ်းဆုံကနေ အနောက်ဘက် တည့်တည့် အမ်းလမ်းအတိုင်း သွားရင် ဇဖဲမြို့ကို ရောက်မှာပေါ့ . . .၊ ငဖဲမရောက်ခင် တော တစ်ခုအတွင်းမှာရှိတဲ့ တောရကျောင်းမှာ ဦးဇင်းတို့ ဆရာတော်က စာတတ်ကျမ်းတတ်ဆိုတော့ ဦးဇင်းတို့ကိုလည်း ကိုရင်ဘဝကတည်း က မန္တလေးကိုပို့ပြီး စာသင်ခိုင်းတာပါ . . .၊ ရဟန်းဘောင်တက်မှ ကျောင်းကို ပြန်ခေါ်ထားတာပါ . . .၊ ဦးဇင်းတို့ ကျောင်းမှာက ဆရာတော်ရယ် . . .၊ ဦးဇင်းရယ် . . .၊ ကိုရင်လေးတစ်ပါးရယ်ပဲ ရှိပါတယ် . . .၊ ကျောင်းရှေ့မှာ ရေကန်တစ်ခုရှိတယ်၊ အဲဒီရေကန်ဟာ အတော့်ကို





နက်တယ်၊ ရေကလည်း ကြည်စိမ်းနေတာပဲ . . .၊ ကြာဖြူပွင့်တွေကလည်း ဖွေးနေတာပဲ . . .၊ ဒါကြောင့် ဦးဇင်းတို့ကျောင်းကို ကြာဖြူကျောင်းလို့ အများက သိကြတယ်၊ အခု ဦးဇင်းပြောတဲ့ နေရာဟာ အညာလို့ မခေါ်နိုင်သေးဘူး၊ မြေလတ်ပိုင်းပဲရှိပါသေးတယ်၊ ဒါပေမယ့် ခေါင်တော့ အတော် ခေါင်ပါတယ်၊ ဒါတောင် ရွှေစက်တော်ဘုရားရှိလို့ လူအသွားအလာ အတော်အတန်ရှိတာ . . .၊ ဦးဇင်းတို့ ကြာဖြူကျောင်းကိုတော့ ရောက်ဖူးသူ အတော်နည်းပါတယ် . . .'' ဟု အေးဆေးတည်ငြိမ်သော လေသံဖြင့်မိန့်တော်မူလေ၏။

ထိုအခါ မူယာက . . .

''ဒါနဲ့ အရှင်ဘုရားရဲ့ ဆရာတော်ဘွဲ့က ဘယ်လိုခေါ်ပါသလဲ၊ မိန့်တော်မူပါဦးဘုရား'' ဟု လျှောက်ထားပြန်လေ၏။

''ဆရာတော် ဘွဲ့က ဦးပညာလို့ခေါ်ပါတယ်။ သက်တော်ကတော့ ၆၀ ကျော်ပါပြီ'' ဟု ဦးဇင်းလေးက ပြန်၍မိန့်လေ၏။ မူယာသည် မှတ်စုစာအုပ်ကို ထုတ်၍ ဦးဇင်းလေး မိန့်ကြားသည်ကို လိုက်လံရေးမှတ်လေ၏။ ထို့နောက် ဆွမ်းဟင်းချိုင့်များ၊ ဆွမ်းအုပ် များကို သိမ်းဆည်း၍ သားအဖနှစ်ယောက် ပြန်ခဲ့ကြလေတော့၏။

လမ်းတွင် မူယာသည် ကားမောင်းရင်း ပလက်တီနမ်စီးကရက်ဘူးကလေး အတွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူပြီး လျှင် အကောင်းစား ရှမ်းဆွမ်မီးခြစ်ကို ထောက်ကနဲဖွင့်ကာ

http://www.cherrythitsar.org



စီးကရက်ကို မီးတို့ပြီးနောက် စီးကရက်ဖွာရင်း ကားကိုမောင်းလာလေ၏။ ထိုသို့မောင်းလာရင်း ...

"ဒီလို ဒယ်ဒီရဲ့ ...၊ မူယာက ဦးဇင်းလေးရဲ့ အက်ဒရက်စကို သိချင်တာ ...ဦးဇင်းလေးကလည်း ခရေစေ့တွင်းကျ ပြောရှာပါတယ် ...၊ဘာပဲဖြစ်ဖြစ် မူယာနဲ့ ဒယ်ဒီနဲ့ ဦးဇင်းလေးနေတဲ့ကျောင်းကိုသွားမယ် ...၊ အဲဒီကျောင်းဟာ ပြင်စရာလိုရင်လည်း ပြင်ပေးမယ်၊ အသစ်ဆောက်ဖို့လိုရင်လည်း အသစ်ဆောက်မယ်၊ မူယာဟာ ဦးဇင်းလေးနေတဲ့ ကျောင်းအတွက် ကျောင်းအစ်မဖြစ်ချင်တယ် ...၊ ဦးဇင်းလေးကို မူယာ သိပ်ပြီးကြည်ညိုတယ် ...၊ မူယာ သူ့ကို ပါရမီဖြည့်ချင်တယ်" ဟု ပြောလျှင် ဦးလှဖေက

"သာဓု...၊ သာဓု..."

ဟု သာဓု နှစ်ကြိမ်ခေါ်လေ၏။ ထိုအခါ မူယာက ...

"ဒယ်ဒီ...ယော်အာ သာဓုအစ်စ် အုန်းလီးတို့ကိစ်" ဟု ပြောလိုက်ရာ ဦးလှဖေက ပြုံးလေ၏။

"နှစ်ကြိမ်ပဲ ခေါ်ထားနိုင်မယ် သမီးရေ...၊တစ်ကြိမ်တော့ ချန်ထားရဦးမယ်" ဟု ပြောလိုက်လျှင် မူယာသည် အသံလွင်လွင်ကလေးနှင့် တခစ်ခစ် ရယ်လိုက်လေတော့သတည်း။

●

http://www.cherrythitsar.org



အခန်း ( ၄ )

## ကျောင်းအမလေး မူယာ

မူယာသည် ဖခင်နှင့်အတူ မင်းဘူးမြို့ဆီသို့ ထွက်ခွာလာခဲ့ပြီဖြစ်၏။ မင်းဘူးမြို့သို့ ရောက်လျှင် ခေတ္တနားပြီးနောက် လိုအပ်သော ပစ္စည်းပစ္စယများကိုဝယ်ကာ အနောက်ဘက်ရှိ အမ်းလမ်းဆီသို့ ခရီးဆက်ခဲ့လေ၏။ အမ်းလမ်းသို့ရောက်လျှင် ဦးဖင်းလေးသီတင်းသုံးခဲ့သော ကြာဖြူကျောင်းကို ရှာရာ တောစပ်တစ်ခုတွင် သွား၍တွေ့လေ၏။

http://www.cherrythitsar.org



မူယာနှင့်ဖခင်ဖြစ်သူ ဦးလှဖေတို့သည် ကြာဖြူကျောင်းသို့ ဝင်၍ ဆရာတော်အား ဖူးတွေ့လေ၏။ ဆရာတော်မှာ အသားတော် ညို၏။ အသံတော် တိုး၏။ သို့ရာတွင် မျက်နှာတော်မှာ ကြည်လင်၏။ အစဉ်သဖြင့် ပြုံးယောင်သန်းနေသော မျက်နှာတော်ရှိ၏။

မူယာ၏ဖခင် ဦးလှဖေသည် ဆရာတော်အား မီးရထားပေါ်တွင် ဦးဇင်းလေးနှင့်တွေ့ခဲ့ပုံ၊ ဦးဇင်းလေး၏ ဝိနည်းစည်းကမ်းလိုက်နာပုံတို့ကို ပြောဆိုလျှောက်ထား၏။

မိမိတို့အနေနှင့်လည်း တပည့်ဖြစ်သူ ဦးဇင်းလေးသည်ပင် ဤမျှအထိ ကြည်ညိုဖွယ်ရာ ဖြစ်နေသောကြောင့် . . .ဦးဇင်းလေး၏ ဆရာဖြစ်သော ဆရာတော်ကို မဖူးဘဲ မနေနိုင်ကြောင်းမှစ၍ ကျောင်းကိုပြင်ပေးလိုကြောင်း၊ လစဉ်ဆွမ်းစရိတ်ကို တာဝန်ယူလိုကြောင်း၊ ဆေးဝါး၊ သင်္ကန်းကိုလည်း အစဉ်သဖြင့် လှူဒါန်းလိုကြောင်းတို့ကို လျှောက်ထားရာ ဆရာတော်ဦးပညာက သာဓုခေါ်လေ၏။

ထို့အပြင် ကျောင်းလှူရသော အကျိုး၊ ဆွမ်းလှူရသော အကျိုးတို့၊ သင်္ကန်းလှူရသော အကျိုးတို့ကို ဝတ္ထုနိပါတ် ပိဋကတ်နှင့် ဆက်စပ်၍ ဟောပြောတော်မူလေ၏။ ထိုသို့ ဟောပြောပြီးနောက် ကျောင်းကို ပြင်ဆင်ရန် ခွင့်ပြုလိုက်လေတော့၏။

ထိုအခါ မူယာသည် မင်းဘူးမြို့မှလည်းကောင်း၊ ငဖဲမြို့မှလည်းကောင်း လက်သမားဆရာများ၊ ပန်းရံဆရာများကို ရှာဖွေကာ မူလကျောင်းကြီးကို ဖျက်ချပြီးလျှင် ဆရာတော်အား တဲကျောင်း





လေးဖြင့် သီတင်းသုံးစေ၏။ တိုက်ခံနှစ်ထပ်ကျောင်းကြီးတစ်ကျောင်းအသစ်ဆောက်လုပ်လေတော့၏။

လက်သမားနှင့် ပန်းရံများမှာလည်း ကြိုးစားပန်းစား ဆောက်လုပ်ကြလေ၏။ မူယာတို့ သားအဖသည် ထိုကျောင်း၌ပင် ယာယီတဲကလေးထိုး၍ နေထိုင်ကြလေ၏။ မူယာသည် အလုပ်သမားများငှားကာ ကန်ကိုဆယ်လေ၏။ တောစပ်မှ ကျောင်းအတွင်းသို့ ဝင်လာသည့်လမ်းကို အုတ်လမ်းဖြစ်အောင် လုပ်လေ၏။

ကျောင်းကိုသာ ဆောက်သည်မဟုတ်၊ ဆွမ်းစားရန်အတွက် ဆွမ်းစားကျောင်း၊ ပစ္စည်းများထားသိုရန် ကျက်သရေခန်း၊ မီးဖိုဆောင်မှအစ ကုဋီပါ အသစ်ဆောက်လုပ်ပေးလေ၏။ ဥပုသ်နေ့များတွင် ဥပုသ်သည်များ နားနေရန်အတွက် ဥပုသ်ဇရပ် တစ်ဆောင်ကိုပါ ဆောက်လုပ်ပေးလေ၏။

အလုံးစုံပြီးသောအခါ၌ တစ်နှစ်စာ ဆွမ်းစားရိတ်ကို တွက်ချက်ကာ လှူဒါန်းခဲ့၏။ သင်္ကန်းများလည်း ဝယ်ယူ၍ ကပ်လှူ၏။ ထို့နောက် ဆရာတော်အား ကျောင်းသစ်ကြီးပေါ်သို့ ပင့်ဆောင်၏။ ပြီးလျှင် ရေစက်ချ၍ လှူလိုက်လေတော့၏။

ထိုအလှူ၌လည်း မင်းဘူးမှ ဒံပေါက်ထမင်းမှာ၍ ဖိတ်ကြားထားသော ဧည့်သည်များကို ကျွေး၏။ ဆရာတော်ကိုလည်း ကပ်၏။ဆရာတော်လည်း အစစအရာရာ ပြည့်ပြည့်စုံစုံ ဆောက်လုပ်လှူဒါန်းသော မူယာအား ကျောင်းအမအဖြစ် အသိအမှတ်ပြုတော်မူရှာ၏။ ယခင်က ဖြစ်သလို ရေးထားသော ကြာဖြူကျောင်းဆို

သည့် ဆိုင်းဘုတ်ကိုလည်း ပန်းချီဆရာကို အပ်နှံကာ အသစ်ရေးဆွဲပြီး ကျောင်းအဝင်အဝတွင် စိုက်ထောင်လိုက်လေတော့၏။ ထို့နောက် မူယာက ဆရာတော်အား မိမိတို့သားအဖ ရန်ကုန်သို့ ပြန်တော့ မည်ဖြစ်ကြောင်း လျှောက်ထားလေ၏။ ထိုသို့လျှောက်ထားရင်း–

''ဆရာတော်ရဲ့တပည့် ဦးဇင်းလေး ဓမ္မသာမိက အလွန်ရိုးပါတယ်၊ တပည့်တော်မတို့က ဘုရားဖူးဖို့ပါမယ်ဆိုတာတောင် ဆရာတော်ရဲ့ အမိန့်က ရွှေတိဂုံဘုရားပဲ ဖူးဖို့ပါတယ်၊ တခြားဘုရားဖူးဖို့ မပါဘူးလို့ ငြင်းနေတယ် . . .''ဟု ထည့်သွင်းဖြည့်စွက်လိုက်လေ၏။ ထိုအခါ ဆရာတော်ဦးပညာက စာရွက်တစ်ရွက်ကို တောင်းပြီးလျှင် ဦးဇင်းလေးထံသို့ စာတစ်စောင် ရေးပေးလိုက်လေ၏။

ထိုစာတွင် မူယာသည် ကျောင်းသစ်ပြင်၍ ဆောက်လုပ်ပေးသော ကျောင်းအမဖြစ်ကြောင်း၊ ပစ္စည်းလေးပါး လှူဒါန်းသော ပစ္စည်းလေးပါး ဒါယကာလည်းဖြစ်ကြောင်း၊ ထို့ပြင် ၎င်း၏ ဖခင်ဦးလှဖေမှာလည်း ရတနာသုံးပါးကို လွန်စွာကိုင်းရှိုင်းသူဖြစ်ကြောင်း၊ အကယ်၍ အခြားအခြားသော ဘုရားများကို ဖူးလိုစိတ်ရှိပါက ၎င်းတို့ပင့်ဆောင်လျှင် လိုက်သွားခွင့်ရှိကြောင်း ရေးသားလိုက်လေ၏။ မူယာသည် ဆရာတော်ပေးလိုက်သော စာကို သူ၏ ပိုက်ဆံအိတ်အတွင်း၌ သေချာစွာသိမ်းဆည်း၍ ဝမ်းမြောက်ပီတိဖြစ်စွာဖြင့် ရန်ကုန်သို့ ပြန်လာခဲ့လေတော့သတည်း။





**ဆရာတော်ကြီးဆီမှ ပါမစ်ရခဲ့ပြီ**

ရန်ကုန်သို့ ရောက်လျှင် မူယာနှင့် ၎င်း၏ ဖခင်ဦးလှဖေသည် ဦးဇင်းလေးတည်းနေသော ကျောင်းသို့သွားလေ၏။ ဦးဇင်းလေးနှင့် တွေ့လျှင် မူယာက . . .

''ဦးဇင်းလေး ကျောင်းကိုပြန်ရောက်သွားတဲ့အခါမှာ သိပ်ပြီး အံ့ဩသွားမယ် . . .''ဟု လျှောက်ထားလိုက်ရာ ဦးဇင်းလေးက . . .

''ဘာဖြစ်လို့လဲ ဒကာမလေးရဲ့ . . .''ဟု ပြန်၍မေးလေ၏။

''တပည့်တော်မတို့ သားအဖ အဲဒီကျောင်းကို ရောက်သွားပြီး ကျောင်းသစ်ဆောက်ပေးလိုက်ပြီ၊ တိုက်ခံနှစ်ထပ်ကျောင်းကြီးဖြစ်သွားပြီ၊ ဆွမ်းစားကျောင်း၊ မီးဖိုဆောင် အကုန်လုံး အကုန်လုံးဆောက်ပေးလိုက်ပြီ၊ ကုဋီလည်းအသစ်ပဲ . . .'' ဟု မူယာက လျှောက်ထားလေ၏။

''သြော် . . .မနက်မနက် ဂွက်ထော်ကတော့ ဆွမ်းလာပို့ပါတယ်၊ ဒကာကြီးဦးလှဖေတို့ကို မေးတော့ ခရီးသွားတယ်လို့ပဲ လျှောက်ရှာတယ်၊ ကျုပ်ရဲ့ ဆရာတော်ကတော့ အလွန့်ကို ဝမ်းမြောက်ရှာမှာပဲ၊ ကျောင်းကို ပြင်ချင်နေတာ ဝတ္တုကလည်း မပြည့်စုံဆိုတော့ မပြင်နိုင်ရှာဘူး အခုလို ကျောင်းသစ်ကြီး ရသွားပြီဆိုတော့ ကောင်းတာပေါ့၊ သာဓု၊ သာဓု . . .'' ဟု ပြောလေ၏။ ထိုအခါ မူယာက–

http://www.cherrythitsar.org



"တပည့်တော်မက . . .ဦးဇင်းတို့နေတဲ့ ကျောင်းရဲ့ ကျောင်းအမနော်၊ အဲဒီတော့ တပည့်တော်က ပင့်ရင် ဖိတ်ရင် ဦးဇင်းကကြွရမှာ၊ ဆရာဒကာ ဆက်ဆံရေးဟာ တစိမ်းဆန်လို့ တော့မဖြစ်ဘူး . . ." ဟု လျှောက်ထားလိုက်လေ၏။ ဦးဇင်းလေးသည် စဥ်းစားလိုက်ပြီးနောက်–

"ကျောင်းအမပဲဖြစ်ဖြစ်၊ ကျောင်းအမ မဟုတ်တာပဲဖြစ်ဖြစ် ဦးဇင်းတို့ ရဟန်းအနေနဲ့ကတော့ ထူးခြားမှုမရှိပါဘူး၊ မာတုကာမကို မာတုကာမလိုပဲ ဆက်ဆံရပါတယ်၊ ဝိနည်းသိက္ခာပုဒ်မှာ ကျောင်းအမဖြစ်တဲ့အတွက် ရင်းနှီးရမယ်လို့ မပါဘူး ကျောင်းအစ်မကြီးရဲ့ . . ." ဟု အသံမာမာဖြင့် ပြန်၍ပြောလေ၏။ ထိုအခါ ဦးလုဖေက–

"ဦးဇင်း ယခုမိန့်တော်မူတဲ့ စကားဟာ တကယ့်ကို ဓမ္မစက်ပါပဲ၊ တပည့်တော်ကတော့ သိပ်ပြီးကြိုက်တာပဲ . . ." ဟု ဝင်၍ လျှောက်ထားလေ၏။ ထိုအခါ မူယာက . . .

"ကျိုက်ထီးရိုးဘုရားပွဲတော်က မပြီးသေးဘူး၊ နောက်လဆိုရင်ပြီးပါပြီ၊ ပွဲတော်မပြီးခင် ကျိုက်ထီးရိုးဘုရားကို ပို့ပေးချင်တယ်၊ တပည့်တော်တို့ ကုသိုလ်ရအောင် ဘုရားဖူးကြွပါဘုရား . . ."ဟု ဝင်၍ လျှောက်ထားလေ၏။ ထိုအခါကျမှပင် ဦးဇင်းလေးက–

"ကောင်းပြီလေ . . ." ဟု မိန့်တော်မူလိုက်လေသတည်း။





**ဘုရားပွဲသွားလည်း အတူတူ**

မူယာနှင့်၎င်း၏ဖခင် ဦးလုဖေသည် ဦးဇင်းလေးအား ကျိုက်ထီးရိုးဘုရားသို့ လိုက်၍ပို့ကြ၏။ ထိုသို့ပို့ရန်အတွက် မူယာသည် သူ၏ကားကို မသုံးဘဲ အခြားသောကားတစ်စီးနှင့် ဒရိုင်ဘာကိုပါ ငှားရမ်းခဲ့လေ၏။ ဂွက်တော်ဆိုသော အိမ်ဖော်မလေးကိုပါ ခေါ်ခဲ့လေ၏။ ၎င်းတို့၏ မော်တော်ကားသည် ကျိုက်ထီးရိုးဘုရား၏ အစဖြစ်သော ကင်ပွန်းစခန်းသို့ ရောက်သည့်အခါ၌ ထမင်းဆိုင်တွင်ပင် ဦးဇင်းလေးအား ဆွမ်းကပ်လေ၏။ ထိုသို့ဆွမ်းကပ်သည့် အခါ၌ မပြည့်မစုံဖြစ်မည်စိုးသဖြင့် မူယာသည် ထမင်းဆိုင်ထဲတွင် ဟိုပြေး ဒီလွှားလုပ်ရလေတော့၏။

"လက်သုတ်ပဝါပေးပါဦး၊ ချဉ်ရေဟင်းက အေးနေတယ်၊ ပြန်နွှေးပေးပါဦး၊ အရိုးထည့်ဖို့ ပန်းကန်လည်းမရောက်သေးဘူး၊ အခုကြော်ခိုင်းထားတာ မရသေးဘူးလားရှင် . . ."စသည့်ဖြင့် ဆိုင်ရှိ လူများကိုမေးကာ ၎င်းကိုယ်တိုင်ပင် ဟိုမှသည်မှ ပစ္စည်းများကို သွက်သွက်လက်လက် ထ၍ယူနေလေတော့၏။

ထမင်းဆိုင်တွင်းမှရှိသော လူများသည် မူယာကို ဝိုင်းကြည့်နေကြ၏။ လွန်စွာမှလည်း စိတ်ဝင်စားနေကြ၏။ မူယာ၏ လှုပ်ရှားမှုများသည် လိုအပ်သည်ထက် ပို၍ သွက်လက်နေ၏။ ဦးဇင်းလေးသည် ဆွမ်းကိုပဥ္စဝဂ်တင်ကာ ဘုန်းပေးနေပြီဖြစ်၏။ မြင်ရသူများအဖို့ လွန်စွာမှ ကြည်ညိုဖွယ်ရာဖြစ်လေ၏။

မူယာမှာမူ အသွက်လွန်၍နေသောကြောင့် မြင်ရသူများ

http://www.cherrythitsar.org



အဖို့ လွန်စွာမှ မျက်စိနောက်ဖွယ် ကောင်းနေ၏။ ကားစပယ်ယာ တစ်ဦးကမူ–

"ဘုန်းကြီးက အတော့်ကို ဣန္ဒြေကြီးတာပဲ. . . ဒီကောင်မကတော့ ခါနေတယ် . . ." ဟု ခပ်တိုးတိုး ပြောလိုက်လေ၏။ သို့ရာတွင် ချောမောသော ဦးဇင်းလေးနှင့် လုပသောဒကာမလေးကို မြင်ရသူအပေါင်းက သဘောကျ၍ နေကြလေ၏။ ဘုရားဖူး အဒေါ် ကြီးတစ်ဦးကမူ–

"ဘုန်းကြီးကလည်း ချောလိုက်တာတော်၊ ဒကာမလေးကလည်း လှလိုက်တာတော် . . .၊ ဒီဒကာမလေးဟာ လူဝတ်နဲ့မဟုတ်ဘဲ သီလရှင်ဝတ်ကလေးနဲ့ဆို ပိုပြီးကြည့်ကောင်းမယ်၊ ဒါမှ မဟုတ်ရင်လည်း ယောဂီဝတ်ကလေးနဲ့ဆိုရင် ပိုပြီးကောင်းမယ်နော် . . ." ဟူ၍ ခပ်တိုးတိုးလေး ပြောလေ၏။ ထိုအခါ အသက် ၅၀ ကျော်အရွယ် လူကြီးတစ်ဦးက

"ကျုပ်ကတော့ အဲဒီလို မမြင်ဘူးဗျ . . .၊ ဒီဦးဇင်းလေးဟာ ရဟန်းဝတ်နဲ့မဟုတ်ဘဲ လူဝတ်နဲ့ဆိုရင်လို့ . . .ဒီကောင်မလေးနဲ့ မျက်စိထဲမှာ တွဲစပ်ကြည့်နေတာ . . .သူတို့နှစ်ယောက် အတော့်ကို လိုက်ဖက်တယ်ဗျ . . ." ဟု ပြောလိုက်လျှင် ပထမပြောသော အဒေါ်ကြီးက–

"သူ့ဟာသူ ဘုန်းကြီးဝတ်နေတဲ့သူကို စိတ်ကူးနဲ့ လူဝတ်လဲ ခိုင်းပြီး မိန်းမပေးစားနေတယ် . . . ဟုတ်လား၊ နေရင်းထိုင်ရင်း ဘာမှမဆိုင်ဘဲ ငရဲအိုးကျဦးမယ် . . ."ဟု ပြောလိုက်သော





အခါ ထိုလူကြီးက ရယ်မော၍–

"မဟုတ်ပါဘူးဗျာ . . .၊ ကျုပ်တို့ရွာက ဘုန်းကြီးလူထွက် ဦးတာတီးကြီးနဲ့ ဒေါ်စိန်စိန်ကို သွားပြီး တွေးမိလို့ပါ . . ."ဟု ပြော၍ ပြောလျှင် အဒေါ်ကြီးက–

"ဦးဇင်းတာတီးက မိန်းမယူချင်လို့ လူထွက်တာမဟုတ်ဘူး၊ လူထွက်လို့ မိန်းမရသွားတာ၊ သူက ဘာမဆို စမ်းချင်တဲ့ လူမို့လား . . . ၊ဉာဏ်သမားဆိုတော့ ဒီလိုပေါ့ . . .၊ သူလုပ်ချင်တာ လုပ်ဖို့လည်း အခွင့်အရေးက ရတယ်လေ၊ သူ့တပည့်လေး လှဖေနဲ့ မောင်မောင်ဆိုတာက ငွေစရှင်ကြတာကိုး . . .၊ သူတို့ဆရာ ဦးတာတီး ဘာလုပ်ချင် လုပ်ချင်၊ သူတို့က ငွေစထုတ်ပေးတယ်လေ၊ ဒါကြောင့် ဦးတာတီးခမျာမှာ ပျက်သွားရရှာတာ . . .၊ ဒင်းတို့နှစ်ယောက် အပြစ်လည်းပါတယ် . . ."ဟု ပြောလေ၏။

"ထားပါတော့ မငွေခင်ရယ်၊ ဦးတာတီးနဲ့ မမြရင်တို့ ဖြစ်ကြ တာကရော. . ." ဟု လူကြီးက ပြန်၍မေးလိုက်ရာ အဒေါ်ကြီးက–

"အမှန်အတိုင်း ပြောရရင်တော့ အဲဒီကိစ္စမှာ မြရင်မလွန်ပါဘူး၊ ဦးတာတီး လော်မာတာ . . ."ဟု ပြောဆိုကာ အဒေါ်ကြီးလည်း ရယ်မောလေတော့၏။

မူယာသည် ဦးဇင်းလေး ဆွမ်းစားပြီးသောအခါ၌ လက်ဆေးရည်နှင့် ဆပ်ပြာကို ကိုယ်တိုင်ပေး၏။

"ဦးဇင်းဘုရား . . .ဘုန်းပေးလို့ ကောင်းပါရဲ့လား . . .၊

http://www.cherrythitsar.org



အချိုပွဲ ဘုန်းပေးဦးနော်. . .''ဟု ဆိုကာ ကော်ဖီနှင့် မုန့်များမှာ၍ ကပ်ပြန်လေ၏။ မြင်ရသူအပေါင်းသည် မူယာ၏ ဘုန်းကြီးအပေါ် သဒ္ဓါထက်ပုံကို သဘောကျကြကုန်၏။ ကားစပယ်ယာ တစ်ဦးကမူ–

''အဲဒီဘုန်းကြီးလေး သနားဖို့ကောင်းလိုက်တာ. . .၊ ဒီမိန်းမကတော့ ယိုးဒယားကဖို့ ပတ်ပျိုးစနေပြီ၊ ဒုက္ခပါပဲ . . .''ဟု ပြောလိုက်လျှင် ၎င်း၏ ဒရိုင်ဘာက–

''ဘယ်လိုဖြစ်နေတာလဲ ငါ့လူရ . . .၊ သူ့ကုသိုလ်နဲ့သူ ဖြစ်တာကို မနာလိုစိတ်မရှိစမ်းပါနဲ့. . .'' ဟု ဝင်၍ပြောလျှင် စပယ်ယာက –

''မဟုတ်သေးဘူးဗျ . . .၊ အ,ကုသိုလ်ဖြစ်မှာ . . .အဲဒါ စိုးရိမ်လို့၊ အဲဒါစိုးရိမ်လို့ . . .၊ဘုန်းကြီးကလေးကတော့ အတော့်ကို ဣန္ဒြေသိက္ခာ ရှိတာပဲ၊ ဒီဆက်စလူးမကတော့ ဆပ်ပြာသည် လင်ပျောက်ဖြစ်နေလိုက်တာ . . .၊ အတော့်ကို ကြည့်ရဆိုးတာပဲ၊ ဒီလိုဟာမျိုး ကျုပ်တို့လိုလူမျိုးနဲ့ တွေ့စမ်းချင်တယ် . . .'' ဟု ပြောလေ ၏။ ထိုအခါ ဒရိုင်ဘာက–

''ပိုက်ဆံလည်း ရှိပုံရတယ်၊ ရုပ်လည်းချောတဲ့ ကောင်မလေး . . .၊ မင်းလောက် ရုပ်ဆိုးတဲ့လူနဲ့ ဘယ်လိုလုပ်တွေ့မှာတုံး၊ ငါဖြင့် စိတ်ကူးကြည့်လို့ကို မရဘူး . . .''ဟု ပြောလိုက်လျှင် စပယ်ယာက–

''ကျုပ်ကို ရုပ်ဆိုးတယ်လို့ ခင်ဗျာက ဘယ်အချက်ကို





ကြည့်ပြီးပြောတာလဲ . . .'' ဟု ပြန်၍ပြောလိုက်ရာ အနီးအပါး ကြားရသူများက ပြုံးလိုက်လေ၏။ ဒရိုင်ဘာကမူ–

''ဘယ်အချက်မှာ ရုပ်ဆိုးတာလဲဆိုတော့ ကိုယ့်လူရဲ့ သွား. . သွား . . .၊ သွားက အတော်ခေါတာကိုး . . .'' ဟု ပြောလိုက်လျှင် စပယ်ယာက

''ကျုပ်ရဲ့သွားက ဒီလောက်တောင်ပဲ ခေါသလား ဒရိုင်ဘာကြီးရယ်. . .'' ဟု စပ်ဖြဲဖြဲ မျက်နှာနှင့်ပြန်၍ မေးရာ ဒရိုင်ဘာက–

''သိပ်တော့ မခေါပါဘူး၊ ဒါပေမယ့် ကိုယ့်လူ ဘောလုံးက စားလို့တော့ မရဘူး၊ ကိုယ့်လူက ကွင်းလယ်မှာပဲ ရှိသေးတယ်၊ သွားက ဟိုဘက်ဂိုးနားမှာ မန်းဒေါက်မိသွားမယ် . . .၊အဲသလောက်လေးခေါတာပါ . . .'' ဟု ပြောလိုက်လျှင် ကြားရသူအပေါင်းတို့သည် ဝေါကနဲ ရယ်မောကြလေ၏။ မူယာလည်းရယ်သံကြားသဖြင့်လန့်သွား၏။ ထို့နောက် မိမိကို ရယ်သလားဟုတွေးကာ ရှုံးတိုးရှန်းတန်းဖြစ်သွား၏။

ဦးဇင်းလေးသည် အချိုပွဲကို စတင်ဘုန်းပေးနေပြီဖြစ်၏။ အနည်းငယ် အိုက်သောကြောင့် ဦးဇင်းလေး၏ နောက်ပိုင်းသင်္ကန်းမှာ ချွေးအနည်းငယ်စို့နေ၏။ မူယာသည် သူ၏အိတ်အတွင်းမှ နံ့သာဖြူယပ်တောင်ကလေးကိုထုတ်ကာ ဦးဇင်းလေးအား ခတ်၍ပေးနေ၏။

ဦးလှဖေမှာမူ ထမင်းမှာ၍ စားနေပြီဖြစ်၏။ ထမင်းစားပြီး

http://www.cherrythitsar.org



သောအခါကျမှပင် မူယာနှင့် ဂွက်ထော်တို့သည် ထမင်းစားကြလေ၏။ ထို့နောက် ထမင်းဆိုင်မှ ထွက်ကာ တောင်ဝှေးတစ်ယောက်တစ်ချောင်းစီဝယ်၍ ကျိုက်ထီးရိုးစေတီတော်ဆီသို့ စတင်၍ တက်ကြလေတော့သတည်း။

### ဦးဇင်းလေးပရိတ်ရွတ်ရပြီ

ငင်းတို့လေးဦးသည် တရွေ့ရွေ့နှင့်တက်လာခဲ့ရာ ဦးလှဖေသည် ကောင်းစွာမလျှောက်နိုင်သောကြောင့် ဂွက်ထော်က စောင့်၍ ခေါ်ရ၏။ ဦးဇင်းလေးနှင့် မူယာမှာမူ ခြေလှမ်းသွက်သူများဖြစ်သောကြောင့်ရှေ့သို့ ရောက်သွားကြပြီဖြစ်၏။

အုတ်ရေတွင်းကလေး၏အနီးသို့ ရောက်သောအခါ၌မူ မူယာသည် အတော်ပင်ပန်းနေပြီဖြစ်၍ ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။ ဦးဇင်းလေးကမူ ဆက်၍ လျှောက်သွား၏။ ထိုအခါ မူယာက–

“ဦးဇင်းလေးဘုရား . . .တပည့်တော်မကို တစ်ယောက်ထဲမထားခဲ့ပါနဲ့ . . .၊ဒီနေရာက လူပြတ်တယ်ဘုရား . . .” ဟုဆိုသဖြင့် ဦးဇင်းလေးလည်း ဆက်၍လျှောက်သွားရန် မတတ်သာတော့သဖြင့် မလှမ်းမကမ်းတစ်နေရာတွင် ရပ်၍စောင့်နေရတော့၏။ အတော်အတန် အမောပြေသောအခါ၌မူ မူယာက–

“ဒီလိုမောပန်းတဲ့ တောလမ်းခရီးဆိုတာ ကိုယ့်ရဲ့ချစ်သူနဲ့လာရင် သိပ်ပြီးကောင်းမှာပဲ . . .၊ အခုလို မူယာမလျှောက်နိုင်





လောက်အောင် မောနေရင် ချစ်သူသာပါလာရင် သူကဖက်ပြီး တွဲသွားမှာ . . .၊တပည့်တော်မလေ . . .ယောကျ်ားမယူဘူးလို့ ဆုံးဖြတ်ထားတာ၊ ဒါပေမဲ့ ဦးဇင်းလောက် ချောတဲ့ယောကျ်ားမျိုးတွေ့ရင်တော့ ဆုံးဖြတ်ချက်ကို ပြင်ရမှာပဲ . . .” ဟုပြောလိုက်လျှင် ဦးဇင်းလေး၏ မျက်နှာသည် ရှက်စိတ်ကြောင့်ပန်းနုရောင် သန်းသွားလေ၏။ ထို့နောက်မှ–

“ကျောင်းအမရယ် . . .၊ မတော်တာတွေ မပြောပါနဲ့တော့၊ အပြစ်ဖြစ်လိမ့်မယ် . . .” ဟု ဟန့်တားလိုက်လေ၏။

“အပြစ်ပဲဖြစ်ဖြစ် . . .အကျပ်ပဲဖြစ်ဖြစ် . . .၊ တပည့်တော်မရဲ့ မျက်စိထဲမှာတော့ ဦးဇင်းလေးဟာ သင်္ကန်းနဲ့မဟုတ်ဘဲ လူဝတ်နဲ့ ဆိုရင် ဒီထက်တောင် ကြည့်ကောင်းဦးမှာ . . .၊ တပည့်တော်မလေ . . .စိတ်ကူးနဲ့ဦးဇင်းလေးကို ဆံပင်တပ်ကြည့်တယ်၊ ဘောင်းဘီရှည် ဝတ်ကြည့်တယ်၊ ဂျာကင်ဝတ်ကြည့်တယ်၊ တပည့်တော်မသဘောကျတဲ့ အမေရိကန် ရုပ်ရှင်မင်းသား ရော့ဟာဆင်နဲ့တူတယ်” ဟု ပြောလိုက်ကာ ငင်း၏စကားကို ငင်းဖာသာ သဘောကျ၍ တခစ်ခစ် ရယ်လေ၏။ သူ၏ရယ်သံသည် ငွေဆည်းလဲလှုပ်သံကဲ့သို့ဖြစ်၏။ ထို့အပြင် ရယ်သံ၌ ညုသံလေးများပါနေ၏။

“ဘုန်းကြီးရဟန်းကို ဘုန်းကြီးရဟန်းလိုပဲ မြင်ပါ ကျောင်းအမ . . .၊ အခြားတောင်တောင်အီအီတွေ မမြင်ရဘူး၊ အကျိုးမဲ့ရုံမျှမက အကျိုးပါ ယုတ်စေတယ် . . .၊ ဘုရားမကြိုက်၊ တရားမကြိုက်၊ သံဃာမကြိုက်တဲ့ကိစ္စတွေကို စိတ်နဲ့လည်း မကြံရဘူး၊

http://www.cherrythitsar.org



နှုတ်ကလည်း မပြောရဘူး၊ ကိုယ်ထိကာယလည်း မလုပ်ရဘူး၊ အဲဒါမျိုးတွေ ပြောနေမယ်ဆိုရင် ဦးဇင်း ဒီနေရာမှာရပ်ပြီး စောင့်မနေနိုင်ဘူး . .၊ ဆက်ပြီး သွားရပါလိမ့်မယ် . . .''ဟု ဦးဇင်းလေးက တင်းတင်းရင်း ရင်း ပြောလိုက်လေ၏။

''ဒီလိုတော့ မခြိမ်းခြောက်ပါနဲ့ ဦးဇင်းလေးရယ် . . .၊ တပည့်တော်မ ကြောက်ပါတယ်၊ ခဏလေးနော် . . .၊ခြေထောက်ကို ရေနည်းနည်းဆေးမယ်၊ မျက်နှာနည်းနည်းသစ်မယ်၊ ပြီးရင် ဆက်ပြီးတက်ကြတာပေါ့ . . .''ဟု ဆိုကာ မူယာသည် အနီးရှိ နီးခွက်ကလေးဖြင့် ရေတွင်းမှ ရေကို ကုန်းခပ်ပြီးလျှင် ထဘီကိုမ၍ ခြေထောက်ကို ဆေးလေ၏။ မ,သောအခါ အစပထမတွင် ခြေသလုံး အလယ်လောက်အထိသာ ထဘီကိုမသော်လည်း နောက်ပိုင်း၌ မည်သို့ဖြစ်သည်မသိ၊ ဒူးခေါင်းပေါ်သည်အထိ မလေ၏။

ရေကိုလည်း လိုအပ်သည်ထက်ပို၍ လောင်းနေ၏။ ပြီးလျှင် မျက်နှာသစ်၏။ မျက်နှာသစ်ရန် ခါးကိုညွတ်လိုက်သောအခါ၌ အပေါ်ဆုံး ကြယ်သီးသည် မည်သည့်အတွက်ကြောင့် ပြုတ်ထွက်မသိ . . .၊ ပြုတ်ထွက်နေ၏။

သို့ရာတွင် ဦးဇင်းလေးသည် မူယာအား ကျောခိုင်း၍ ရပ်နေပြီ ဖြစ်၏။ မူယာ၏ အပြုအမူများသည် သွေးရိုးသားရိုး မဟုတ်ဘဲ ကြိုးပမ်းချက်များဖြစ်ပါမူ အချည်းအနှီးဖြစ်သွားပြီဖြစ်၏။

ရေကျသောအသံ ရပ်သွားသောအခါ၌ ဦးဇင်းလေးသည်





ဆက်၍လျှောက်သွားနေပြီဖြစ်၏။ မူယာသည် နီးခွက်ကလေးကို 'ဂွပ်'ကနဲ ပစ်ချလိုက်ပြီးလျှင်–

''စောင့်တော်မူပါဦးဘုရား၊ တပည့်တော်မလိုက်ပါ့မယ်၊ ကြောက်လို့ပါ . . .၊ တပည့်တော်မ ကြားဖူးတဲ့ သီးချင်းကတော့ ဟိုတောင်တန်းကျတော့ . . .မောင်ထမ်းလို့ ခေါ်ပါ့မယ်တဲ့ . . .၊ အခုတော့ ဒီကချည်းပဲ နောက်ကပြေးလိုက်နေရတယ်၊ ဟီဟိ၊ သီချင်းက မဆုံးသေးဘူး . . .၊ ဟိုတောင်ရိုးကျတော့ မောင် . . . ဟဲဟဲ . . .၊ ဘာတဲ့ ဘာတဲ့ . . .၊ မောင်ပိုးလို့ ခေါ်ပါ့မယ်တဲ့ . . .၊ အခုတော့ ဒီလိုမဟုတ်ပါဘူး . . .၊ နောက်ကပြေးလိုက်နေရတာ . . .လျှာကိုထွက်နေပြီ . . .'' ဟုပြောလေ၏။ ဦးဇင်းလေးသည် တစ်စုံတစ်ရာ ပြန်၍မပြောဘဲ ပရိတ်တော်များကို ရွတ်ဖတ်၍ လာလေတော့၏။ အထူးသဖြင့် မေတ္တာသုတ်ကို ရွတ်ဖတ်လေ၏။ ထိုအခါ မူယာက–

''ဦးဇင်းလေး ဘာပြုလို့ မေတ္တာသုတ်ကိုချည်း ရွတ်နေရတာတုံး'' ဟုမေးရာ ဦးဇင်းလေးက–

''တောထဲရောက်လို့ မကောင်းဆိုးရွား၊ နာနာဘာဝ ခြောက်လှန့်တဲ့အခါမှာ မေတ္တာသုတ်ကို ရွတ်ရတယ်လို့ ဦးဇင်းလေးရဲ့ ဆရာတော်က မှာဖူးတယ် . . .''ဟု ပြောလိုက်လျှင် မူယာသည် မျက်လုံးကလေးပြူးသွားပြီး–

''မကောင်းဆိုးရွား . . .ဘယ်မှာလဲ . . .၊ တွေ့လို့လား'' ဟု မေးလိုက်ရာ ဦးဇင်းလေးက–

http://www.cherrythitsar.org



''ကျုပ်အဖို့တော့ ဟောဒီကျောင်းအမလေးဟာ မကောင်းဆိုးရွား နာနာဘာဝလိုပါပဲ၊ တကယ့်မကောင်းဆိုးရွား ခြောက်လှန့်လို့ ပျံလွန့်ရရင် တစ်ဘဝပဲ၊ ခင်ပျားတို့လို မာတုကာမမျိုးတွေကြောင့် သေရရင်တော့ သံသရာတစ်လျှောက်လုံး မျောတော့မယ်၊ ဦးဇင်းဟာ အထက်ဘဝင်တက်ဖို့ မိုးကိုမျှော်ထားတဲ့လူ၊ အောက်အဝီစိ မြေကြီးထဲကိုတော့ မဆင်းချင်ဘူး ဦးဇင်းတို့အဖို့ မိုးနဲ့မြေဟာ စည်းကြောင်းကလေးတစ်ခုပဲ ခြားတယ်'' ဟု တည် ကြည်ရဲရင့်သော အသံဖြင့်ပြောလိုက်လေ၏။

''အမယ်လေး တပည့်တော်မကိုများ နာနာဘာဝတဲ့၊ နာနာဘာဝဖြစ်ဖြစ် နာနာကွာကွပဲဖြစ်ဖြစ် တပည့်တော်မကတော့ ဦးဇင်းကို မြင်တဲ့နေ့ကစပြီး ဦးဇင်းတို့ပြောလေ့ရှိတဲ့ စကားရှိပါတယ်လေ၊ ဘာတဲ့ ...ဘာတဲ့၊ စက္ခုရူပေန၊ သံဝါသ၊ ပါဋ္ဌိတွေဘာတွေတတ်လို့ တော့မဟုတ်ဘူးနော် သီးချင်းကြားဖူးလို့ပြောတာ'' ဟု ပြောလိုက်လျှင် ဦးဇင်းလေးသည် တစ်စုံတစ်ရာ ပြန်၍မပြောဘဲ ရတနသုတ် ပရိတ်တော်ကို ရွတ်ဆိုစီးဖြန်းလာခဲ့လေ၏။

''ဦးဇင်းဘုရား ...ရတနသုတ် ပရိတ်တော်ကို ဘာကြောင့်ရွတ်ရတာလဲ ...'' ဟု မူယာက လျှောက်ထားရာ ဦးဇင်းလေးက–

''ဝေသာလီပြည်ကို ဘီလူးတွေ ဝင်တုန်းက ညီတော် အာနန္ဒာဟာ ရတနသုတ် ပရိတ်တော်ကို ရွတ်ဆိုစီးဖြန်းတဲ့ အတွက် ဘီလူးသရဲတို့ လွင့်ပျောက်ဖူးတယ်၊ အခုလည်း ဦးဇင်းရဲ့





အေး ချမ်းတဲ့ စိတ်နှလုံးကို ဘီလူးသရဲဝင်ဖို့ ကြိုးစားနေပြီ..၊ဒါကြောင့် ရတနာသုတ်ပရိတ်တော်ကို ရွတ်ဆိုစီးဖျန်းရတာ၊ ဒါမှလည်း ဘီလူးသရဲဟာ ကြောက်ရွံ့လန့်ပုန်း၊ သေဆုံးမတတ်ဖြစ်မှာ ...''ဟု မိန့်တော်မူလေ၏။ ထိုအခါ မူယာက–

''ဝေသာလီပြည်ဝင်တာ ဘီလူးပဲ ...၊ ဒီကဘီလူးမဟုတ်ဘူးလေ ...၊ ဘလူးဘလက် ...'' ဟု မခိုးမခန့် ရွတ်နောက်နောက် ပြန်၍ပြောလေ၏။ ထိုအခါ၌ ဦးဇင်းလေးသည် အပျိုကြီးမအိမ်၌ တည်းခိုသော ရှင်အနုရုဒ္ဓာ၏အကြောင်းနှင့် ထိုအရှင်အနုရုဒ္ဓကို အကြောင်းပြု၍ ဝိနည်းသိက္ခာပုဒ်တစ်ခု တိုးလာပုံကို အမှတ်ရမိသည့်အလျှောက် မြတ်စွာဘုရားအား စိတ်နှလုံးဖြင့် အကြိမ်ကြိမ် ဦးချကန်တော့လိုက်တော့သတည်း။

●

http://www.cherrythitsar.org



အခန်း ( ၅ )

# ကျိုက်ထီးရိုးမှအပြန်

မှူယာတို့သည် ကျိုက်ထီးရိုးဘုရားဖူးပြီး၍ အိမ်သို့ပြန်ရောက်ကြပြီဖြစ်၏။ အိမ်သို့ ရောက်သည်နှင့် မှူယာသည် အလုပ်ပေါလေတော့၏။ ပိုက်ဆံအလွန်ချမ်းသာသော မိန်းမတစ်ဦးက စိန်တစ်ဆင်စာ ဝယ်လိုကြောင်း အကြောင်းကြားသဖြင့် ထိုမိန်းမအိမ်သို့ မကြာခဏ စိန်များသွား၍ ပြနေရ၏။ ထိုမိန်းမကလည်း လွန်စွာဂျီး(ချေး)များနေ၏။ မှူယာပြသမျှသော စိန်ကို မကြိုက်ဘူးဟုချည်း

http://www.cherrythitsar.org



ငြင်းနေ၏။ မူယာသည် ဝယ်လက်လွတ်သွားမည်စိုးသဖြင့် ကြိုးပမ်း၍ စိန်ရောင်းမည့်သူကို ရှာနေရ၏။ နောက်ဆုံးတွင် ဒေါ်ခင်ဝင်း ဆိုသော မိန်းမကြီးတစ်ဦးထံမှ ဘယ်လ်ဂျီယံစိန်အစစ် တစ်ဆင်စာကို ရလေ၏။ ထိုဒေါ်ခင်ဝင်းမှာ တစ်ခါက ကျိုကျိုတက် ချမ်းသာခဲ့၏။ သို့ရာတွင် အိမ်ထောင်ရေးဖောက်ပြန်၍ လင်မယားကွဲသွားပြီးနောက် ဆင်းရဲမွဲတေသွားခဲ့ခြင်း ဖြစ်၏။ ထိုဒေါ်ခင်ဝင်း၏ စိန်များကို အညိုဟုခေါ်သည့် စိန်ပွဲစားမတစ်ဦးက မူယာအားလာ၍ပြခြင်းဖြစ်၏။ မူယာသည် ထိုစိန်များကို ကြည့်ပြီးနောက် ...

"မမညိုရယ် ... ဒီပစ္စည်းတွေက ရှေးပစ္စည်းတွေပဲ၊ လက်ရာကလည်း အတော့်ကို ကောင်းပါတယ်၊ ဘယ်လ်ဂျီယံ စိန် အစစ်တွေပဲ၊ ဒါမျိုးတွေ ဒီဘက်ခေတ်မှာ မတွေ့ရတာကြာပြီ ..." ဟု ပြောလိုက်ရာ အညိုက–

"စိန်ခင်ဝင်း ပစ္စည်းတွေလေ ..."ဟု ပြန်၍ ဖြေလေ၏။

"ဘယ်က စိန်ခင်ဝင်းလဲ..၊ မူယာဖြင့် မကြားဖူးပါဘူး" ဟု မူယာက ပြန်၍ဖြေလေ၏။

"မူယာ ဘယ်ကြားဖူးမလဲကွယ်၊ မမညိုထက်စာရင် မူယာက ဆားဗစ်နုသေးတာကိုး...၊မမညိုတို့ကတော့ စိန်လောကမှာ ရှေ့မီနောက်မီကိုးကွဲ့၊ အခု ဒီပစ္စည်းပိုင်ရှင်က ဒေါ်ခင်ဝင်းလို့ ခေါ်တယ်၊ ဘယ်တော့ပဲ ဝတ်ဝတ် စိန်ပဲဝတ်တယ်၊ ပုံစံအမျိုးမျိုး ဝတ်တယ်၊ သူ့ဆီမှာ စိန်တွေ ဘယ်လောက်ရှိမှန်းလည်း မသိဘူး၊





မမတို့ စိန်ပွဲစားတွေဟာ ရောင်းဖို့လာတာနဲ့ သူ့ကို အရင်ပြရတယ်၊ ဒေါ်ခင်ဝင်း မဝယ်မှ တခြားလူကို ပြရတယ် ..."ဟု အညိုက ပြောလေ၏။

"နေပါဦး မမညိုရယ် ...၊ သူတို့က ဘာအလုပ်လုပ်ကြတာတုံး..."ဟု မူယာက ပြန်၍မေးလိုက်လျှင် အညိုက–

"မမညိုသိသလောက်တော့ ဒေါ်ခင်ဝင်းရဲ့ ယောကျာ်းကြီး ဦးထွန်းလူဆိုတာက သစ်ကုန်သည်ကြီးပါပဲ၊ ဘိုးစဉ်ဘောင်ဆက် သစ်အလုပ်ကို လုပ်လာခဲ့ကြတာ ...၊ သစ်ထုတ်တဲ့လုပ်ငန်းကို ကိုယ်တိုင်လုပ်တာ ပြီးတော့ သစ်ဆိုင်ကြီး တစ်ဆိုင်လည်း ရှိသေးတယ်၊ အိမ်ထောင်ပရိဘောဂ အလုပ်ရုံလည်း ရှိသေးတယ်၊ ဆိုင်လည်းရှိတယ်၊ သစ်လုပ်ငန်းနဲ့ ပတ်သက်လာရင် ဟိုး အကြီးကြီးကနေ ဟိုး အသေးသေးလေးအထိ အကုန် လျှောက်လုပ်တယ်၊ သစ်နဲ့ပတ်သက်လာရင် ဘာမှ အလွတ်မပေးဘူး၊ သွားကြားထိုးနားပန်းတဲ့အရွယ်လောက်အထိ အလွတ်မပေးဘူး၊ သူ့ကို သစ်လောကမှာ သစ်ဘီလူးလို့ ခေါ်တယ်၊ အဲဒီ သစ်ဘီလူးကြီး ဦးထွန်းလူ ရှာသမျှကို သူ့မိန်းမ ဒေါ်ခင်ဝင်းက ဒိုင်ခံဖြုန်းတော့တာပဲ" ဟု ပြန်၍ပြောလေ၏။

"ဒါနဲ့နေပါဦး၊ ဒေါ်ခင်ဝင်းကြီးနဲ့ အဲဒီသစ်ဘီလူးနဲ့ ဘယ်လိုကြောင့် ကွဲသွားရတာလဲ" ဟုမူယာက မေးပြန်၏။

"ပျက်စီးချိန်တန်တော့လည်း ပျက်စီးသွားရတာပေါ့၊ ဒေါ်ခင်ဝင်းကြီးက နတ်ကို အလွန်ယုံတယ်၊ သူများတကာက ၃၇

http://www.cherrythitsar.org



မင်းပဲ ကိုးကွယ်တာ၊ သူက နတ်ကတော်ကိုပါ ပင့်ပြီး ၃၈ မင်း ကိုးကွယ်တာ၊ အဲဒီလို ကိုးကွယ်ရင်း မိန်းမလျာ နတ်ကတော်လေး တစ်ယောက်ကို ကိုးကွယ်မိပါရော ...အဲဒီ မိန်းမလျာလေးကလည်း မိန်းမလျာအစစ်မဟုတ်ဘူး၊ ကစုသီးလိုနှစ်ဖက်ချွန်လေ၊ အဲဒီ ကောင်လေးက ဒေါ်ခင်ဝင်းကြီးရဲ့ ပစ္စည်းတွေကို မြင်တော့ အတင်း လာလုံးတာပေါ့၊ သူတို့ပြောကြတာတော့ အဲဒီဒေါ်ခင်ဝင်းကြီးနဲ့ နတ်ကတော်လေးနဲ့ ဇာတ်လမ်းက အဲဒီတုန်းက လူချမ်းသာ အသိုင်းအဝိုင်းမှာ ပျံ့နှံ့သွားတော့တာပဲ၊ ဒေါ်ခင်ဝင်းကြီးက ဦးထွန်း လူကြီးကို သေကြောင်းကြံတယ်လေ၊ ဒါပေမဲ့ ဦးထွန်းလူကြီးက သတိကောင်းလို့ မသေပါဘူး၊ အိမ်ရော ပစ္စည်းတွေရော ထားခဲ့ပြီး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ဆင်းသွားတယ်၊ အဲဒီလို ဆင်းသွား ပြီး ပရဟိတလုပ်ငန်းတွေ လျှောက်ပြီးလုပ်တယ်၊ ဒေါ်ခင်ဝင်းကြီး ကတော့ သူ့ရဲ့လင်ငယ် နတ်ကတော်လေးကို ပြောင်ပြောင်တင်းတင်း သူ့ရဲ့အိမ်ပေါ်ကို ဆွဲတင်ထားလိုက်တယ်၊ ကောင်လေးက အိမ်ပေါ် လည်းရောက်ရော ဖြုန်းလည်းဖြုန်းတယ်၊ ဒေါ်ခင်ဝင်းကြီးကို ရိုက်လိုက်နှက်လိုက်၊ နှိပ်စက်တာလည်း မပြောပါနဲ့၊ နောက်ဆုံး မှာမွဲသွားတယ် ...၊ မွဲလည်းသွားရော ကောင်လေးက ခွာသွားတာပေါ့ ...၊ အဲဒီမှာ မျောက်မထားတဲ့ ဒေါ်ခင်ဝင်းဟာ မျောက်ဖြစ်ပြီး ကျန်ရစ်ခဲ့တော့ တာပေါ့ ...''ဟု အညိုက ပြောလေ၏။

''ဒေါ်ခင်ဝင်း ယောက်ျားကြီးကရော ဘယ်လိုဖြစ်သွား





လဲ... ''ဟု မူယာက မေးလိုက်လေ၏။

''ဒီလူကြီးက တောနယ်တွေသွား၊ ကလေးတွေကို စာသင်၊ ရေရှားတဲ့နေရာတွေမှာ ရေတွင်း၊ ရေကန်တွေတူးဖို့ လှူ့ဆော်၊ သူကိုင်တိုင်လည်း ဝင်တူး၊ အဲဒီလိုဟာတွေ လျှောက်လုပ်တယ်၊ သူ့ရဲ့ ကုသိုလ်ရေးက တော်တော်လက်တွေ့ကျတဲ့ ကုသိုလ်ရေးပဲ၊ အဲဒီ မရှိဆင်းရဲသားတွေကပဲ သူ့ကို ဝိုင်းဝန်းထောက်ပံ့ကြတာ... အရင်ကလို သစ်ဘီလူးမဟုတ်တော့ဘူး၊ ပရဟိတ ဦးထွန်းလူဖြစ် နေပြီ၊ ရပ်ထဲရွာထဲမှာ အရက်သောက်၊ ကြက်တိုက် လုပ်နေတဲ့လူ တွေလည်း ဦးထွန်းလူကောင်းမှုကြောင့် အရက်လည်း မသောက်ကြ တော့ဘူး၊ ကြက်လည်း မတိုက်ကြတော့ဘူး၊ အလုပ်ကို ကြိုးကြိုးစား စားလုပ်ပြီး အားတဲ့အချိန်မှာ ဦးထွန်းလူကြီးရဲ့ ပရဟိတ လုပ်ငန်းတွေ မှာ ဝိုင်းပြီးကူညီကြတယ်၊ နာမည်တော့ မေ့နေပါပြီ၊ တစ်ခေါက် တော့ ရောက်ဖူးတယ်၊ ဟိုး မြစ်ဝကျွန်းပေါ်က ချောင်းကြိုချောင်း ကြားက သွားရတဲ့ ရွာလေးပါ...''ဟု အညိုက ပြောလေ၏။

''မမညိုပြောသလိုဆို ဒီစိန်ဟာ ဒေါ်ခင်ဝင်းကြီးရဲ့ နောက်လင်ငယ်ဖြုန်းသွားတုန်းက ကျန်ခဲ့တဲ့ ပစ္စည်းပေါ့ ...'' ဟု မူယာက မေးလိုက်လေ၏။

''အမှန်ပေါ့ကွယ် ...၊ စားစရာမရှိအောင် မွဲနေတဲ့ ဒီမိန်းမကြီးဆီမှာ ကျန်နေတာဟာ ရိုးရိုးမဖြစ်နိုင်ဘူး၊ နတ်ဝှက်ထား တာပဲ ဖြစ်ရမယ်'' ဟုပြောကာ အညိုသည် ဟက်ဟက်ပက်ပက် ရယ်လေတော့၏။ မူယာသည် ထိုပစ္စည်းကိုယူ၍ လွန်စွာ ချေး

http://www.cherrythitsar.org



များသော မိန်းမအား ပြသရာ ထိုမိန်းမသည် ချက်ချင်းပင် စရံသတ်လေတော့၏။ တစ်ပတ်အတွင်း၌ အရောင်အဝယ် ဖြစ်သွားလေ၏။ ထိုသို့ အရောင်းအဝယ်ဖြစ်ခြင်းအတွက် ပွဲခမှာလည်း နှင့်ကနဲနေအောင် ရလိုက်လေတော့သတည်း။

**မငိုကျနှင့်ယမင်းကောင်**

ကျိုက်ထီးရိုးဘုရားဖူးမှ ပြန်လာပြီးနောက် မူယာ၏ဖခင် ဦးလှုဖေသည် အသည်းအသန် နေမကောင်းဖြစ်လေတော့၏။ အသက်အရွယ်နှင့် မလိုက်အောင် ခရီးပန်းသွားသဖြင့် ပြန်၍ နာလန်မထနိုင်အောင် ရှိသောကြောင့် သိက္ခမ်းသော အမျိုးသမီး ဆရာဝန်တစ်ယောက်ကို အပ်နှံ၍ ကုသနေရလေ၏။ ဦးဇင်းလေးလည်း မကြာခဏ လာ၍ကြည့်၏။ လူနာ၏ ခေါင်းရင်းဘက်တွင် ထိုင်ကာ ဘောဇဉ်သုတ်များ ရွတ်ဖတ်ပေးလေ၏။ ဦးလှုဖေလည်း ပက်လက်အနေအထားမှ လက်အုပ်လေး ချီကာ နာလေ၏။ ဦးလှုဖေ၏ ရောဂါသည် သက်သာသည်မရှိဘဲ တိုး၍သာ နေလေတော့၏။ မူယာလည်း ဦးဇင်းလေးအိမ်သို့လာတိုင်း သူ့အနေနှင့်ဦးဇင်းလေးကို မေတ္တာရှိနေကြောင်း အမျိုးမျိုးအဖုံဖုံသော အမူအရာတို့နှင့်ပြလေ၏။ ဦးဇင်းလေးမှာမူ မူယာသည် ပင်ကူမလေးကဲ့သို့ ပိုက်ကွန်ယက်ကာ မိမိအားယင်ကောင်ကို ဖမ်းသကဲ့သို့ဖမ်းနေကြောင်း ရိပ်စားမိလိုက်သောအခါ၌ မည်သို့သောအမူအရာကို လုပ်ပြသည်ဖြစ်စေ အနိစ္စ ဒုက္ခ အနတ္တဟူ၍ လက္ခဏာရေး သုံးပါး





ကိုရှုမှတ်၍သာ နေလေတော့ ၏။

တစ်နေ့တွင် ဦးလှုဖေကြီးသည် အနိမည်ပြု၏။ အနီးအနားတွင် လူမရှိသောကြောင့် မူယာနှင့်ဦးဇင်းလေးသာလျှင် ဆွဲထူ၍ ကုတင်စွန်းတွင် ဦးလှုဖေအနိန်နိုင်ရန် စီစဉ်ရလေတော့၏။ မူယာသည် ဦးဇင်းလေး၏လက်ကို သူ၏လက်နှင့်လာ၍ ထိထား၏။ ဦးဇင်းလေး သည် ရှိန်းကနဲဖိန်းကနဲဖြစ်သွား၏။ သို့ရာတွင် ဦးဇင်းလေးသည် လက်ချင်းထိနေသောနေရာကို အာရုံပို့၍ အနိစ္စ ဒုက္ခ အနတ္တဟု စိတ်တွင်းမှရွတ်ကာ ရှုမှတ်နေလေ၏။ မူယာကမူ ဖခင်ကိုပွေ့ထားရင်း သူ၏ မျက်ဝန်းနက်နက်ကြီးကို ပင့်၍ပင့်၍ ဦးဇင်းလေးအား မကြာ ခဏကြည့်လေ၏။ သို့မဟုတ် မေတ္တာခေတ်ဖြင့်ညို့လေ၏။ ဦးဇင်းလေး သည် စပါးကြီးမြွေအညို့ခံရသော သားကောင်ကဲ့သို့ ဖြစ်နေ၏။ သို့ရာတွင် ဦးဇင်းလေး၌ ခုခံရန် လက်နက်သည် ရှိ၏။ ထိုလက်နက်ကား အနိစ္စ ဒုက္ခ အနတ္တပင် ဖြစ်လေတော့သတည်း။

**မူညီမိသို့ ဘုရားဖူးတစ်ခေါက်သွားရန် စီစဉ်ပြ**

မူယာ၏ဖခင် ဦးလှုဖေကြီးသည် သေပေါက်သေဝမှ လွတ်မြောက်လာခဲ့ပြီဖြစ်၏။ ဦးဇင်းလေးလည်း မူယာ၏အိမ်သို့ မရောက်ဖြစ်တော့ပေ။ မူယာသာလျှင် ဦးဇင်းလေးထံသို့ ဆွမ်းလာ၍ ပို့၏။ တစ်နေ့တွင် မူယာသည် ဦးဇင်းလေးအားပုသိမ်ဘက်သို့ ဘုရားဖူးထွက်မည်။ သဘော်လက်မှတ်များ ဝယ်ပြီးပြီဟု လာရောက်

http://www.cherrythitsar.org



လျှောက်ထား၏။ ထိုသို့ လျှောက်ထားရာတွင် မူယာတစ်ဦးတည်း မဟုတ်ဘဲ စိန်ပွဲစား အညိုဆိုသူလည်းပါ၏။ မိမိ၏ ရှေးဟောင်းစိန်များကို ရောင်းချခဲ့သည့် ဒေါ်ခင်ဝင်းလည်းပါ၏။ ဦးဇင်းလေးသည် ဘုရားဖူးလိုက်မည် ဖြစ်ကြောင်းကတိပေးလိုက်လေ၏။ ထိုအခါ မူယာက–

''တပည့်တော်မဖြင့် ဝမ်းသာလိုက်တာ မပြောပါနဲ့တော့'' ဟု လျှောက်ထားလေ၏။ ဦးဇင်းလေးသည် တစ်စုံတရာ ထူးထူးခြားခြား မိန့်တော်မမူဘဲ ဘုရားဖူးရခြင်း၏ရည်ရွယ်ချက်၊ ဘုရားဖူးပို့ရသော သူများ၏ အကျိုးများပုံများကို ဟောပြောတော်မူလိုက်လေ၏။ မူယာတို့သုံးယောက်လည်း ပြန်ခဲ့ကြပြီဖြစ်၏။ လမ်းတွင် ဒေါ်ခင်ဝင်းက

''အတော်ချောတဲ့ ဦးဇင်းလေးပဲ၊ အသံတော်ကလည်း တည်ငြိမ်ပြီး သြဇာဓာတ်ပါလိုက်တာ မပြောပါနဲ့တော့၊ ငါဖြင့် ကြည်ညိုလိုက်တာ မပြောပါနဲ့တော့ဟယ်''ဟု ပြောလေ၏။ ထိုအခါ အညိုက–

''အနန္တဝင်းထက် ကြည်ညိုတဲ့လူရှိတယ်၊ အဲဒါဘယ်သူမှတ်သလဲ၊ ဟောဒီ မူယာပဲ၊ မဂိုလမ်း(ရွှေဘုံသာလမ်း) ကိုရောက်တဲ့အခါ စိန်အကြောင်း၊ ရွှေအကြောင်း၊ ကျောက်အကြောင်း မပြောဘူး၊ ဦးဇင်းလေးအကြောင်းပဲ ပြောတယ်'' ဟု ပြောလိုက်ရာ ဒေါ်ခင်ဝင်းသည် မျက်ခုံးနှစ်ဖက်ကို ပင့်လိုက်လေ၏။ ပြီးလျှင် မူယာ၏မျက်နှာကို ကြည့်လိုက်လေ၏။ ထိုသို့ ကြည့်ပြီးနောက်–





''မူယာက ဦးဇင်းလေးကို မျက်စိကျနေတယ်ထင်တယ်၊ မြောက်ပေးတာတော့ မဟုတ်ဘူးနော်၊ ဖြစ်တတ်တာကိုပြောတာ၊ အပင်မှာ သူ့ဟာသူပွင့်နေတဲ့ပန်းကလေးကို ကိုယ်ကအစောကြီးမြင်တယ်၊ ဒါပေမဲ့ မခူးရက်လို့ မခူးဘူး၊ တအောင့်လောက်ကြာလို့ ပြန်လာပြီးလည်းကြည့်ရော ပန်းလေးဟာမရှိတော့ဘူး၊ ခူးရက်တဲ့လူက ခူးသွားပြီ။ အဲဒီတော့မှ စောစောကငါခူးလိုက်ရင် အကောင်းသားဆိုပြီး ယူကြုံးမရဖြစ်ရတော့တာပဲ၊ အဲဒီလိုမဖြစ်ဖို့တော့ အရေးကြီးတယ်'' ဟု ပြောလေ၏။

''မူယာ မရက်ပါဘူး၊ မူယာ့နှလုံးသားထဲမှာ ဦးဇင်းလေးရောက်နေပါတယ်၊ အနန္တဝင်းပြောသလို အဲဒီပန်းကလေးကို မခူးလို့တော့မဖြစ်ဘူး၊ သူများလက်ဦးသွားမယ်'' ဟု မူယာကပြန်၍ ပြောလေ၏။ အညိုသည် ရယ်၍–

''မူယာရေ အဲဒါ သိပ်ပြီးအပြစ်ကြီးတယ်၊ ကျောင်းကြီးမဖျက်ဆိုတာ အဲဒါမျိုးကိုခေါ်တာ၊ ငရဲအိုးကို ဖောက်ထိုးကျလိမ့်မယ်''ဟု ပြောလေ၏။

''အဲဒါကို ကြောက်လို့ပေါ့ မမညိုရယ်၊ မကြောက်များ မကြောက်ရင် မူယာကစပြီး မိန်းမတန်မဲ့ သူ့ကိုဖက်ပြီး နမ်းမိမလားမဆိုနိုင်ဘူး'' ဟု မူယာကပြောလိုက်လျှင် ဒေါ်ခင်ဝင်းနှင့်အညိုတို့သည် ဝါးကနဲ ရယ်လိုက်ကြလေ၏။ ထိုအခါ မူယာက–

''ရယ်နိုင်ကြတာပေါ့၊ မူယာ ဘယ်လိုခံစားနေရတယ် ဆိုတာကို သိမှမသိဘဲကိုး၊ သိရင်မူယာကို သနားကြမှာပါ'' ဟု

http://www.cherrythitsar.org



ပြောရင်း မျက်ရည်စများကို သုတ်လေ၏။ ထိုအခါ ဒေါ်ခင်ဝင်းကြီးက

“မငိုပါနဲ့ မူယာရယ် ညည်းအနေနဲ့ငရဲအိုးကို ဖောက်ထိုးကျမယ့်ကိစ္စကို အန်တီအနေနဲ့ အဖက်ဖက်က ကူညီမှာပါ” ဟု ပြော လိုက်လျှင် အညိုကရယ်ပြန်လေ၏။ မူယာကမူ ဒေါ်ခင်ဝင်း၏ရင် ဘတ်ကို လက်သီးလေးဖြင့် မနာမကျင် ထုနေလေတော့သတည်း။

**မူယာဖွင့်ဟချက်**

ပုသိမ်သဘော်ကြီးသည် စတင်၍ ထွက်နေပြီဖြစ်၏။ မူယာသည် ဦးဇင်းလေးအား ကရင်မိဆိုဒါတစ်လုံး ဖောက်၍ကပ်လေ၏။ ဦးဇင်းလေးလည်း ကရင်မိဆိုဒါကို သောက်ပြီးနောက်–

“ဦးဇင်းတို့ အခုသွားပြီးဖူးကြမယ့် ရွှေမုဋ္ဌောစေတီဟာ သီရိဓမ္မာသောကမင်းကြီး လှူတန်းခဲ့တဲ့စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်ထဲမှာ အပါအဝင်ဖြစ်တယ်၊ ဟိုတုန်းကတော့ ဒီနေရာကို အတိသဥ္စာ နာဂရမြို့လို့ ခေါ်တာပေ့ါ၊ မူလဘွဲ့တော်က ရွှေအာဏာရယ်လို့ ဖြစ်တယ်။ နောက်မှ ရွှေမုဋ္ဌောဖြစ်လာတာ၊ အလောင်းစည်သူမင်းကြီး ပင်လယ်ဘက်ကို တိုင်းခန်းလှည့်လည်လာတဲ့အခါမှာ လုံးပတ်တော် ၁၂ တောင်၊ အမြင့် ၂၄ တောင်အထိ တိုးမြှင့်ပြီး တည်တော်မူကာ ဝတ္တကမြေလည်း လှူတော်မူတယ်၊ သက္ကရာဇ် က ၄၅ရလို့ မှတ်သားဖူးတယ်၊ အဲဒီအချိန်မှာပဲ ရွှေမုဋ္ဌောရယ်လို့





တွင်နေပြီ၊ ဟံသာဝတီဆင်ဖြူရှင် မင်းလက်ထက်မှာ ရွှေသင်္ကန်းအပြည့်ကပ်လှူတော်မူတယ်၊ သက္ကရာဇ် ၁၁၉၀ ခုနှစ်မှာ လေမုန်တိုင်းတိုက်လို့ ထီးတော် မြေခဖူးတယ်၊ ဘကြီးတော်မင်းက ကိုယ်စားလူယုံတွေ လွှတ်ပြီး ထီးတော်ပြန်တင်ခဲ့တယ်၊ ၁၂၄၂ ခုနှစ် တော်သလင်းလပြည့်ကျော် ၁၂ ရက်နေ့မှာ လျှင်ဒဏ်ကြောင့် စိန်ဖူးတော်မြေခဖူးတယ်၊ ဦးလူးဆိုတဲ့ ဒကာကြီးက ပြန်ပြီးတင်ထားတာ၊ ဖောင်းရစ်တော်ကိုလည်း အမြင့် ၃၂တောင် ၂ မိုက်အထိ တိုးမြှင့်ခဲ့တယ်၊ ဒါကြောင့် ဗိနပ်တော်က ငှက်ပျောဖူးအထိ ဉာဏ်တော် ၈၂၊ ထီးတော်အမြင့် ၂၃ တောင်၊ စုစုပေါင်း ၁၀၅ တောင်မြင့်တော် မူတယ်” ဟု မိန့်တော်မူလေ၏။ မူယာသည် ဦးဇင်းလေး၏ မျက်နှာကို ငေးမောကြည့်ရှု၍ နားထောင်လေ၏။ ထို့နောက်တွင်ကား မူယာတို့ မိန်းမသုံးဦးသည် တစ်ယောက် တစ်လှည့်စကားတတွတ်တွတ်ပြောလာ ကြလေ၏။ ဦးဇင်းလေးမှာမူ အနိစ္စ ဒုက္ခ အနတ္တဟူသော လက္ခဏာကြီးသုံးပါးကို ရှုပွားဆင်ခြင်၍ နေလေတော့၏။

http://www.cherrythitsar.org





## အခန်း ( ၆ )

ဦးပဍင်းလေးသည် ပုသိမ်ဖက်မှ ဘုရားဖူးပြန်လာပြီး နောက်မမာမကျန်း ဖြစ်လေတော့၏။ ဘုရားဖူးသွားစဉ်၌ပင် ဆွမ်းကောင်းကောင်းမစားဟု သိရ၏။ ကျောင်းသို့ ပြန်ရောက်သော အခါ၌လည်း နေမကောင်းသောကြောင့် ဆွမ်းစားအလွန် နည်းသွားပြီဖြစ်၏။ ဦးပဍင်းလေးကို ကြည့်ရသည်မှာ စိတ်မချမ်းမြေ့မှုများကို ခံစားနေရသည်ဟု သိသာနိုင်၏။ တစ်နေ့တွင် ဦးပဍင်းလေးသည် ၎င်း၏ ဆရာတော်ထံသို့ စာတစ်စောင် ရေးသားပေး

ပို့ ဆက်ကပ်လေ၏။ ထိုစာထဲတွင် ရဟန်းဘဝတွင် ပျော်ပိုက်ခြင်း မရှိတော့ကြောင်း ဖော်ပြထား၏။ မြင့်မြတ်သော ရဟန်းဘဝကို စွန့်လွှတ်၍ ယုတ်နိမ့်သော လူဘဝသို့ ပြောင်းလဲသွားမည့် တပည့်အား အစဉ်သနားရန် လျှောက်ထားတောင်းပန်ခဲ့၏။

ကျန်းမာရေးသည် အခြေအနေ ဆိုးသည်ထက်ဆိုးလာ၏။ နောက်ဆုံးတွင် ၎င်းတည်းခိုနေထိုင်ရာ ကျောင်းမှ ဆရာတော်ထံ တွင်ပင် ခွင့်ပန်၍ သိက္ခာချကာ လူဝတ်လဲလိုက်လေတော့၏။ သက်သာခြင်းမရှိပဲ ခွန်အားဆုတ်ယုတ်လာသဖြင့် ဆေးရုံသို့ ပို့ရလေ၏။ နှစ်လခန့် ဆေးရုံတက်ရပြီးနောက် ပြန်၍ နာလန်ထလာသောကြောင့် ဆေးရုံမှ ဆင်းရလေ၏။ ဆေးရုံမှ ဆင်းလာသောအခါ၌လည်း အိမ်တွင်ထားရန် မသင့်သောကြောင့် မူယာ၏ ဖခင်သည် ဗိုလ်ချုပ်လမ်းပေါ်ရှိ တိုက်ခန်းတစ်ခန်းကို ငှားရမ်းကာ ထိုတိုက်ခန်း၌ပင် ယောက်ျားသူနာပြုတစ်ဦးနှင့်အတူ ထားလေ၏။ နေထိုင်ကောင်းလာသောအခါ မူယာသည် လူတစ်ယောက်နှင့်အတူ ထိုအခန်းသို့ ရောက်လာ၏။ ထို့နောက် ၎င်းနှင့်ပါလာသောသူအား "ဆရာ သူပဲ၊ သူ့ကို နာမည်ကောင်းကောင်း တစ်ခုပေးချင်တယ် . . ." ဟု ပြောလေ၏။ ထိုအခါ ယောက်ျားသူနာပြုက–

"မမူယာ ဘာလဲ . . ." ဟု မေးလေ၏။

"ဩော်. . .ဆရာလေးရယ်. . .ဒီလိုပါ၊ သူက အခုလူ့ဘဝကို ရောက်နေပြီ မဟုတ်လား။ အဲဒီတော့ လူ့ဘဝမှာ အကျိုးပေးမယ့် နာမည်လေးတစ်ခု မှည့်ချင်လို့ပါ။ ယယ်နာမည်တွေ၊ ဘာတွေလည်း





မသုံးချင်ဘူး။ ဒီဆရာကြီးက နာမည်မှည့် သိပ်တော်တာ၊ နာမည်မှည့်ချင်ရင် သူ့ဆီပဲ သွားကြတာများတယ်၊ နာမည်ကြီး ဗေဒင်ဆရာကြီးပေါ့. . ."ဟု မူယာက ပြောလေ၏။

မူယာခေါ်လာသော ဗေဒင်ဆရာကြီးသည် မွေးသက္ကရာဇ်များ မေးမြန်းကာ တွက်ချက်၍–

"စနေသားဖြစ်လေတော့ ဗုဒ္ဓဟူးရယ်၊ ကြာသပတေးရယ်၊ တနင်္ဂနွေရယ်တွဲပြီး ပေးရမယ်၊ ဒါကြောင့် လူမင်းဦးလို့ အမည်မှည့်ပေးလိုက်တယ် . . ." ဟု ပြောလိုက်လျှင် မူယာသည် သဘောကျ၍ လက်ခုပ်လက်ဝါးတီးလေ၏။ ထို့နောက်–

"နားထောင်နော်၊ အခုချိန်ကစပြီး မည်တွင်သညာ ခေါ်စရာကား မောင်လူမင်းဦး . . .၊ အသက် ၁၂၀ ကျော်ရှည်စေသော်ဝ် ဖြစ်သွားပြီနော်၊ ကိုယ့်နာမည်လည်း ကိုယ်မှတ်ထားဦး၊ သူနာပြုဆရာလေးကလည်း အဲဒီနာမည်ပဲ ခေါ်ရမယ်နော်၊ တစ်ခါမှားပြီးခေါ်တိုင်း လခထဲက ငါးရာဖြတ်မယ် . . ." ဟု မူယာကဆိုကာ နာမည်ပေးကောင်းလှသည်ဆိုသော ဗေဒင်ဆရာကြီးနှင့်အတူ ပြန်သွားလေတော့၏။

နောက်တစ်နေ့တွင် မူယာသည် လူတစ်ယောက်ကို ခေါ်လာပြန်၏။ သူနာပြုဆရာလေးက–

"ဘာလဲ . . ." ဟု မေးပြန်ရာ

"ကိုလူမင်းဦးကို ဆံပင်ညှပ်ပေးမလို့၊ ဗိုလ်ချုပ်ဈေးထဲက နာမည်ကြီးဆိုင်ကာ ဆံပင်ညှပ်ဆရာကို ပင့်လာခဲ့တာ . . ." ဟု

http://www.cherrythitsar.org



မူယာက ပြောလေ၏။ ထို့နောက်တွင်ကား ဆံပင်ညှပ်ဆရာသည် လူမင်းဦး၏ ထိုးထိုးထောင်ထောင် ဖြစ်နေသော ဆံပင်များကို ညှပ်ပေးပြီးပေးလေ၏။ ထိုအခါ မူယာက–

''ကိုလူမင်းဦး . . .မှန်မှာ ကြည့်စမ်းပါဦး၊ ဘယ်လောက်လှသွားပြီလဲ၊ ဘယ်လောက်ချောသွားပြီလဲ၊ ဘရိုင်းကရင်း တစ်ပုလင်း ဝယ်လာခဲ့ဦးမယ်၊ ခေါင်းလမ်းဖို့ . . .''ဟု ပြောလေ၏။ သို့ရာတွင် လူမင်းဦးသည် တစ်စုံတရာ ပြန်၍ပြောဆိုခြင်း မပြုဘဲ တစ်နေရာသို့ ငေးစိုက်နေလေ၏။ ထို့ကြောင့် မူယာက–

''ကဲပါ . . . ဘာစားဦးမလဲ၊ မူယာဝယ်ခဲ့မယ် . . . ကိုလူမင်းဦး . . .'' ဟု ပြောကာ မူယာသည် သူ့ဖာသူ သဘောကျ၍ ရယ်လေ၏။ ထိုသို့ ရယ်ပြီးနောက်–

''နာမည်ကြီးကလည်း ခေါ်ရတာ ရှည်လိုက်တာ၊ ဘာပဲဖြစ်ဖြစ် ကိုလူလို့ပဲ ခေါ်တော့မယ်နော် . . .နော် . . .နော်''ဟု ကနွဲ့ကလျလေးပြော၍ ဆံပင်ညှပ်ဆရာနှင့်အတူ ပြန်သွားလေတော့၏။

ညနေသုံးနာရီခန့်တွင် မူယာ ပြန်၍ရောက်လာပြန်၏။ ကော်ပြန့်စိမ်းများ၊ လက်ဖက်ရည်များလည်း ပါလာ၏။ လက်ဖက်ဝင်းနှင့်အတူ လူတစ်ယောက်လည်းပါလာလေ၏။ ထိုသူမှာ စက်ဆရာဟုသိရ၏။ သူနာပြုဆရာလေးက မူယာ့အား

''ဘာလဲ . . .''ဟု မေးပြန်၏။

''ဗိုလ်ချုပ်ဈေးထဲက နာမည်ကြီး အပ်ချုပ်ဆိုင်က စက်





ဆရာကြီးကို ခေါ်လာတာ၊ ကိုလူ့အတွက် အင်္ကျီတွေ ဘာတွေ ချုပ်ပေးဖို့လေ . . .''ဟု မူယာက ပြောလေ၏။ သူနာပြု ဆရာလေးလည်း ခေါင်းတဆတ်ဆတ် ညိတ်လေ၏။ စက်ဆရာသည် လူမင်းဦး၏ ကိုယ်တိုင်းကို ပေကြိုးဖြင့် အကျအနတိုင်းလေ၏။ မူယာလည်း မည်သို့မည်ပုံ ချုပ်ရမည်ကို စက်ဆရာကြီးအား မှာကြားလေ၏။ စက်ဆရာကြီးတွင် ပါလာသော အထည်အစများကို မူယာကိုယ်တိုင် ရွေးချယ်၏။ ထို့နောက် မူယာနှင့် စက်ဆရာလည်း ပြန်သွားကြလေ၏။

သူနာပြုဆရာလေးသည် မူယာဝယ်လာသော ကော်ပြန့်စိမ်းနှင့် လက်ဖက်ရည်ကို စားသောက်ရင်း–

''ကိုလူတို့က . . .ကံကောင်းပါ့ဗျာ . . .လူချင်းသာ လဲပစ်လိုက်ချင်တာပဲ'' ဟု ပြောရာ လူမင်းဦးက–

''ဆရာလေးက ကံကောင်းတယ်လို့ ထင်နေတာကိုး၊ အမှန်က ကံဆိုးတာ၊ ကျုပ် သိပ်ပြီးကံဆိုးတယ်ဗျာ၊ ကျုပ်က မိုးကို မျှော်တာ . . . ဒါပေမဲ့ မဖြစ်တော့ပါဘူးဗျာ၊ ကျုပ်ရဲ့ရုပ်ဟာ မလိုအပ်ဘဲ အရမ်းကြီးလှနေတယ်၊ အဲဒါကို ကျုပ်အတွက် စိတ်ဆင်းရဲစရာတွေ ဖြစ်စေတော့တာပဲ၊ ဘာပဲဖြစ်ဖြစ်လေ . . . ကံကိုပဲ ပုံချရတော့မှာပဲ . . .''ဟု ဆွေးဆွေးမြေ့မြေ့ ပြောလိုက်လေတော့၏။

နောက်တစ်နေ့နံနက်ပိုင်းတွင် မူယာရောက်လာ၏။ သူနှင့်အတူ လူတစ်ယောက် ပါလာပြန်၏။ ထိုအခါ သူနာပြုဆရာ

http://www.cherrythitsar.org



လေးက–

''ဘာလဲ ...'' ဟု မေးပြန်၏။

''သူနာမည်က ဇော်ဝင်းလို့ခေါ်တယ်၊ လမ်း (၃၀) မှာ သူက နားကလော်တယ်၊ လက်သည်း ခြေသည်းလှီးတယ်၊ ကိုလူ့ကို နားကော်ပေးမယ်၊ ခြေသည်းလက်သည်း လှီးပေးရမယ်လေ'' ဟု မူယာက ပြောလေ၏။ ထို့နောက် ဇော်ဝင်းသည် လူမင်းဦးအား ခွေးခြေတွင် ထိုင်ခိုင်းပြီး နားကော်လေ၏။ လူမင်းဦးသည် သူတစ်ပါး၏ နားကော်ပေးခြင်းကို တစ်ကြိမ်တစ်ခါမျှ ခံဖူးခြင်း မရှိရကာ ယခုကဲ့သို့ နားကော်ခံရသောအခါ၌ နားကို ထိုးမိမည်စိုးသဖြင့် အထိတ်တလန့် ဖြစ်၍နေလေ၏။ ထို့နောက် ဇော်ဝင်းဆိုသူသည် လူမင်းဦး၏ ခြေသည်းလက်သည်းများကို လှီးပေးပြန်လေ၏။ အလုံးစုံ ပြီးသောအခါ၌ မူယာက–

''ကိုလူ ဘာစားဦးမလဲ၊ မူယာဝယ်ခဲ့မယ်လေ ...'' ဟု မေးပြန်လေ၏။ လူမင်းဦးက တစ်စုံတစ်ရာ ပြန်၍မပြောသော်လည်း သူနာပြုဆရာလေးက–

''ဖက်ထုပ်ကောင်းတယ်၊ ဖက်ထုပ်ကောင်းတယ် ...'' ဟု ဝင်၍ ပြောလေ၏။ အမှန်စင်စစ်အားဖြင့် လူမင်းဦးသည် မည်သည့် သရေစာမျှ စားသောက်ခြင်း မပြုဖူးရကား မူယာက–

''ဘာစားဦးမလဲ၊ မှာပါ ...'' ဟု ပြောသောအခါ၌ မမှာတတ်ရှာပေ။ သို့ရာတွင် သူနာပြု ဆရာလေးက မှာတတ်သည်ဖြစ်ရာ–





''ဖက်ထုပ်ကောင်းတယ်၊ ဖက်ထုပ်ကောင်းတယ် ...''ဟု ဘေးမှဝင်၍ ပြောရခြင်းဖြစ်၏။ မူယာလည်း ပြုံး၍ ထွက်သွားလေ၏။

နေ့လယ် ထမင်းစားပြီးချိန်လောက်တွင် မူယာတစ်ခေါက် ရောက်လာပြန်၏။ သူနှင့်အတူ လူငယ်တစ်ယောက်လည်း ပါလာ၏။ သူနာပြုဆရာလေးက–

''ဘာလဲ ...''ဟု မေးပြန်၏။ ထိုအခါ မူယာက–

''ကိုလူက ဆေးရုံပေါ်မှာလည်း အကြာကြီး နေခဲ့ရတယ်၊ အခုလည်း ဘယ်မှသွားတာ မဟုတ်ဘူး၊ အညောင်းမိနေတာ၊ သူနာမည်က ပေါက်စတဲ့၊ အနှိပ်ဆရာလေး ...၊ သိပ်ပြီးတော်တာပဲ၊ သူ့အဖေလည်း အရင်က အနှိပ်ဆရာကြီးပဲ၊ သူ့အစ်ကိုတင်လှဆိုတာလည်း အနှိပ်ဆရာပဲ၊ သူ့ညီ သောင်းမြင့်ဆိုတာလည်း အနှိပ်သိပ်ကောင်းတာ၊ ဟောဒီပေါက်စက ကိုလူ့ကို တစ်ပတ်နှိပ်ပေးမယ်၊ ဒါမှ အညောင်းတွေပြေပြီး အကြောတွေ လျော့ကုန်မှာ ...''ဟုပြော၍ ပေါက်စကို ထားခဲ့ကာ မူယာသည်ပြန်သွားလေတော့၏။ ဝယ်လာသော ဖက်ထုပ်နှင့်လက်ဖက်ရည်ကို သူနာပြုဆရာလေးအား အပ်နှံခဲ့လေ၏။

လူမင်းဦးလည်း အနှိပ်ခံလေ၏။ ပေါက်စသည် အနှိပ်ခံသူအား အိပ်ခိုင်းခြင်းမပြုဘဲ ခုံမှာထိုင်ခိုင်းပြီး နောက်မှနေ၍ ပခုံးနှစ်ဖက်ကို လက်ဝါးစောင်းဖြင့် တပြောင်းပြောင်းနှင့် ခုတ်၏။ ကျောကို လက်ဖနောင့်ဖြင့်တွန်း၏။ ခြေထောက်ကို လုန်၍ တွန်း၏။

http://www.cherrythitsar.org



ခေါင်းမှ ဆံပင်များကို လက်နှစ်ဖက်ဖြင့် ဖွ၏။ ခေါင်းကိုလက်ခုပ်ဖြင့် ထု၏။ ကျေနပ်အောင် ထုထောင်းပြီးနောက် ပေါက်စလည်း ပြန်သွား၏။ လူမင်းဦးလည်း အိပ်ရာပေါ်တွင် ပက်လက်လှန်ချလိုက်သည်နှင့်တစ်ပြိုင်နက် အိပ်ပျော်ခြင်းသို့ ရောက်လေတော့၏။

နောက်တစ်နေ့တွင် မူယာရောက်လာပြန်၏။

''ကိုလူ . . . ကိုလူ့အတွက် ဖိနပ်တွေဝယ်လာတယ်'' ဟုဆိုကာ မူယာက ဖိနပ်အမျိုးမျိုးကို လူမင်းဦးအား ပေးလေ၏။ လူမင်းဦးသည် မူယာဝယ်လာသော ဖိနပ်များကို တစ်ရံပြီးတစ်ရံ စီး၍ ကြည့်နေ၏။ မူယာလည်း လူမင်းဦးအားဤကဲ့သို့ သူဝယ်လာသော ဖိနပ်များကို စိတ်ဝင်တစား စီးနေသောကြောင့် လွန်စွာဝမ်းမြောက်နေ၏။ ထို့နောက် မူယာပြန်သွားလေတော့၏။

ငါးရက်ခန့်ကြာသောအခါ၌ မူယာသည် အထုပ်အပိုးများနှင့် ရောက်လာပြန်၏။ မူယာနှင့်အတူ လူတစ်ယောက်လည်း ပါလာ၏။ ထိုအခါ၌ သူနာပြုဆရာလေးက– ''ဘာလဲ''ဟု မေးပြန်လေ၏။

''ကိုလူ့အတွက် အဝတ်အစားတွေ ချုပ်ထားတာလေ၊ အဲဒါတွေ ယူလာတာ၊ ပြီးတော့ ဟော့ဒီကိုဆန်နီကိုလည်း ထားခဲ့မှာ၊ ကိုဆန်နီက ဘယ်လိုဝတ်ရတယ်ကအစ လိုအပ်တာတွေအားလုံးကို ကိုလူ့ကို ပြပေးလိမ့်မယ် ...'' ဟု မူယာက ပြောလေ၏။

ထို့နောက် မူယာက–





''ဘာစားဦးမလဲ ...ကိုလူ'' ဟု မေးပြန်၏။ လူမင်းဦးက တစ်စုံတစ်ရာ မပြောသော်လည်း သူနာပြုဆရာလေးကမူ–

''ဖက်ထုပ်ကောင်းတယ်၊ ဖက်ထုပ်ကောင်းတယ် . . .'' ဟု ဝင်၍ပြောလေ၏။ မူယာပြန်သွားသောအခါ၌ ကိုဆန်နီသည် လူမင်းဦးအား အင်္ကျီဝတ်ပုံ၊ ပုဆိုးဝတ်ပုံ၊ ဘောင်းဘီဝတ်ပုံမှအစ လမ်းလျှောက်ပုံကိုပါ သင်ပြပေးလေ၏။ ဤသို့လျှင် ကိုဆန်နီက သင်ပြပေးရသည်ဆိုသည်မှာ အလုပ်တစ်ခုမဟုတ်ပေ။ သင်ပြမပေးပါက လူမင်းဦးသည် ပုဆိုးကိုပင် ကောင်းစွာ မဝတ်တတ်ပေ။ ပုဆိုးကို ဝတ်သောအခါ၌ ရှေ့တွင် မချည်ဘဲ ခေါက်၍ အပေါ်သို့ လိပ်ကာ တင်ထားတတ်၏။ လမ်းလျှောက်သောအခါ၌လည်း လက်ကို နှစ်ဖက်လွှဲ၍ မလျှောက်တတ်ပေ။ ဘယ်ဘက်လက်သည် ခန္ဓာကိုယ်နှင့် ထိ၍ ငြိမ်နေရုံမက ပခုံးတစ်ဖက်သည် အပေါ်ဘက်သို့ ကြွတက်နေ၏။ ထမင်းစားသောအခါ၌လည်း တစ်စုံတစ်ခုကို တစ်စုံတစ်ယောက်က စားပွဲပေါ်တွင် လာ၍တင်တိုင်း စားပွဲခုံကို လက်ဖြင့် လှမ်း၍ကိုင်ထားတတ်လေ၏။ ထို့ကြောင့် ကိုဆန်နီသည် လူမင်းဦးအား ဝတ်ပုံစားပုံကို အသေးစိတ်သင်ပြပေး၏။ အကျင့်ပါသည်များကို ဖျောက်ပေး၏။ ကိုဆန်နီသည် လူမင်းဦးအား သင်ပြပေးနေသည်မှာ ငါးရက်ခန့်ရှိပြီဖြစ်၏။ ထိုငါးရက်အတွင်း မူယာရောက်လာခြင်း မရှိပေ။ ကိုဆန်နီ၏ ပြောပြချက်အရ မူယာ၏ဖခင်ကြီး တရားရိပ်သာ ဝင်နေသည့်အတွက် မူယာတစ်ယောက် အလုပ်ရှုပ်နေသည်ဟု ဆို၏။

http://www.cherrythitsar.org



ငါးရက်မြောက်သောနေ့တွင် ကိုဆန်နီပြန်သွား၏။ မူယာလည်း ရောက်လာ၏။ မူယာသည် လူမင်းဦး အဝတ်အစားများ အချိုးကျစွာ ဝတ်တတ်သွားသည်ကိုမြင်လျှင် လွန်စွာမှ ကျေနပ်သွားလေ၏။

ထို့နောက် လူမင်းဦးအား ရုပ်ရှင်ရုံသို့ ခေါ်သွားပြီး ရုပ်ရှင်ပြရန် သူနာပြုလေးအား ပိုက်ဆံအပြည့်အစုံပေးလေ၏။ သူနာပြုဆရာလေးလည်း နေ့စဉ်နေ့တိုင်းလိုလို လူမင်းဦးအား ရုပ်ရှင်ရုံများသို့ ခေါ်သွား၍ ရုပ်ရှင်ပြသလေ၏။ ရန်ကုန်မြို့တွင်ရှိသော ရုပ်ရှင်ရုံ အားလုံးနီးနီးတွင် ပြသလျက်ရှိသော ရုပ်ရှင်ဇာတ်ကားများကို လူမင်းဦးနှင့် သူနာပြုဆရာလေးတို့သည် ကုန်စင်အောင် ကြည့်ပစ်လိုက်လေတော့၏။

ထို့နောက် မူယာက လူမင်းဦး မရောက်ဖူးသော နေရာများသို့ ခေါ်သွားရန် သူနာပြုဆရာလေးအား ပိုက်ဆံအပြည့်အစုံ ပေး၍ စေလွှတ်ပြန်၏။ သူနာပြုဆရာလေးသည် လူမင်းဦးအား စားသောက်ဆိုင်ပေါင်းစုံသို့ ခေါ်သွားလေ၏။ ထို့အတူ လူမင်းဦး မရောက်ဖူးသော နေရာအနှံ့အပြားသို့လည်း ခေါ်သွားလေ၏။

တစ်နေ့တွင် မူယာရောက်လာပြန်၏။ မူယာနှင့်အတူ လူတစ်ယောက်လည်း ပါလာ၏။ ထိုအခါ သူနာပြုဆရာလေးက–

''ဘာလဲ ...'' ဟု မေးပြန်လေ၏။

''ဂျစ်ကားတစ်စီးပါ ယူလာတယ်၊ ဂျစ်ကားက ဒီမှာထားမယ်၊ သူက ကိုလူ့ကို ကားမောင်းသင်ပေးမှာ၊ ကိုလူ ကားမောင်း





တတ်ပြီး လိုင်စင်ရမှကို ပြန်မှာ၊ ဒီမှာနေလိမ့်မယ်၊ သူ့နာမည်က ကိုကြည်ဝင်းတဲ့ ...'' ဟု မူယာက ဆိုကာ ကားဆရာကိုကြည်ဝင်းနှင့် ဂျစ်ကားကို ထားခဲ့ပြီး ပြန်သွားလေ၏။ ပြန်ခါနီးတွင် မူယာက ကိုကြည်ဝင်းအား–

''ကိုကြည်ဝင်း ကိုလူ့ကို ကားမောင်းပဲ သင်ခိုင်းတာနော် ...၊ မဟုတ်တာတွေလည်း လျှောက်ပြီး သင်ပေးမနေနဲ့ဦး...'' ဟု ရွှတ်နောက်နောက်ပင် ပြောသွားလေတော့သတည်း။

●

http://www.cherrythitsar.org



အခန်း ( ၇ )

## သနားတဲ့ကြိုးက သံမဏိကြိုး

တစ်နေ့သည် ရန်ကုန်မြို့လယ်ရှိ စိန်ရွှေရတနာများ အရောင်းအဝယ်ပြုလုပ်လေ့ရှိသည့် လမ်းကြီးတစ်လမ်း၏ တိုက်ခန်းတစ်ခုတွင် မှုယာသည် ရောက်ရှိနေလေ၏။ စိန်ထည်ပစ္စည်းတစ်ဆင်စာ ရောင်းရန်အတွက် အခြားသော စိန်ပွဲစားများနှင့်အတူ ဈေးဆိုင်

http://www.cherrythitsar.org



နေလေ၏။ ဝယ်မည့်ဘက်နှင့် ရောင်းမည့်ဘက် ပွဲစားများ စကားအနည်းငယ်ပြောပြီးနောက် အရောင်းအဝယ်ဖြစ်သွားလေတော့၏။

ထိုအချိန်၌ပင် ထိုတိုက်ခန်း၏ ရှေ့ကားလမ်းပေါ်သို့ အနီရောင်ဂျစ်ကားလေး တစ်စီးလာ၍ ရပ်၏။ ထိုဂျစ်ကားကို မောင်းနှင်လာသူသည် လူငယ်တစ်ဦး ဖြစ်၏။ အကောင်းစား နေကာမျက်မှန်ကို တပ်ထား၏။ အဖြူရောင် ရှပ်အင်္ကျီ မိုးပြာရောင် ကုတ်အင်္ကျီ၊ ဘောင်းဘီတို့ကို ဝတ်ဆင်ထား၏။ အင်္ကျီကော်လာတွင် ဘိုးတိုင်ခေါ် လိပ်ပြာသဏ္ဍာန် လည်စည်းလေးတစ်ခု တပ်ထား၏။ ထိုလူငယ်သည် သူ၏ကားကို ရပ်လိုက်ပြီးနောက် သူ၏ ကုတ်အင်္ကျီထဲမှ ပလက်တီနံ စီးကရက်ဘူးကိုထုတ်၍ ဖွင့်ပြီးလျှင် စီးကရက်ကို နှိုက်၍ ဘူးပေါ်တွင် တဒေါက်ဒေါက် ခေါက်လိုက်၏။ ပြီးလျှင် ဘယ်လက်နှုတ်ခမ်းဖျားလေး၌ မထိတထိလေးခဲကာ အကောင်းစား ရွှန်ဆွန်မီးခြစ်ကလေးကို ထောက်ကနဲခြစ်၍ စီးကရက်ကို မီးမတို့သေးဘဲ မီးတောက်ကလေးကို မျက်လုံးစွေ၍ ကြည့်ပြီး နောက်မှသာလျှင် မီးတို့လိုက်လေ၏။ ထို့နောက် ပထမအကြိမ် ရှိုက်သွင်းလိုက်သော မီးခိုးကိုလည်းချောင်းဆီသို့ မရောက်စေဘဲ ဖြည်းဖြည်းချင်း မှုတ်ထုတ်လိုက်လေ၏။

ထိုလူငယ်၏ စီးကရက်ဘူးနှိုက်ပုံ၊ ဘူးပေါ်တွင် စီးကရက်ကိုခေါက်ပုံ၊ နှုတ်ခမ်းဖျားတွင် တေ့လိုက်ပုံ၊ မီးခြစ်ခြစ်လိုက်ပုံ၊ မီးတောက်ကို မျက်လုံးစွေ၍ ကြည့်လိုက်ပုံ၊ မီးတို့လိုက်ပုံ၊ ပထမဦးဆုံး မီးခိုးများကို မှုတ်ထုတ်လိုက်ပုံတို့ကို မြင်ရသူအပေါင်းသည်





၎င်းတို့မျက်စိထဲတွင် တစ်မျိုးတစ်ဖုံ ကြည့်၍ကောင်းသွားလေတော့၏။ အချို့ကဆိုလျှင်–

''ဂျစ်ကားပေါ်က ကောင်လေး ဆေးလိပ်သောက်တာ စတိုင်လ်သိပ်ကျတာပဲ ...'' ဟု ပြောသွားလေ၏။

မှူယာ့အနီးတွင် ထိုင်နေသော အညိုဆိုသည့် ပွဲစားမ တစ်ဦးက သူ၏အနီးတွင်ရှိသော မခင်ဝင်းဆိုသည့် ပွဲစားမအား–

''မဝင်း ...ဟိုဂျစ်ကားပေါ်က ကောင်လေးက ဂိုက်သိပ်ကျတာပဲ၊ ရုပ်ရှင်မင်းသားလား'' ဟု ပြောလိုက်လေ၏။ ထိုအခါ ဒေါ်ခင်ဝင်းက–

''အညို မမှတ်မိဘူးလား၊ တို့နဲ့အတူ ပုသိမ်ကို ဘုရားဖူးသွားခဲ့တဲ့ ကိုယ်တော်လေး ...'' ဟု ပြန်၍ပြောလိုက်ရာ အညိုသည် ရင်ဘက်ကို လက်တစ်ဖက်ဖြင့်ဖိရင်း–

''အမလေး ...အညိုဖြင့် မှတ်တောင် မမှတ်မိတော့ဘူး၊ ရုပ်ရှင်မင်းသား 'ဂရေဂရီပက်' အောက်မေ့နေတာ ...'' ဟု ပြန်၍ ပြောလိုက်လေ၏။ ထိုအခါ ဒေါ်ခင်ဝင်းက–

''ဂျစ်ကားပေါ်က ငတိလေးကိုကြည့်လို့ ဗိုက်မဝဘူးနော်၊ ပွဲခမြက်မြက်ကလေးရထားတဲ့ မှူယာက မနက်စာကို ကျွေးရမယ်'' ဟု ပြောလိုက်ရာ မှူယာက–

''သူ့နာမည်က လူမင်းဦးတဲ့၊ အခုပဲ ရုံးကိုသွားပြီးတော့ လက်မှတ်ထိုးကြမှာ၊ အညိုတို့ မမဝင်းတို့က သက်သေအဖြစ် လိုက်ခဲ့ကြ၊ လက်မှတ်ထိုးပြီးရင် မနက်စာကို အိုရီရန့်မှာ ကျွေး

http://www.cherrythitsar.org



မယ်. . .''ဟု ပြောလိုက်လျှင်

အညိုက–

''ဩော် . . .ဒီလိုကိုး၊ မူယာတို့ကတော့ ပိုင်ပဲ့ကွာ၊ အိုရီရန့်မှာ ထမင်းကျွေးရုံလောက်နဲ့တော့ မကျေနပ်နိုင်ဘူး သူငယ်မရေ. . .'' ဟု ပြော၍ မူယာ၏ ပါးကိုလိမ်ဆွဲလိုက်လေ၏။

ထို့နောက် မူယာသည် အခန်းတွင်းမှ လှုပ်လီလှုပ်လဲလေး ပြေးထွက်သွားပြီးလျှင်–

''ကိုလူ . . .ခဏလေးဆင်းပြီး ထိုင်အုံးနော် . . .''ဟု ပြောလိုက်လေ၏။လူမင်းဦးသည် ကားပေါ်မှဆင်း၍ အခန်းဆီသို့ ဟန်ပါပါလျှောက်လာလေ၏။ ၎င်း၏ နောက်မှလည်း လူတစ်ယောက်ဆင်း၍ လိုက်လာလေ၏။ ထိုသူမှာ သူနာပြုဆရာလေး ဖြစ်၏။

လူမင်းဦးသည် အခန်းတွင်းရှိ ကုလားထိုင်ပေါ်တွင် ထိုင်ပြီးနောက် ခြေထောက်တစ်ချောင်းပေါ်တွင် တစ်ချောင်းချိတ်၍ ထိုင်လိုက်လေ၏။ ပြီးလျှင် လက်ဝဲလက်ကို အနည်းငယ်မြှောက်၍ နာရီပေါ်တွင် ဖုံးနေသော ကုတ်အင်္ကျီကို လက်ညိုး၊ လက်ခလယ် တို့ဖြင့် အသာလေးတွန်းတင်ကာ နာရီကို ကြည့်လိုက်လေ၏။ ထိုနာရီမှာ ဒိုင်ခွက်အဖြူရောင်ဖြစ်၍ ထိုခေတ်က လွန်စွာဈေးကြီးသော 'ဖေဗာလူဗာ' အမျိုးအစားဖြစ်၏။ ပြီးလျှင် မူယာ၏ မျက်နှာသို့ လှမ်း၍ကြည့်ကာ–

''ကွာတားပတ်နိုင်း . . .'' ဟု ပြောလိုက်လေ၏။ ထိုအခါ





မူယာကလည်း–

''ဂျပ်(စ်)အမိနစ်''ဟု မိနစ်အနည်းငယ်လေး စောင့်ရန် ပြန်၍ ပြောလိုက်လေ၏။ ထို့ကြောင့် လူမင်းဦးကလည်း–

''အိုးခေ . . .'' ဟု ပြန်၍ ပြောလိုက်လေ၏။ အညိုသည် လူမင်းဦးအား ပါးစပ်အဟောင်းသားဖြင့် ကြည့်နေ၏။ ဒေါ်ခင်ဝင်းကမူ ရယ်ချင်သကဲ့သို့ ဖြစ်နေ၏။

အထက်ပါအဖြစ်အပျက်များ ဖြစ်ပွားပြီး မကြာမီ၌ မူယာနှင့် လူမင်းဦးတို့သည် ရုံး၌ လက်ထပ်စာချုပ်များ ရေးထိုးကာ လက်ထပ်လိုက်ကြလေ၏။ မိတ်ဆွေအချို့ကိုလည်း အိုရီးရန့်ဟိုတယ်တွင် ကျွေးမွေး၍ အသိအမှတ် ပြုခိုင်းလိုက်လေတော့၏။ မူယာ၏ ဖခင်မှာမူ ရိပ်သာတစ်ခုတွင် တရားဝင်နေရာမှ အပြီးအပိုင် ရဟန်းဝတ်သွားလေတော့၏။

မူယာသည် သူ၏ တိုက်ကို ပြန်လည်မွမ်းမံ၍ ဆေးအသစ် ပြန်သုတ်၏။ ခြံကိုလည်း ပြုပြင်မွမ်းမံကာ အဖိုးတန်သော ပန်းမျိုး ပန်းကောင်းများကို ဝယ်၍ ထည့်လေ၏။ ခြံ၏ အဝင်တံခါးအုတ်တိုင်၌မူ အင်္ဂလိပ်ဘာသာဖြင့် 'ပလဲဆင့်ဗီလာ' ဟူ၍ လည်းကောင်း၊ မြန်မာဘာသာဖြင့် 'သာယာရိပ်မြုံ' ဟူလည်းကောင်း စာတန်းရေးထိုးထားလေ၏။

''ကိုလူ့ကို မမညိုတို့၊ မမဝင်းတို့က သိပ်ပြီးချီးမွမ်းနေကြတာ၊ မှတ်တောင်မမှတ်မိဘူးတဲ့၊ သွားပုံလာပုံ၊ ပြောပုံဆိုပုံတွေက သိပ်ပြီးဂိုက်မိတာတဲ့ . . .'' ဟု မူယာက ပြောလိုက်လျှင်–

http://www.cherrythitsar.org



''အဲဒါက ကျုပ်တော်တာ မဟုတ်ပါဘူးဗျာ၊ ကျုပ်ကို သင်ပေးတဲ့ ကိုဆန်နီကြီးရဲ့ ကျေးဇူးတွေပါ ...'' ဟု လူမင်းဦးက ပြောရာ မူယာက–

''လာပြန်ပြီ ...ဒီကျုပ်ကြီး၊ ကျုပ် ...ကျုပ်လို့ မပြောပါနဲ့၊ ဒါလင်လို့ ပြောပါ ...'' ဟု ပြန်၍ ပြောလေ၏။ ၎င်းတို့ နှစ်ယောက်အဆင်ပြေသည်ဟု ဆိုရမည်ဖြစ်၏။ သို့ရာတွင် လူမင်းဦးသည် မနက် ၅နာရီလောက်တွင် မီးဖိုသို့ဝင်ကာ ကိုယ်တိုင်ရှူးခပ်၍ ထမင်းစားတတ်လေ၏။ ထိုအချိန်မှာ မူယာအဖို့ အိပ်၍ ကောင်းနေဆဲအချိန်ဖြစ်၏။ ထို့ကြောင့် မူယာက–

''ကိုလူကလည်းကွယ်၊ မူယာအိပ်ကောင်းတုန်း မနက်မနက် အစောကြီးထထပြီး ထမင်းစာတာ ဘာဖြစ်တာလဲ...''ဟု ညည်းညူပြောဆိုလိုက်လေ၏။

''အရက်မှာစားနေကျဆိုတော့ ဆာတယ်၊ အဲဒါကြောင့် ထပ်ပြီးစားတာ ...'' ဟု လူမင်းဦးက ပြန်၍ပြောလေ၏

''မဆာပါနဲ့ကွယ် ...ဒီအချိန်ဟာ အေးအေးချမ်းချမ်းလေးရှိတယ်၊ လင်မယားနှစ်ယောက် အိပ်ရာထဲမှာ နွေးနွေးထွေးထွေးလေး အိပ်နေရတာထက် ဘာကပိုကောင်းဦးမလဲ'' ဟု မူယာက ပြောလေ၏။

''အကောင်းဆုံးအလုပ်ကို ပြောပါဆိုရင်တော့ အရက်မတက်ခင် အိပ်ရာကထ၊ မျက်နှာသစ်၊ ကိုယ်လက်သန့်စင်ပြီး ဘုရားရှိခိုး၊ ပြီးရင် နာရီဝက် တစ်နာရီလောက် တရားမှတ်၊ ပြီး





တော့ထမင်းစား၊ လက်ဖက်ရည်၊ ကော်ဖီလေးသောက်တတ်ရင်လည်းသောက်ပေါ့၊ အဲဒါပြီးရင် ခြံထဲဆင်းလျှောက်ပြီး သတ္တဝါတွေကို မေတ္တာပို့၊ အဲဒါက အကောင်းဆုံးပဲ ...'' ဟု လူမင်းဦး က ပြောလိုက်လျှင် မူယာက

''ခက်တော့တာပဲ ...'' ဟု ရေရွတ်လိုက်လေ၏။

မူယာနှင့် လူမင်းဦးတို့သည် အခြေခံအကျင့်စရိုက်ချင်း မတူကြသည့်အလျောက် လက်ထပ်သည့်နေ့မှစ၍ တစ်ဦးနှင့် တစ်ဦး မတူညီသော အသေးအဖွဲ့ အချက်ကလေးများ များစွာပေါ်ပေါက်ခဲ့လေ၏။ မူယာသည် နံနက်လက်ဖက်ရည်သောက်ပြီးသည့် အချိန်မှစ၍ စိန်ရွှေပွဲစားများ စုဝေးသောနေရာသို့ သွားရ၏။ လူမင်းဦးက ကားဖြင့်လိုက်ပို့ရ၏။ ပြီးလျှင် အိပ်သို့ပြန်လာပြီး တစ်နေ့လုံး လိုလို တစ်ကိုယ်တည်းနေရ၏။ ညနေ (၆)နာရီလောက်တွင် မူယာအား ကားဖြင့် သွား၍ကြိုရပြန်၏။ တစ်ခါတစ်ရံ၌ ပွဲစားတစ်ဦး မဟုတ်တစ်ဦး အရောင်းအဝယ်ဖြစ်သွားသောအခါ စားသောက်ဆိုင်၌ ညစာကျွေးလေ့ရှိသည်ဖြစ်ရာ လာ၍ကြိုသော လူမင်းဦးအား မူယာက–

''ဒီည ဒင်နာရှိတယ်၊ ကိုလူပြန်တော့ ...'' ဟု ပြောတတ်လေ၏။ ထိုအခါမျိုး၌ လူမင်းဦးသည် တစ်ယောက်တည်း ပြန်လာရ တတ်လေတော့၏။ အချိန်ကြာသည်နှင့်အမျှ လူမင်းဦး၏ဘဝသည် ငြီးငွေ့ဖွယ်ရာ ကောင်းလာတော့၏။ တစ်ခါတရံ၌ မူယာသည် အိပ်ရာသို့ဝင်မည်ပြု၏။ လူမင်းဦးသည် ခြံထဲတွင်ပတ်၍ ပရိတ်

http://www.cherrythitsar.org



ရွှတ် မပြီးသေးပေ။ ထိုအခါမျိုး၌ မူယာသည် အားမလိုအားမရဖြစ်ရပြန်၏။

တစ်ခါတရံ၌လည်း မူယာတို့ အရောင်းအဝယ် ဆက်တိုက်ဖြစ်လာသောအခါ တစ်ဦးနှင့်တစ်ဦး ညစာကျွေးရသောပွဲများဆက်တိုက်ဖြစ်လာ၏။ အိပ်သို့ပြန်လာသော အချိန်မှာလည်း လိုအပ်သည်ထက် ပို၍ နောက်ကျလာတတ်၏။ ထိုအခါမျိုး၌ လူမင်းဦးက မူယာအား–

''မူယာ မင်းတို့ ဒင်နာတွေကလည်း များလှချည်လားကွာ၊ နေ့တိုင်းလိုဖြစ်နေပြီ၊ မူယာဟာ အရင်လို အပျိုမဟုတ်တော့ဘူး၊ အိမ်ထောင်သည်ဆိုတာလည်း မမေ့နဲ့ဦး ...'' ဟု ပြောတတ်လေ၏။ ထိုအခါမျိုး၌ မူယာက–

''ဒီမှာ ...ကိုလူ၊ မူယာဟာ ကိုလူနဲ့ပတ်သက်လာရင် ဘာမဆို သည်းခံတယ်၊ တစ်ခုတော့ရှိတယ်၊ ချုပ်ချယ်တာကိုတော့ လက်မခံဘူး၊ အဲဒါကိုတော့ သဘောပေါက်ထားဖို့လိုမယ် ...'' ဟု ပြန်၍ပြောတတ်လေ၏။

တစ်နေ့တွင် အညိုက မူယာ့အား–

''ဘယ်လိုဘဲ မမူယာ၊ ကိုယ်ချစ်တဲ့လူကို ရလို့အပျော်ကြီးပျော်နေလား ...'' ဟု မေးလေ၏။

''မပျော်ပါဘူး ...မမညိုရယ်၊ သူနဲ့မူယာနဲ့က အပြုအမူချင်းလည်း မတူဘူး၊ အလေ့အကျင့်ချင်းလည်း မတူဘူး၊ ဘယ်လိုလုပ်ပျော်မှာတုံး၊ မူယာက အိပ်တော့မယ်၊ သူက ပရိတ်ရွတ်လို့





မပြီးသေးဘူး၊ မေတ္တာပို့လို့ မပြီးသေးဘူး၊ မနက်ကျတော့လည်း မူယာအိပ်လို့ကောင်းတုန်း သူက ထမင်းထစားနေပြီ၊ ရုပ်ရှင်အတူကြည့်ရအောင်ကလည်း သူကမြန်မာကားပဲ ကြိုက်တယ်၊ မူယာက နိုင်ငံခြားကားပဲကြိုက်တယ်၊ မူယာက သူ့ကို ဘောင်းဘီတိုဘာတို့ ဝတ်စေချင်တယ်၊ ဆယ်ခါပြောမှ တစ်ခါလောက်ပဲ ဝတ်တယ်၊ သူက ပုဆိုးပဲဝတ်တယ်၊ ချစ်လွန်းလို့သာ မမညိုရေ၊ နို့မို့ဆိုရင် ကွာရှင်းပြီးတာ ကြာလှပြီ၊ မူယာက ကိုယ့်အိမ်ကို လူများလာရင် ပျော်တယ်၊ သူက စိတ်ညစ်တယ် ...'' ဟု မူယာက ပြောလျှင် အညိုက–

''မူယာ့စိတ်ကြိုက် ရွေးပြီးယူထားတဲ့ အရုပ်ကလေးပဲ၊ ဒီအရုပ်ကလေးကို ငြီးငွေ့လာပြီလား၊ ဒီအရုပ်ကို လွှင့်ပစ်ပြီး နောက်အရုပ်အသစ်နဲ့ မကစားနဲ့နော်၊ နောက်အရုပ်အသစ်က ပိုပြီး ဆိုးလိမ့်မယ် ...'' ဟု ပြောလိုက်၏။ ထိုအခါ မူယာက–

''အရုပ်သစ်လည်း မလိုချင်ဘူး၊ အရုပ်ဟောင်းလည်း ငြီးငွေ့နေပြီ၊ နဂိုအတိုင်း တစ်ကိုယ်ရေတစ်ကာရ လွတ်လွတ်လပ်လပ်နေရတဲ့ဘဝကို ပြန်ပြီတော့တောင် လွမ်းမိသေးတယ်'' ဟု ပြောလိုက်လေ၏။

''ဒါကြောင့် ပြောတာပေါ့၊ အိမ်ထောင်ပြုတယ်ဆိုတာ အငိုလွယ်ပြီး အရှိက်ခက်တဲ့ ကိစ္စ၊ ဒါကြောင့် မမညိုက ယောကျ်ားမယူဘဲ နှောင်ကြိုးမဲ့ကမ္ဘာဆိုတဲ့ စကားဟာ မမညိုရဲ့ ဘဝကိုပြောတာ...'' ဟု အညိုက ပြောလေ၏။

''ဒီထက် အခြေအနေဆိုးလာရင်တော့ သူ့ကို ပစ္စည်း

http://www.cherrythitsar.org



တစ်ဝက်ပေးပြီး ကွာပစ်လိုက်မယ် . . .'' ဟု မူယာကပြောလျှင်–

''အမလေးတော် . . .တစ်ဝက်ကြီးတောင် ခွဲပေးမလို့လား၊ လက်ထက်ပွား ပစ္စည်းမှမဟုတ်ပဲ။ တစ်ဝက်ကြီးတောင် ပေးစရာမလိုပါဘူး၊ ကျေနပ်ရုံ နည်းနည်း ပါးပါးပေးပြီး သန်းခေါင်စာရင်းထဲက သူ့နာမည်ကို ထုတ်ပစ် လိုက်ပေါ့ . . .''ဟု တစ်ဖက်သား ဒုက္ခရောက်မည့် အကြံကို အညိုက ပေးလေတော့၏။

''နည်းနည်းပါးပါး ပေးရင်တော့ သူကလုပ်တတ်ကိုင်တတ်တာမဟုတ်ဘူး၊ ထမင်းငတ်သွားလိမ့်မယ်၊ သနားပါတယ်'' ဟု မူယာကပြောလိုက်ပြန်လျှင် အညိုက–

''အဲဒီ သနားတဲ့စိတ်ဟာ ချစ်တာထက်တောင် ဆိုးသေးတယ်၊ ချစ်တဲ့ကြိုးက သိပ်ပြီးမခိုင်ဘူးနော်၊ သနားတဲ့ကြိုးက သံမဏိကြိုး . . .၊ ဖြတ်ရသိပ်ပြီး ခက်တယ် အမိရေ . . .'' ဟု မချင့်မရဲလေသံဖြင့် ပြောလိုက်လေတော့သတည်း။



## အခန်း ( ၈ )

# လမ်းခွဲကြပြီ

မူယာအား တစ်ဖက်သတ် မေတ္တာရှိနေသော မိုက်ကယ်သည် မူယာတို့၏ စိန်ကုန်သည်ကျောက်ပွဲစားလောကသို့ ဝင်လာလေ၏။ အရောင်းအဝယ် ကိစ္စကို အကြောင်းပြကာ မူယာ့ထံသို့ မကြာခဏလာ၏။

"ဒီပစ္စည်းလေး နားမလည်လို့ ကြည့်ပေးပါ . . ." ဟု ဆိုကာလာ၏။

http://www.cherrythitsar.org



"ဟိုပစ္စည်းလေး ...ဈေးဖြတ်ပေးပါ ..."ဟု ဆိုကာလာ၏။ အရောင်းအဝယ်ဖြစ်သွားသောပွဲများတွင် ဒင်နာပွဲလည်း ပြုလုပ်သည်ဖြစ်ရာ မူယာသည် မိုက်ကယ်၏ကားနှင့်ပင် အိမ်သို့ပြန်တတ်မြဲဖြစ်၏။

"ကိုယ်က တော်တော်ကံခေပါတယ် မူယာရယ် ...၊ မူယာ့ကို ရဖို့ပြိုင်ပွဲမှာ ဘုန်းကြီးလူထွက်နဲ့ ပြိုင်တာတောင် ကိုယ်ကရှုံးတယ် ..." ဟု ပြောကာ မခိုးမခန့် ရယ်လေ၏။ ထိုအခါ မူယာက–

"ဒီမှာ မိုက်ကယ် ပြိုင်ပွဲဟာ ပြီးသွားပြီလေ ...ဒါတွေ မပြောနဲ့တော့ ..." ဟု ကန့်ကွက်ရာ မိုက်ကယ်က–

"ကိုယ့်အဖြစ်က ဘယ်လိုလဲဆိုတော့ နှစ်ဘက်ဘောလုံးကန်ကြသလိုပါပဲ။ ဘောလုံးပွဲပြီးလို့ ကြည့်တဲ့ပရိသတ်လည်း ပြန်သွားကြပြီ၊ ဒိုင်လူကြီးလည်း မရှိတော့ဘူး၊ ကွင်းထဲမှာ ကိုယ်တစ်ယောက်တည်း ဟိုပြေး ဒီပြေးလုပ်နေရတဲ့ဘဝ ..."ဟု သနားဖွယ်ရာကောင်းသော အသံဖြင့် ပြောလေ၏။

"အဲလို မဖြစ်ချင်ရင်တော့ နောက်တစ်ယောက်နဲ့ နောက်တစ်ပွဲလောက် ကန်ပေါ့ ...၊ဒီပွဲကတော့ ပြီးသွားပြီ ..." ဟု မူယာက ခပ်ပြတ်ပြတ် ပြန်ပြောလိုက်ရာ မိုက်ကယ်က–

"မူယာရယ် ...၊ မူယာ့နေရာမှာ အစားထိုးရမယ့် အကြောင်းအရာတွေ မပြောပါနဲ့၊ ဘယ်လိုမှ အစားထိုး အစားထည့်လို့ မရပါဘူး၊ အပ်နဖားထဲမှာ ကုလားအုပ်ကို ဖြတ်ပြီးမောင်းလို့ ရချင်ရမယ်၊





ကိုယ့်ရဲ့အသည်းနှလုံးထဲက မူယာ့နေရာမှာတော့ အခြားဘယ်မိန်းမကိုမှ ထည့်လို့မရပါဘူး ..." ဟု ပြန်၍ပြောလေ၏။ မူယာလည်း ထိုစကားကို သဘောကျသောကြောင့် အသံလွင်လွင်ဖြင့် ရယ်လိုက်လေ၏။

ည ၁၁ နာရီထိုးသောအခါ၌ မူယာတို့၏ အိမ်ရှေ့သို့ ရောက်လေ၏။ မူယာသည် ကားပေါ်မှဆင်း၏။ မိုက်ကယ်သည် ကားကို ချက်ချင်းမောင်းထွက်မသွားသေးဘဲ အမျိုးမျိုးအဖုံဖုံသော အင်္ဂလိပ် စကားတို့ဖြင့် မူယာအား နှုတ်ဆက်နေ၏။ ကားထွက်သွားသောအခါကျမှပင် မူယာလည်း ခြံတံခါးအနီးသို့ လျှောက်သွား၏။ ထိုအခါကျမှပင် ခြံတွင်းမှ လူမင်းဦး၏ ပရိတ်ရွတ်သံကို ကြားရလေတော့၏။ မူယာက

"ဒါလင်"ဟု လှမ်း၍အော်လိုက်၏။ ထိုအခါ လူမင်းဦးက

"မူယာ ...ဒါလင်လို့ခေါ်မဲ့အစား ဒါ...လင်ပဲလို့ သိဖို့ အရေးကြီးတယ်၊ အဲဒီလို သိတယ်ဆိုရင်တော့ ကိုယ့်လင်မဟုတ်ဘဲ အခြားယောက်ျား တစ်ယောက်နဲ့ ညဥ့်နက်သန်းခေါင် သွားချင်ရာ မသွားသင့်ဘူး ..." ဟု ပြောရင်း ခြံတံခါးကို ဖွင့်ပေးလိုက်လေ၏။

မူယာသည် လွန်စွာ စိတ်ဆိုးသွား၏။

"အိမ်မှာ ဘုန်းကြီးလူထွက်တစ်ယောက် ဖိမ်နဲ့စားနေနိုင်အောင် မူယာဆိုတဲ့ နွားမတစ်ကောင်က အလုပ်လုပ်နေရတာ...၊ တစ်ခုတော့ ရှိတယ်၊ အထင်သေးတဲ့ စကားတော့ မပြောနဲ့၊ လုံးဝ

http://www.cherrythitsar.org



မခံဘူး၊ မူယာလုပ်တဲ့ အလုပ်ကပွဲစား ...၊ ပွဲဖြစ်တဲ့ နေ့တွေမှာ တစ်ယောက်တလဲ ဒင်နာကျွေးကြရတာပဲ ...''ဟု ပြန်၍ ပြောလေ၏။

''ဒီမှာ မူယာ ...မင်းပြောတဲ့ ဒင်နာ ...ဒင်နာဆိုတာ နောက်ဆုံး နင်နာသွားလိမ့်မယ် ...'' ဟု လူမင်းဦးက ပယ်ပယ်နယ်နယ် ပြောလေတော့၏။

''ဒီအတိုင်းဆိုရင်တော့ ရှေ့ဆက်လက်တွဲလို့ မရဘူး ကိုလူမင်းဦးရေ ...''ဟု မူယာက ပြောလိုက်လျှင် လူမင်းဦးက

''လက်တွဲလို့ မရတော့လည်း လက်တွဲဖြုတ်လိုက်ကြတာပေါ့၊ မူယာနဲ့ လက်တွဲဖြုတ်လိုက်တဲ့ နေ့ဟာ ကျုပ်အဖို့ ကောင်းမှုကုသိုလ်တွေ လုပ်ရမယ့်နေ့ပါပဲ၊ အဲဒီအတွက် ကျုပ်က နည်းနည်းမှ ပူမှာ မဟုတ်ပါဘူး၊ ဒီနေ့ လင်မယားကွဲ ...နက်ဖြန် သိမ်ထဲရောက်နေပြီသာ မှတ်ပေတော့ မူယာရေ...''ဟု ပြောလိုက်ရာ မူယာသည် စွေ့စွေ့ခုန်အောင် နာသွားလေတော့၏။

''အခုကိုကွဲမယ် ...''ဟု ပြောလိုက်လေ၏။ ထိုအခါ လူမင်းဦးက–

''သာဓု ...သာဓု ...သာဓု...''ဟု ခေါ်လိုက်လေ၏။

မူယာသည် အိမ်ပေါ်သို့ ပြေးတက်သွားပြီးလျှင် တယ်လီဖုန်းဖြင့် နေရာပေါင်းများစွာသို့ ဆက်လေ၏။ လူမင်းဦးကမူ ပဋ္ဌာန်းကို အပြန်ပြန်အလှန်လှန် ရွတ်နေလေတော့၏။

များမကြာမီ အချိန်၌ မူယာ၏ အိမ်ရှေ့သို့ ကားသုံးလေးငါး





စင်းသည် ရှေ့ဆင့်နောက်ဆင့် ဆိုသလို ရောက်လာကြလေ၏။ ကားပေါ်မှ စိန်ပွဲစား အညို၊ မခင်ဝင်း၊ မိုက်ကယ်တို့ ဆင်းလာကြ၏။ ထို့အတူ ဗဟိုတရားရုံးချုပ်ရှေ့နေ ဦးအောင်ကျော်လှတို့ပါ ရောက်ရှိလာကြပြီဖြစ်၏။ ဦးအောင်ကျော်လှက မူယာ့အား–

''ကျုပ်ကို အရေးတကြီးခေါ်တဲ့ ကိစ္စကို ပြောပါဦး မူယာရဲ့ ...''ဟု မေးလိုက်လေ၏။

''တခြားမဟုတ်ပါဘူး အန်ကယ်ရယ်၊ မူယာတို့ လင်မယားနက်ဖြန်နံနက် ရုံးချိန်မှာ နှစ်ဦးသဘောတူ ပြတ်စဲချင်လို့ပါ ...၊ ဟောဒီက မမညိုတို့ မိုက်ကယ်တို့ကတော့ သက်သေပေါ့ ...'' ဟု မူယာက ပြောလေ၏။ ထိုအခါ၌ ဦးအောင်ကျော်လှက လူမင်းဦး၏ မျက်နှာကို စေ့စေ့ကြည့်၍–

''မောင်ရင်ကရော ဘယ်လိုလဲ ...''ဟု မေးလိုက်ရာ လူမင်းဦးက–

''ဒီကိစ္စဟာ သာဓုခေါ်ရမယ့်ကိစ္စပါ၊ ကျွန်တော် သဘောတူပါတယ် ...''ဟု ပြောလိုက်လျှင် အညိုက–

''မင်္ဂလာဆောင်တာ တစ်နှစ်တောင် မပြည့်သေးဘူး၊ စဉ်းစဉ်းစားစားလုပ်ကြပါကွယ်'' ဟု ပြောလိုက်ရာ လူမင်းဦးက –

''ငရုပ်သီးစားရင် စပ်တယ်ဆိုတာသိဖို့ တစ်ထောင့်လုံး ကုန်အောင်စားဖို့ မလိုပါဘူး။ တစ်ထောင့်မကုန်ခင် သိနိုင်တဲ့ကိစ္စပါ။ ဒီကိစ္စက အချိန်ကာလနဲ့ မဆိုင်ပါဘူး။ ပြတ်စဲဖို့ကို နှစ်ဦးစလုံးက အလိုရှိပါတယ်။ တစ်ခုမေတ္တာရပ်ခံချင်တာကတော့ ပြန်ပေါင်းဖို့

http://www.cherrythitsar.org



မဖျောင်းဖျကြပါနဲ့ ...'' ဟု ပြောလိုက်လျှင် မိုက်ကယ်က–

''မမညိုကလည်းဗျာ ကာယကံရှင်တွေက မဖြစ်တော့လို့ ကွဲကြမှာပဲ၊ ဘာဖြစ်လို့ဝင်ပြီး ဂျမ်းတုံးခုနေရတာတုံး ...''ဟု ပြောလိုက်လေ၏။ ထိုအချိန်၌ ဦးအောင်ကျော်လှက –

''မြန်မြန်ဆန်ဆန်ကြီး လုပ်လို့တော့မရဘူး၊ ပစ္စည်းတွေက ရှိသေးတယ်၊ မျှမျှတတဖြစ်အောင် လုပ်ရမှာ ...'' ဟု ပြောလိုက်ရာ မိုက်ကယ်က–

''ဒါက ဒီလိုရှိပါတယ် အန်ကယ်၊ မူယာနဲ့ ကိုလူမင်းဦးတို့ လက်ထပ်ပွားပစ္စည်းကိုပဲ ခွဲရမှာမို့လား၊ ဒီခြံတို့၊ အိမ်တို့ဆိုတာက လက်ထပ်ပွားမှ မဟုတ်ဘဲ၊ ခွဲရတာ လွယ်ပါလိမ့်မယ်'' ဟု ဝင်၍ ပြောလေ၏။ ထိုအခါ လူမင်းဦးက –

''ကျွန်တော် တစ်ခုပြောပါရစေ၊ ဒီအိမ်ကြီးမှာ ကျွန်တော် ရှာထားတဲ့ ပစ္စည်းဆိုလို့ အပ်တိုတစ်ချောင်းတောင် မပါပါဘူး၊ အားလုံးဟာ မူယာ့ပစ္စည်းတွေပါပဲ၊ ဒါကြောင့် လင်မယားပြတ်စဲတဲ့ အခါမှာ ဘာတစ်ခုကိုမှ ကျွန်တော်မလိုချင်ပါဘူး။ ပေးလည်း မပေးပါနဲ့၊ ဟောဒီဝတ်ထားတဲ့ အင်္ကျီတောင် မလွှဲသာလို့ ကျွန်တော် ဝတ်သွားရမှာပါ၊ ဖြစ်နိုင်ရင် ကျွန်တော် ချွတ်တောင်ချွတ်သွားချင်ပါတယ်။ နောက်ဆုံး အနေနဲ့ မူယာ့ကို ပြောချင်တာက တစ်ယောက်နဲ့တစ်ယောက် လက်တွဲလို့မရလို့ လက်တွဲဖြုတ်ကြပေမဲ့ ရန်သူတွေ မဟုတ်လေတော့ ညှာတာထောက်ထားဖို့တော့ လိုပါတယ်၊ ကျုပ်အပေါ်မှာ ညှာတာတဲ့အနေနဲ့ ဘာတစ်ခုမှ မပေးပါ





နဲ့၊ အဲဒါကိုတော့ အလေးအနက် ပြောတာပါ ...'' ဟု ပြောလိုက်လေ၏။ ထိုအခါ မိုက်ကယ်က–

''သူ့စိတ်ကြိုက် လုပ်ပေးသင့်ပါတယ်၊ မူယာရယ်၊ သူက ပေးတာကို မကြိုက်ဘူးဆိုတော့လည်း ဘာမှ မပေးနဲ့ပေါ့ ...''ဟု ဝင်၍ ပြောလေ၏။ ထိုအခါ မခင်ဝင်းက ...

''အရပ်စကားတွေ မပြောကြပါနဲ့ကွာ၊ ဥပဒေစကား ပြောကြပါ၊ မောင်လူမင်းဦး လိုချင်သလောက်လည်း မရဘူး၊ မလိုချင်လို့လည်း မရဘူး၊ ဥပဒေက ခွင့်ပြုတာကိုတော့ ယူသွားရမယ် မဟုတ်ဘူးလား အန်ကယ် ဦးအောင်ကျော်လှရယ် ...'' ဟု ပြောလိုက်လျှင် လူမင်းဦးက –

''ထားပါတော့လေ၊ ဥပဒေအရ ...ကျွန်တော်ရမယ့် ပစ္စည်းတွေ အားလုံးကိုလည်း မူယာ့ကိုပဲ ရေစက်ချပြီး ပြန်လှူခဲ့ပါတယ်ဗျာ၊ မူယာက လက်မခံဘူးဆိုရင် ကိုမိုက်ကယ် လက်ခံလိုက်ပါ၊ ခင်ဗျားကိုလည်း ရေစက်ချပြီး လှူခဲ့ပါတယ်။ ဟဲ ...ဟဲ'' ဟု ခပ်ရိသဲ့သဲ့ ပြန်၍ပြောလေ၏။ ထိုအခါ မိုက်ကယ်သည် လူမင်းဦး၏စကားကြောင့် နေရထိုင်ရခက်သွားပြီးလျှင် –

''ကိုယ်လူ ဘယ်လိုပြောလိုက်တာတုံး ...''ဟု မေးလိုက်လေ၏။

''မြန်မာလို ပြောလိုက်တာပါ ကိုမိုက်ကယ် ...၊ အဲဒီလို မပြောရဘူးဆိုရင်တော့ ပါဠိလိုပဲ ပြောရမှာပဲ၊ ကျုပ်က ခင်ဗျားလို အင်္ဂလိပ်စာမှ မတတ်ဘဲကိုး ...၊ အဲဒီတော့ နားထောင် ...၊

http://www.cherrythitsar.org



အသေဝနာစ ဗာလာနံ ...၊ တဲ့ အဓိပ္ပါယ်ကတော့ အပယ်ငရဲကို စောက်ထိုးဆင်းမယ့်ကောင်နဲ့ ဝေးဝေးနေလို့ ပြောတာ ...၊ နားလည်ပြီလား ...'' ဟု လူမင်းဦးက အေးအေးဆေးဆေးပင် ပြန်၍ ပြောလိုက်လေ၏။ မိုက်ကယ်သည် တရှုံ့ရှုံ့တရွှားရွှား ဖြစ်သွား၏။ ထို့ကြောင့် လူမင်းဦးက –

''စကားဆိုတာ ပါးစပ်နဲ့ပဲ ပြောရပါတယ် မိုက်ကယ်ရေ၊ လက်တွေလာတွေ မပါပါနဲ့၊ ဘုန်းကြီးလူထွက်ဆိုပြီး ကိုယ်ထိလက် ရောက် စောကားဖို့တော့ စိတ်မကူးနဲ့၊ ငါ့ရဲ့ ငယ်ဆရာက ပွဲကျောင်း ဆက်ဖြစ်လေတော့ ကိုရင်ဘဝကတည်းက အသတ်အပုတ်လေး လေ့ကျင့်ပေးထားဖူးတယ်၊ မင်းမျက်နှာကြီး ဇက်ပြုတ်ပြီး နောက်ဖက် ကို လည်သွားမယ်၊ အေးအေးဆေးဆေးထိုင်နေ ...''ဟု အသံမာမာဖြင့် ပြောလိုက်လေ၏။ ထိုအခါ ဦးအောင်ကျော်လု က နှစ်ဦးစလုံးအား မေတ္တာရပ်ခံလိုက်လေ၏။

ထိုနေ့ညက အားလုံးလိုလို မအိပ်ရဘဲ ရှိလေ၏။

နောက်တစ်နေ့ နံနက် ၁၁ နာရီလောက်တွင် မူယာနှင့် လူမင်းဦးတို့သည် ရုံးတော်၌ အပြီးအပိုင် ပြတ်စဲသွားလေတော့ သတည်း။

●

http://www.cherrythitsar.org



အခန်း ( ၉ )

## ကျုပ်သွားမယ့်လမ်းကြောင်းပေါ်က အညစ်အကြေးတွေ

လူမင်းဦးသည် တရားရုံးမှ ဆင်းခဲ့ပြီးနောက် ယခင်နေခဲ့သော ဖဟန်းဘုန်းကြီးကျောင်းဆီသို့ ဦးတည်၍ လျှောက်လာခဲ့လေ၏။ သူ၏ စိတ်၌လည်း ရဟန်းဘဝမှ လူထွက်၍ မှုယာနှင့် အိမ်ထောင်ကျခဲ့သော အဖြစ်အပျက်သည် အိပ်မက် မက်နေသကဲ့သို့ရှိနေ၏။ သို့မဟုတ် ထမင်းလုံးတစ္ဆေအခြောက် ခံရသကဲ့သို့ ရှိနေ၏။ အမှန်စင်စစ် အိမ်ထောင်ပြိုကွဲသွားသည့်အတွက်

http://www.cherrythitsar.org



စိတ်ပျက်ခြင်း၊ အားငယ်ခြင်း၊ ဝမ်းနည်းခြင်းဖြစ်ရမည့်အစား သူ၏ စိတ်သည် ပေါ့ပါးလွတ်လပ် ကာ ပျော်ရွှင်သကဲ့သို့ပင် ရှိနေ၏။

ဤသို့နှင့်ပင် ဘုန်းကြီးကျောင်းသို့ ရောက်သွားလေ၏။ ဆရာတော်ရှေ့သို့ သွားရောက်ကာ ဆရာတော်အား ဦးချကန်တော့လိုက်လေ၏။ ဆရာတော်သည် လူမင်းဦးအား တစ်ချက်မျှ လှမ်းကြည့်ပြီးနောက်–

''မင်းလာတာ မော်တော်ကားလည်း မပါ,ပါလား''ဟု မေးတော်မူလေ၏။

''ထားခဲ့ပြီဘုရား... ''ဟု လူမင်းဦးက လျှောက်ထားလိုက်ရာ ဆရာတော်က–

''ဘယ်မှာထားခဲ့တာလဲ၊ ကားပျက်လို့ ဝပ်ရှော့မှာထားခဲ့တာလား...''ဟု မေးတော်မူပြန်၏။

''ဝပ်ရှော့မှာ ထားခဲ့တာမဟုတ်ဘူးဘုရား၊ လင်မယားချင်း အပြီးကွဲပြီး ဆင်းလာခဲ့တာဘုရား'' ဟု လူမင်းဦးက ပြန်လည်၍ လျှောက်ထားလိုက်ရာ ဆရာတော်သည် လူမင်းဦးအား ခြေဆုံးခေါင်းဆုံးကြည့်လေ၏။ ထို့နောက်မှ–

''မင်းနယ့်ကွာ ...၊ အိမ်ထောင်ကျတာမှ ဘာမှမကြာသေးဘူး၊ လင်မယားချင်း ကွဲရသတဲ့၊ အိမ်ထောင်ကျတာ မကြာသေးဘဲ အခုလို ကွဲသွားတယ်ဆိုတော့ အိမ်ထောင်ရေးဆိုတာ ဘာလဲဆိုတာ မင်းအနေနဲ့ လိပ်ပတ်လည်ဦးမှာ မဟုတ်သေးဘူး ...'' ဟု ဆရာတော်က မိန့်တော်မူရာ လူမင်းဦးက–





''လိပ်ပတ်လည် မလည်တော့ မသိဘူးဘုရား၊ လူကတော့ ချာလပတ်လည်သွားပြီ ...'' ဟု ပြန်လျှောက်ထားလိုက်လေ၏။ ထိုအခါ ဆရာတော်က–

''နေစမ်းပါဦး ...၊ မင်က ဘာဆက်လုပ်မယ်လို့ စိတ်မှာ ပြဋ္ဌာန်းထားလဲ လူပျိုတော်ရဲ့ ...၊'' ဟု မေးတော်မူလိုက်လေ၏။ ထိုအခါ လူမင်းဦးက–

''တပည့်တော် သာသနာ့ဘောင်ကို ပြန်ဝင်မယ် ...'' ဟု ပြန်လည်၍ လျှောက်ထားလိုက်ရာ ဆရာတော်သည် လွန်စွာအံ့သြ၍ သွား၏။ ထို့နောက် ဆရာတော်က–

''မိန်းမရှိတဲ့ ယောကျ်ားအဖို့ သာသနာ့ဘောင်ကို ရောက်လာဖို့ဆိုတာ အတော်ခက်တာကွ၊ အကြမ်းဖျင်းပြောရရင်တော့ မိန်းမဟာ ယောကျ်ားတွေအတွက် ရေထဲက ဝဲနဲ့အတူတူပဲကွ၊ အဲဒီ ဝဲစုပ်ထားရင် လှေလည်း မထွက်နိုင်တော့ဘူး ...၊ သမ္ဗာနဲ့လည်း မထွက်နိုင်တော့ဘူး စုံးစုံးနစ်တော့ တာပဲဟေ့၊ ဒါပေမဲ့ ဝဲကလည်း နှစ်မျိုးရှိတယ်ကွ၊ စုပ်ဝဲရှိသလို မှုတ်ဝဲလည်း ရှိတာကိုး၊ အခုမင်းတွေ့တဲ့ မိန်းမက မှုတ်ဝဲနဲ့တူတဲ့ မိန်းမဖြစ်ရမယ်၊ ဒါကြောင့် မင်းအနေနဲ့ ထွက်လို့ရလာတာ ...'' ဟု မိန့်တော်မူလေ၏။

''ဆရာတော် ပြောတဲ့အတိုင်း ဟုတ်လိမ့်မယ်ထင်တယ်ဘုရား ...''ဟုလူမင်းဦးက ပြန်လည်လျှောက်ထားလိုက်လေ၏။

ထိုအခါ၌ ဆရာတော်က –

''အဲဒီတော့လည်း ဒီကျောင်းမှာပဲ နေပါဦးပေါ့ကွာ ...၊

http://www.cherrythitsar.org



သီတင်းကျွတ်တဲ့အခါမှာ ရဟန်းခံရှင်ပြုတွေ ဒီကျောင်းမှာ ရှိတယ်ကွ၊ အဲဒီတော့မှ ရဟန်းပြန်တက်ပေါ့ကွာ၊ သင်္ကန်းတွေဘာတွေ၊ ပရိက္ခရာတွေအတွက်တော့ မပူပါနဲ့'' ဟု မိန့်တော်မူပြန်၏။

''တပည့်တော်တော့ ရဟန်းဘောင်တော့ ပြန်ဝင်မယ် ဘုရား၊ ဒါပေမဲ့ ဒီမှာတော့ ပြန်မဝင်ချင်ဘူး၊ တပည့်တော် ဆရာသမားဆီပြန်ပြီး ဆရာသမားဆီမှာပဲ ဝတ်ချင်တယ် ...''ဟု လူမင်းဦးက ပြန်လည်၍ လျှောက်ထားလိုက်ရာ ဆရာတော်က–

''အိမ်း ...အဲဒါလည်း ကောင်းတာပဲကွ၊ သင်္ကန်းတို့ ပရိက္ခတို့လည်း ငါကစွန့်လိုက်ပါမယ်ကွာ ...''ဟု မိန့်တော်မူပြန်၏။ ထိုအခါ လူမင်းဦးက–

''သင်္ကန်းနဲ့ ပရိက္ခရာကိုလည်း တပည့်တော် အလုပ်လုပ်ပြီး ချွေးနည်းစာနဲ့ ဝယ်ချင်တယ်ဘုရား''ဟု မဝံ့မရဲ ပြန်၍လျှောက်ထားလိုက်ရာ ဆရာတော်က–

''နေစမ်းပါဦးကွ၊ မင်းက ဘာအလုပ် လုပ်တတ်လို့ ဘာလုပ်မှာတုံး ...''ဟု မေးပြန်လေ၏။

''ဘာမှကို မလုပ်တတ်ပါဘူး ဘုရား၊ ဒါပေမဲ့ ကြုံရာကျပန်း ရရာအလုပ်ကိုပဲ လုပ်မယ်ဘုရား၊ အဲဒီက ရတဲ့ပိုက်ဆံကိုစုပြီး သင်္ကန်း ပရိက္ခရာဝယ်မယ် ဘုရား...''ဟု လူမင်းဦးက လျှောက်ထားပြန်လေ၏။ ထိုအခါ ဘုန်းကြီးကျောင်းသို့ ရွှေဂုံတိုင် ရပ်ကွက်ဘက်မှ အပတ်စဉ် ဆွမ်းအုပ်လာပို့ရသော ဆိုက်ကားသမား ဘသက်ဆိုသူသည် အနီးအနားတွင် ရှိနေသည်ဖြစ်ရာ–





''ဒီလိုလုပ်ပါလား ငါ့လူရာ၊ ငါ့ရဲ့ အုံနာဆီမှာ ဆိုက်ကား တစ်စီးအပိုရှိတယ်၊ နင်းမယ့်လူမရှိဘူး၊ အဲဒါကို မင်းယူပြီးနင်းပေါ့၊ နေတာကတော့ ငါ့အိမ်မှာပဲ နေပေါ့ကွာ၊ ငါ့အိမ်မှာပဲ ထမင်း လခပေးစားပေါ့၊ ဖြစ်အောင် ကြည့်လုပ်ပေးပါမယ် ...''ဟု ပြောလိုက်ရာ လူမင်းဦးက –

''ခင်ဗျားပြောတဲ့ အကြံအစည်ကတော့ အလွန်ကောင်းပါ တယ်ဗျာ၊ တစ်ခုခက်တာက ကျုပ်ဆိုက်ကားမနင်းတတ်ဘူးဗျ'' ဟု ပြန်၍ ပြောလိုက်လေ၏။

''ဆိုက်ကားနင်းတာ မခက်ပါဘူး ငါ့လူရာ၊ စက်ဘီးမစီး တတ်ရင် သင်ရလွယ်ပါတယ်၊ နှစ်ညလောက် သင်ပေးရင် တတ်ပါ တယ်။ စက်ဘီးစီးတတ်ရင်တော့ သင်ရတာ ခက်တယ်၊ ဆိုက်ကား က လဲတဲ့ပစ္စည်းမဟုတ်ဘူး၊ အဲဒီတော့ ထိန်းစရာမလိုဘူး၊ စက်ဘီးစီး တတ်တဲ့သူက အကျင့်ပါပြီး ထိန်းတဲ့အခါ အဲဒီမှာ ဆိုက်ကားမှောက် တော့တာပဲ ...''ဟု ဆိုက်ကားသမား ကိုဘသက်က ပြောလေ၏။ ထိုအခါ လူမင်းဦးသည် လွန်စွာအားတက်၍ သွားလေတော့၏။ ထို့နောက် ထိုသူပြန်သောအခါ၌ လိုက်ပါသွားတော့၏။

လူမင်းဦးသည် ရွှေဂုံတိုင်အဝိုင်းကြီးမှ တာမွေအဝိုင်းကြီး သို့ ခရီးသည်များကို သယ်ပို့နေပြီဖြစ်၏။ တစ်ခါတရံ၌လည်း ရွှေဂုံ တိုင်အဝိုင်းကြီးမှ ရွှေတိဂုံဘုရားဆီသို့ ပို့ရသည်လည်းရှိ၏။ တစ်ခါတရံ ကျောက်မြောင်း၊ မအူကုန်း စသည်သို့တိုင်အောင် ပို့ရလေ့ရှိ၏။ အစဦးဆုံး စ၍ အုံနာကြေးရှင်းပြီး ကျိုးသွားသော

http://www.cherrythitsar.org



စမုတ်တံနှစ်ချောင်းဖိုး နှုတ်ပြီး ငွေခြောက်ကျပ်ကျန်လေ၏။ ထို့ကြောင့် ထမင်းလခနှစ်ကျပ် နှုတ်လိုက် သောအခါ၌ လေးကျပ်စုမိလေ၏။

“ဘယ်လိုလဲ လူထွက်ရဲ့၊ ဟန်ကျရဲ့လား . . .”ဟု ကိုဘသက်က မေးရာ–

“အသားတင်လေးကျပ်စုမိတယ်ဗျာ၊ အဲဒီတော့ တစ်လဆိုရင် (၁၂၀) ရပြီပေါ့၊ သင်္ကန်းပရိက္ခရာဖိုး ပြည့်စုံပြီ၊ နောက်တစ်လ ထပ်ပြီးလုပ်လိုက်ရင် ဆရာတော်ကို လှူဖို့တန်းဖို့ရပါပြီ . . .”ဟု လူမင်းဦးက ပြုံးရွှင်သော မျက်နှာဖြင့် ပြန်၍ပြောလိုက်လေ၏။

ထို့နေ့မှစ၍ လူမင်းဦးသည် ဆိုက်ကားကို နေ့အခါ၌သာ မဟုတ်၊ ညဘက်တွင်ပါ နင်းလေတော့၏။ တစ်နေ့တွင် တာမွေ အဝိုင်းကြီးသို့အရောက် မိန်းမတစ်ယောက်က ခြောက်ထပ်ကြီး ဘုရားသို့ သွားလိုကြောင်း ပြောကာ ငှားရမ်း၍ စီးလေ၏။ ထိုမိန်းမသည် ဆိုက်ကားပေါ်တက်မည်လုပ်ပြီးနောက် လူမင်းဦး၏ မျက်နှာကို သေချာကြည့်ပြီး–

“ဟယ် . . .ဦးဖင်း ယောင်လို့ . . .ယောင်လို့၊ လူမင်းဦး မဟုတ်လား . . .”ဟု မေးလိုက်ရာ လူမင်းဦးက–

“ဟုတ်ပါတယ်၊ ကျုပ်လူမင်းဦးပါ၊ ဘာဖြစ်လို့လဲ . . .” ဟု ပြန်၍ ပြောလိုက်လျှင် ထိုမိန်းမက–

“မင်းငါ့ကို မမှတ်မိဘူးလား၊ ငါမခင်ဝင်းလေ၊ ပုသိမ်ကို မှုယာတို့နဲ့အတူတူ ဘုရားဖူးလိုက်ခဲ့တာ . . .” ဟု ပြောလိုက်လျှင် လူမင်းဦးက–





“သြော် . . .မှတ်မိပြီ၊ မှတ်မိပြီ၊ မှုယာတို့နဲ့အတူ ရတနာပွဲစားလုပ်တဲ့ မခင်ဝင်းလား၊ ကောင်းကောင်းမှတ်မိပါတယ် . . .” ဟု ပြောလိုက်စဉ်၌ပင် မခင်ဝင်းသည် ဆိုက်ကားပေါ်၌ ထိုင်ပြီးသား ဖြစ်နေ၏။ လူမင်းဦးကလည်း ဆိုက်ကားကို စတင်နင်းနေပြီဖြစ်၏။

“အခုလို မြင်ရတာ စိတ်မကောင်းပါဘူးကွယ် . . .” ဟု မခင်ဝင်းက ပြောလိုက်ရာ လူမင်းဦးက–

“ဘာကို စိတ်မကောင်းဖြစ်တာလဲ . . .”ဟု ပြန်၍ မေးလိုက်လေ၏။

“သြော် . . .ဒါက ဒီလိုပါ၊ ချမ်းချမ်းသာသာ နေလာတဲ့ လူတစ်ယောက် ဆင်းဆင်းရဲရဲ ပင်ပင်ပန်းပန်း လုပ်နေရတာ တွေ့ရလို့ စိတ်မကောင်းဖြစ်တာကို ပြောတာပါ . . .”ဟု မခင်ဝင်းက ပြန်၍ပြောလိုက်လေ၏။

“ခင်ဗျားပြောတဲ့အတိုင်း ပင်ပန်းတာတော့ မှန်ပါတယ်ဗျာ၊ ဒါပေမဲ့ မဆင်းရဲပါဘူး၊ စိတ်ချမ်းသာပါတယ်ဗျာ၊ နောက်ဆိုရင် ပိုပြီးတော့တောင် ချမ်းသာဦးမယ်၊ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်အခု ဆိုက်ကားနင်းနေတာက ရဟန်းဘောင်ပြန်တက်ဖို့ သင်္ကန်းပရိက္ခရာဖိုး စုနေတာဗျ၊ ပိုက်ဆံပြည့်တာနဲ့ ရဟန်းဘောင်ပြန်ဝင်မယ်၊ အဲဒီကျရင် ပိုပြီးတော့တောင် ချမ်းသာဦးမယ် . . .”ဟု ပြောလိုက်ရာ မခင်ဝင်းက–

“သြော် . . .ဒီလိုလား၊ အဲဒီအတွက်တော့ ဆိုက်ကားမနင်း

http://www.cherrythitsar.org



ပါနဲ့၊ တို့လှူပါ့မယ်၊ မူယာ့ကိုလည်း လှူခိုင်းရမှာပေါ့၊ သူ့မှာလည်း အဓိကတာဝန်ရှိတာပေါ့ . . .'' ဟု ပြာပြာသလဲ ပြန်၍ပြောလိုက်လေ၏။

''နေပါစေဗျာ၊ ခင်ဗျားလဲ မလှူပါနဲ့၊ မူယာကိုလည်း မလှူခိုင်းပါနဲ့၊ ကျုပ်ရဲ့ လုပ်အားနဲ့ရတဲ့ငွေကိုပဲ ကျုပ်အလိုရှိပါတယ် . . .''ဟု ပြန်၍ ပြောလိုက်လေ၏။

ခြောက်ထပ်ကြီးဘုရား မုခ်ဝအနီးသို့ ရောက်သောအခါ၌ မခင်ဝင်းက ရောက်ပြီဟုဆိုသဖြင့် လူမင်းဦးလည်း ဆိုက်ကားကို ရပ်ပေးလိုက်လေ၏။ မခင်ဝင်းသည် ဆယ်တန်တစ်ရွက်ကို ထုတ်၍ ''ပြန်မအမ်းပါနဲ့''ဟု ပြောကာ လှည့်၍ ထွက်သွားလေ၏။ လူမင်းဦးက ဆယ်တန်ကို လှမ်းယူ၍ ငွေခုနစ်ကျပ်ကို ထုတ်ကာ ပြန်၍ အမ်းလေသော်လည်း မခင်ဝင်းက–

''နေပါစေ . . . မအမ်းပါနဲ့ . . .''ဟု ပြန်၍ပြောကာ မခင်ဝင်းသည် မုခ်ဝဆီသို့ ဆက်၍ လျှောက်သွားလေ၏။ ထို့နောက် လူမင်းဦးက–

''ဒီမှာ မခင်ဝင်း . . .'' ဟုဆိုကာ ငွေခုကျပ်ကို လမ်းပေါ်သို့ ပစ်ချ၍ ဆိုက်ကားကို နင်းကာ လှည့်ထွက်သွားလေတော့၏။ ထိုအချိန်၌ တစ်ဖက်မှလာသော လင့်ရိဗာကားတစ်စီးသည် လူမင်းဦး၏ ဆိုက်ကားကို ဂျိုင်းကနဲဝင်၍ တိုက်ချလိုက်လေတော့၏။ လူမင်းဦးသည် ဆိုက်ကားပေါ်မှ လွင့်စင်၍ လမ်းဘေးတွင် ခွေခွေကလေးကျကာ သတိလစ် မေ့မျောသွား၏။ လင့်ရိဗာ





ကားသမားမှာ မောင်းနှင်ပြေးသွားပြီးဖြစ်၏။ ထိုအဖြစ်အပျက်ကို မြင်လိုက်ရသော မခင်ဝင်းသည် ကားနံပါတ်ကို ရေးမှတ်ထားလိုက်လေ၏။ ထိုအဖြစ်အပျက်ကိုမြင်သော အနီးအပါးမှ လူများလည်း ပြေးလာကြပြီးဖြစ်၏။ တာဝန်သိတတ်သော လူတစ်ဦးက ယာဉ်ထိန်းရဲကို တယ်လီဖုန်းဆက်၍ အကြောင်းကြားလိုက်လေ၏။ အနီးအနားရှိ တရုတ်ကတ်မှန်လုပ်သော အိမ်တစ်အိမ်မှ လူငယ်တစ်ဦးသည် သူ၏ မော်တော်ကားကို မောင်းထုတ်လာပြီး လူမင်းဦးအား ကားပေါ်တင်ကာ ရန်ကုန်ဆေးရုံကြီး အရေးပေါ်လူနာဌာနသို့ သွားရောက်၍ ပို့လေတော့၏။

များမကြာမီ၌ ယာဉ်ထိန်းရဲအရာရှိနှင့် ရဲများရောက်လာကြပြီးလျှင် မေးမြန်းစုံစမ်းရာ မခင်ဝင်းက ကားအမျိုးအစားနှင့် ကားနံပါတ်ကို သွားရောက်၍ ပြောပြလေ၏။ ကျန်လူများကလည်း မခင်ဝင်းပြောပြသည်မှာ အမှန်အတိုင်းဖြစ်ကြောင်း ဝိုင်းဝန်းပြောဆိုကြလေ၏။ ညနေပိုင်းသို့ရောက်လျှင် မူယာနှင့် မခင်ဝင်းတို့ တွေ့ဆုံကြ၏။ မူယာက မခင်ဝင်းအား–

''အစ်မ မခင်ဝင်း၊ ကိုမိုက်ကယ်တစ်ယောက် အဖမ်းခံရတာ သိပြီးပြီလား . . .'' ဟု မေးလေ၏။ ထိုအခါ မခင်ဝင်းက–

''ဟင့်အင်း မသိဘူး၊ ဘာအမှုနဲ့ အဖမ်းခံရတာလဲ''ဟု မေးလိုက်ရာ မူယာက

''ခြောက်ထပ်ကြီး ဘုရားနားမှာ ဆိုက်ကားသမားကို ကားနဲ့ဝင်တိုက်လို့တဲ့၊ အခု ဗဟန်းဂိတ်မှာ အဖမ်းခံထားရ

http://www.cherrythitsar.org



တယ်၊ အဲဒါ သွားတွေ့ရမယ်၊ အစ်မခင်ဝင်း အဖော်လိုက်ခဲ့စမ်းပါ ...''ဟု ပြောလိုက်လျှင် မခင်ဝင်းက –

''ဟော့တော ...၊ အဲဒီလင့်ရိုဗာကားနံပါတ်ကို ပြောလိုက်တာ ငါပြောလိုက်တာဟဲ့၊ အတိုက်ခံရတဲ့ ဆိုက်ကားသမားဆိုတာ တခြားလူမဟုတ်ဘူး၊ လူမင်းဦး ...၊သူ့ဆိုက်ကားကို ငါငှားပြီး စီးလာခဲ့တာ၊ သူ့ခမျာ ရဟန်းဘောင် ပြန်တက်မလို့တဲ့၊ သင်္ကန်း ပရိက္ခရာဖိုးရအောင် ဆိုက်ကားနင်းပြီး စုနေတာဟဲ့၊ သူ့ခမျာ သနားစရာကွယ် ပြီးတော့ မိုက်ကယ်ဟာ အတော် ညံ့တဲ့ကောင်ပဲ၊ ကိုယ့်ကြောင့် တိုက်မိတာ လှည့်တောင်မကြည့်ဘူး၊ မောင်းထွက်ပြေးသွားတယ်'' ဟု မခင်ဝင်းက ပြောလိုက်လျှင် မူယာသည် အကြီးအကျယ် မျက်နှာပျက်၍သွား၏။

''ရန်ကုန်မြို့ပေါ်မှာ ဆိုက်ကားတွေ အများကြီးပဲ၊ မော်တော်ကားတွေ အများကြီးပဲ၊ အဲဒီအထဲက ရွေးပြီး သူတို့နှစ်ယောက်သွားပြီးတိုက်မိကြတော့ အံ့သြစရာပဲ...'' ဟု ပြောကာ မျက်လုံးအိမ်မှ မျက်ရည်များ စီးကျလာလေတော့၏။

မူယာနှင့် မခင်ဝင်းသည် ဗဟန်းဂါတ်သို့ လိုက်၍သွား၏။ မိုက်ကယ်နှင့်တွေ့လျှင် အကျိုးအကြောင်းပြောပြရာ မိုက်ကယ်သည် အံ့သြလွန်း၍ ကြက်သေ သေနေ၏။ ထို့နောက်မှ–

''မူယာ အိုင်က လမ်းမှန်တယ် ...''ဟု ပြောလိုက်ရာ မခင်ဝင်းသည် အသားတဆတ်ဆတ်တုန်၍ သွားပြီးလျှင်

''ဘာလမ်းမှန်တာလဲ၊ အဲဒီ ဆိုက်ကားကို ငါစီးလာတာ၊





မင်း အရမ်းမောင်းပြီး ဝင်တိုက်တာ၊ သက်သေရှိတယ်၊ ငါတစ်ယောက်တည်းမဟုတ်ဘူး၊ သက်သေ ငါးယောက်လောက်ရှိတယ်၊ ဒီအမှုကို ငွေသုံးပြီး လွတ်ဖို့တော့ မကြိုးစားပါနဲ့၊ ဒို့မခံဘူး၊ ဒီမှာ ငွေရှိတယ်ဆိုပြီး ဒီအမှုကို မလိုက်ပါနဲ့၊ ညည်းနဲ့ကျုပ် တစ်သက်လုံး သေခန်းပြတ်သွားမယ်'' ဟု မခင်ဝင်းက ပြောလိုက်လေ၏။ ထိုအခါ မူယာက–

''အမှန်တရားပဲပြောပြော၊ ငွေနဲ့ပဲလိုက်လိုက် မလိုက်လိုက် အစ်မ မခင်ဝင်းရယ်၊ ကိုလူမင်းဦးက ခံရပြီ၊ မိုက်ကယ်ထောင်ကျလို့ရော သူက သက်သာသွားမှာမှ မဟုတ်ဘဲ၊ အဲဒီတော့ မကျအောင်လုပ်ရမှာပေါ့၊ စဉ်းစားကြည့်ပါဦး၊ တကယ်လို့ ကိုလူမင်းဦး ခုသေသွားတယ်ဆိုပါတော့၊ မိုက်ကယ် ထောင်ကျရင် ပြန်ပြီး ရှင်လာမှာမှ မဟုတ်ဘဲ၊ အဲဒါကြောင့် မူယာကတော့ မိုက်ကယ်လွတ်အောင် ကြိုးစားရမှာပဲ ...''ဟု ပြောလိုက်လျှင် မခင်ဝင်းက–

''ဒီလိုဆိုလည်းပြီးရော၊ ညည်းနဲ့ငါ သေခန်းပြတ်ပဲ၊ ဒီလိုဆိုလည်း လူမင်းဦးဘက်က ငါလိုက်မယ်...''ဟုဆိုကာ မခင်ဝင်းသည် လမ်းခွဲ၍ ထွက်လာလေတော့၏။

လူမင်းဦးသည် ဆေးရုံတွင် နှစ်ရက်တိုင်တိုင် သတိလစ်နေ၏။ သတိရသောအခါ၌ ဆိုက်ကားသမား ဘသက်ကို တွေ့ရလေ။ ဘသက်က လူမင်းဦးအား–

''ကိုယ်လူ့ကို တိုက်တဲ့မော်တော်ကားဟာ တခြားလူမဟုတ်ဘူး၊ ကိုယ့်လူရဲ့အသိ မိုက်ကယ်တိုက်တာ၊ ဆိုက်ကားအစား

http://www.cherrythitsar.org



ဆိုက်ကားအသစ်တစ်စီး အုံနာကို ဝယ်ပေးမယ်၊ ပျက်တဲ့ဆိုက်ကား ကို ကိုရင့်ကို ပေးဖို့ဆိုပြီးဆိုင်မှာ ပြင်ခိုင်းထားတယ်၊ ကိုရင် ဆိုက်ကားတစ်စီး အပိုင်ရပြီ၊ အုံနာကြေး မပေးရတော့ ရသမျှငွေ ကိုယ့်အတွက်ချည်းပဲပေါ့ ...''ဟု ပြောလိုက်ရာ လူမင်းဦးက–

''ဒီမှာ ကိုဘသက် ဘာကြောင့်လဲလို့ မမေးနဲ့၊ အဲဒီ ဆိုက်ကား ကျုပ်မယူဘူး၊ ခင်ဗျားယူလိုက်၊ ဆေးရုံက ဆင်းရင် ခင်ဗျားဆိုက်ကား ကျုပ်ယူနင်းမယ်၊ အုံနာကြေးလည်း ခါတိုင်းလို ကျုပ်ပေးမယ် ...''ဟု လူမင်းဦးက ပြောလေ၏။ ထိုအခါ ကိုဘသက်က–

''ကိုယ့်လူ သတိလစ်နေတုန်းမှာ ကိုယ့်လူရဲ့ မိတ်ဆွေ မိုက်ကယ်နဲ့ မူယာဆိုတာ လာကြည့်တယ်၊ ဆရာဝန်နဲ့လည်း စကားတွေ ပြောကြတယ်၊ အင်္ဂလိပ်လိုပြောကြတာဆိုတော့ ဘာပြောမှန်း ကျုပ်မသိဘူး၊ ရယ်မောပြီး ပြောနေကြတဲ့ ပုံထောက် ရင်ကောင်းတဲ့စကားပဲ ဖြစ်မှာပဲ၊ ပြီးတော့ ကိုယ့်လူသတိရလာ ရင်လိုအပ်တာတွ ဝယ်ဖို့ဆိုပြီး မူယာက ကျုပ်ကို ငွေငါးရာပေး သွားတယ် ...''ဟု ပြောလိုက်လေ၏။ ထိုအခါ လူမင်းဦးက...

''ဘာကြောင့်လဲလို့ ကျုပ်ကို မမေးပါနဲ့၊ မူယာရဲ့ လိပ်စာ ကို ကျုပ်ပေးမယ်၊ အဲဒီငွေငါးရာ သွားပြီးပြန်ပေးလိုက်ပါ၊ ကျုပ်ရဲ့ ဆိုက်ကား ရှေ့ဖင်ထိုင်ခုံအောက်ထဲမှာ စီးကရပ်ဗူးနဲ့ ထည့်ထား တဲ့ ငွေ ရှစ်ဆယ်ငါးကျပ်နဲ့ သုံးမတ်ရှိတယ်၊ အဲဒီပိုက်ဆံကို တွေ့ သလား...''ဟု မေးလိုက်ရာ ကိုဘသက်က–





''ဆိုက်ကားတစ်လုံး ကြွေမွသွားတာ ကိုယ့်လူရဲ့ ပိုက်ဆံဗူး ကို မတွေ့ဘူး၊ အဲဒီဆိုက်ကားကိုလည်း ရဲက သက်သေခံဆိုပြီး သိမ်းသွားလို့ မိုက်ကယ်တို့ပဲ ပြန်ပြီးထုတ်ပေးထားတာ ...'' ဟု ပြောလေ၏။

ဘာကြောင့်လဲလို့ မမေးပါနဲ့၊ အဲဒီမိုက်ကယ်ဆိုတာရော၊ မူယာဆိုတာရောနဲ့ ကျုပ်မပတ်သက်ချင်ဘူး၊ သူတို့က ကျုပ်သွား မယ့် လမ်းကြောင်းရဲ့ အညစ်အကြေးတွေဖြစ်တယ်၊ ကျုပ်မှာတဲ့ အတိုင်းသာ အဲဒီငွေငါးရာကို ပြန်ပေးလိုက်တာပါ၊ ကျုပ်နေကောင်း တာနဲ့ ဆေးရုံကဆင်းပြီး ဆိုက်ကားပြန်နင်းမယ်...'' ဟု လူမင်းဦး က မချိတင်ကဲ လေသံဖြင့် ပြန်ပြောလိုက်လေတော့သတည်း။

●

http://www.cherrythitsar.org





အခန်း ( ၁၀ )

## လူမင်းဦး ဒုတိယအကြိမ် ဒုက္ခရောက်ခြင်း

လူမင်းဦးသည် ဆေးရုံမှ ဆင်းလာပြီဖြစ်၏။ သက်နီးပရိက္ခရာဝယ်ရန်အတွက် စုဆောင်းထားသော ဆိုက်ကားခလေးမှာလည်း မော်တော်ကားအတိုက်ခံရသဖြင့် ပျောက်ဆုံးသွားပြီဖြစ်၏။ သူ၏ နံရိုးများမှာလည်း နာကျင်နေပြီဖြစ်၏။ သူ၏ ခြေထောက်တစ်ဖက်မှာလည်း ကောင်းစွာမထောက်နိုင်တော့ပေ။ အထူးသဖြင့် သူသည် အလုပ်ကြမ်း လုပ်ဖူးသူမဟုတ်ပေ။ သို့သော် ယခုအခါတွင် နေ့ရော

http://www.cherrythitsar.org



ညရော ဆိုက်ကားနင်းခဲ့ရသောကြောင့် နှလုံးရောဂါရနေပြီဖြစ်၏။ ကောင်းစွာ အမောမခံနိုင်တော့ပေ။ ထိုသို့ နှလုံးရောဂါရနေကြောင်းကို သူကိုယ်တိုင် မသိရှာပေ။ ဆိုက်ကားအုံနာမှာ မူယာတို့ဝယ်ပေးသော ဆိုက်ကားအသစ်ကို ရနေသဖြင့် ကျေနပ်နေပြီဖြစ်၏။ ကိုဘသက်မှာလည်း ဆိုက်ကားအစုတ်ကို ပြင်လိုက်ရာ အကောင်းပကတိဖြစ်သွားသဖြင့် ဆိုက်ကားတစ်စီး အပိုင်ရသွား၏။ ထို့ကြောင့် ကိုဘသက်၏ ဆိုက်ကားကို လူမင်းဦးက အုံနာကြေးပေး၍ ယူရလေ၏။ ကောင်းစွာ ကျန်းမာခြင်းမရှိသေးပဲ ဆိုက်ကားကို ပြန်၍နင်းရရှာလေ၏။ လူမင်းဦးသည် ရွှေဂုံတိုင် အဝိုင်းကြီးအနီး 'ဗ႔လ႔စ'ဟု ရေး ထားသော အဆောက်အဦး၏ရှေ့တွင် ဆိုက်ကားကို ထိုးထားလေ၏။ ထိုအချိန်၌ မိန်းမကြီးတစ်ယောက် ရောက်လာပြီးလျှင်–

''ဗဟန်းကြားတောရကဘုန်းကြီး ကျောင်းကို သွားချင်တယ်၊ ဘယ်လောက်ပေးရမလဲ ...'' ဟု မေးလေ၏။

''တစ်ကျပ်ခွဲပဲ ယူပါတယ်ဗျာ ...'' ဟု လူမင်းဦးက ပြန်ပြောလိုက်လျှင် ထိုမိန်းမကြီးက မလှမ်းမကမ်းတွင် အရိပ်ခိုနေသော မိန်းကလေးတစ်ဦးဘက်လှည့်ကာ –

''မူယာရေ ...ဆိုက်ကားရပြီဟေ့ ...''ဟု ပြောလိုက်လျှင် ထိုမိန်းကလေးသည် ဆိုက်ကားအနီးသို့ အပြေးကလေးလာပြီး စွေကနဲ့ ထိုင်ချလိုက်လေ၏။ လူမင်းဦးသည် သူ၏ မျက်နှာကို ငုံ၍ကြည့်ပြီးနောက် မူယာဖြစ်မှန်းသိလျှင်–





''ဒါဘာလုပ်တာလဲ ...''ဟု မေးလေ၏။

''ဘုန်းကြီးကျောင်းကိုသွားဖို့ ဆိုက်ကားငှားစီးတာလေ၊ ဘာလုပ်ရမှာလဲ ...''ဟု မူယာက ပြန်၍ပြောလေ၏။ ထို့နောက် မူယာက–

''ကားရှိတဲ့လူ ဆိုက်ကားမစီးရဘူးလို့ ဥပဒေမှ မရှိတာပဲ၊ ပြီးတော့ ဆိုက်ကားဆရာတောင်းတဲ့ ဈေးကို မဆစ်ဘဲ စီးတာပဲ၊ ခရီးသည်ကို ရန်မလုပ်ပါနဲ့ ...''ဟု မချိုမချဉ်မျက်နှာဖြင့် ပြန်၍ပြောလေ၏။ ထိုအခါ လူမင်းဦး

''တခြားခရီးသည်တွေကိုတော့ ရန်မလုပ်ပါဘူး၊ ဒီခရီးသည်ကို ရန်လုပ်မှာပဲ၊ လိုအပ်ရင် နှစ်ယောက်စလုံးသေအောင် မော်တော်ကားအောက်ကို ဝင်သင့်ရင် ဝင်ပစ်လိုက်ရမယ် ...'' ဟု ပြောလိုက်လျှင်–

''မူယာက ကိုလူမင်းဦးနဲ့အတူတူ သေရမယ်ဆိုရင် ပျော်နေမှာပါ၊ အဲဒီတော့ လုပ်လိုက်လေ ... ကြာသလားလို့၊ ဟိ ...ဟိ'' ဟု ပြီတီတီလေသံဖြင့် ပြောလေ၏။

''ကဲပါ ...မူယာရယ်၊ တစ်ယောက်နဲ့တစ်ယောက် ပြတ်ပြတ်စဲစဲ ဖြစ်ပြီးပြီပဲ၊ ကိုယ့်လမ်းကိုယ်လျှောက်ပါ၊ မင်းနဲ့ ကိုမိုက်ကယ်နဲ့ လျှောက်ရမယ့်လမ်းလည်း အနှောက်အယှက်မရှိ ဖြောင့်ဖြူးနေ ပြီပဲ၊ ကိုယ်လျှောက်မယ့်လမ်းကလည်း နှစ်လလောက် ဆိုက်ကားနင်း ပြီးရင် ပရိက္ခရာဝယ်ဖို့၊ ဆရာတော်ကို လှူဖို့ ငွေကြေးပြည့်စုံသွား ပြီ၊ အနှောက်အယှက်မရှိ ဖြောင့်ဖြူးနေပါတယ်၊

http://www.cherrythitsar.org



သံသရာတစ်ဖက် ကမ်းအထိ ဖြောင့်ဖြူးနေပါတယ်၊ ဘာပြုလို့ အနှောက်အယှက် ပေးမလဲကွယ် . . .''ဟု လူမင်းဦးက ပြောလိုက်လျှင် မူယာက–

''အနှောက်အယှက်ပေးတာ မဟုတ်ဘူးရှင်၊ ချစ်စိတ်တွေ မုန်းလို့မရလို့၊ ချစ်လို့၊ မုန်းလို့မရလို့၊ ဒါမှမဟုတ် အခုလို စကားပြော ချင်လို့ပါ၊ မူယာကို မဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးလို့ မထင်လိုက်ပါ နဲ့၊ ကိုလူမင်းဦးရယ်၊ မူယာဟာ မိုက်ကယ်နဲ့လက်ထပ်ပြီး ဘဝခရီး ကို လျှောက်သွားမှာပါ၊ သင့်တော်တဲ့ ဘဝခရီးဖော်ကို ရွေးတာပါ၊ ဒါပေမဲ့ မူယာရဲ့ နှလုံးသားကတော့ ကိုလူမင်းဦးရဲ့ ဆိုက်ကား ခြေနင်းအောက်မှာ ရှိနေပါတယ်၊ နင်းချင်သလိုနင်းပြီး ချေချင်သလို ချေပစ်ခဲ့ပါ၊ မူယာရဲ့ နှလုံးသားဟာ ကြေပြုန်းပြီးသားပါ မောင်ရယ်'' ဟု ဆိုကာ မျက်လုံးအိမ်မှ မျက်ရည်များသည် တသွင်သွင်စီးကျ လာလေ၏။ လူမင်းဦးသည် ဆိုက်ကားလက်ကိုင်ကိုကိုင်၍ ကုန်းကုန်း ကြီး ငူငူကြီးဖြစ်၍ နေလေ၏။

''မောင်ကလေ မူယာပြောတာကို ယုံမှာမဟုတ်ပါဘူး၊ မောင့်ကို မုန်းလို့လည်း မရသေးဘူး၊ မေ့ပစ်လို့လည်း မရသေးဘူး၊ ချစ်လွန်းလို့ အဝတ်ကို အတင်းချွတ်ခိုင်းပြီး ယူခဲ့တာမို့လား၊ ဘယ်လောက်ပဲ ပြောပြောပါလေ၊ မောင်ရဲ့ စိတ်ထဲမှာတော့ 'တောင်ကြီးမြို့မှ၊ ရွှတ်ဆိုပြုလည်း၊ မိန်းမသစ္စာ၊ မှသားသာတည်း'' လို့ ထင်နေမှာပါ၊ မောင့်အနေနဲ့ ယုံတာမယုံတာအကြောင်း မဟုတ်ပါဘူး မူယာ ဘယ်လောက်ခံစားနေရတယ်ဆိုတာ ပြောချင်





လွန်းလို့ လာခဲ့တာပါ . . .''ဟု မူယာက ပြောလေ၏။

''ဒီလို စဉ်းစားအောင်လား၊ မူယာရယ်၊ မူယာက ကျုပ်ကိုချစ်တယ်၊ ဒါပေမဲ့မိုက်ကယ်နဲ့ ခရီးဆက်မှ သင့်တော်မှာဖြစ် လို့ လက်တွဲခဲ့တယ် မဟုတ်လား၊ အဲဒီလိုပဲပေါ့၊ ကျုပ်ကလည်း မူယာကို ချစ်တယ်ပဲထားတော့၊ ဒါပေမဲ့ ကျုပ်ဘဝကို ရဟန်းအဖြစ် နဲ့ ဇာတ်သိမ်းတာဟာ သင့်တော်တယ်လို့ ယူဆပြီး ကိုယ့်လမ်း ကို ရွေးချယ်ခဲ့တာပဲ၊ အဲဒီတော့ ကိုယ့်လမ်းကို လျှောက်တာဟာ သဘာဝအကျဆုံးပါပဲ . . .'' ဟု ပြောလိုက်လျှင် –

''ဒီလိုလုပ်ပါမောင်ရယ်၊ ကိုယ့်လမ်းကိုယ် လျှောက်ပါမယ်၊ ရဟန်းဝတ်မယ်ဆိုရင်လည်း သင်္ကန်းပရိက္ခရာလေးတော့ ဘဝ ဘဝမှာ အထုံပါရမီလေးပါအောင် မူယာ့ကို လှူဒါန်းခွင့်ပေး ပါ. . .'' ဟု ပြောလိုက်လျှင် လူမင်းဦးက

''အဲဒါတော့ တောင်းပန်ပါရစေ၊ မလိုက်လျှောတာကိုလည်း စိတ်မကောင်းမဖြစ်ပါနဲ့၊ အမိဌာန်နဲ့ လုပ်တဲ့ကိစ္စမို့လို့ပါ၊ အဲဒီ အမိဌာန်မပျက်ချင်လို့ပါ'' ဟုပြန်၍ပြောလိုက်လေ၏။

''ဒါဆိုရင်လည်း ဆိုက်ကားပိုင်မရှိလို့ အငှားနင်းနေရတယ် ဆိုတော့ ဆိုက်ကားအသစ်တစ်စီး ဝယ်ပေးပါရစေ . . .''ဟု မူယာ ပြန်ပြောလေ၏။ သို့ရာတွင် လူမင်းဦးက . . .

''ဟင့်အင်း . . .အဲဒါလည်း အမိဌာန်ထဲပါတယ်၊ မယူ ပါရစေနဲ့၊ အမိဌာန် ပျက်သွားမှာစိုးလို့ပါ . . .''ဟု လူမင်းဦးက ပြောလိုက်လေ၏။

http://www.cherrythitsar.org



''ကားနဲ့ အတိုက်ခံရတုန်းက စုထားတဲ့ငွေလေး ရှစ်ဆယ် ကျော် ပျောက်သွားတယ်လို့ ကြားရတယ်၊ အဲဒါလေးတော့ လျော် ပေးပါရစေ ...''ဟု မူယာက ပြောလိုက်ရာ လူမင်းဦးက–

''မူယာက ဗမာလိုပြောတာကို နားမလည်ပဲကိုး ...၊ အဲဒီတော့ အင်္ဂလိပ်လို ပြောရမှာပေါ့၊ နိုး (No) ...''ဟုပြော လိုက်လေ၏။ မူယာသည် ရှက်ကြီးတငင် ငိုလေ၏။ ထိုအချိန်မှာ ပင် လူဆိုးလူမိုက်ဟု ထင်ရသော ညှင်းသိုးသိုးနိုင်လှသည့် လူသုံးယောက်သည် အနီးသို့ရောက်လာပြီး –

''ဟေ့ကောင် ...ဆိုက်ကားသမား၊ ခရီးသည်မိန်းကလေး ကို ငိုအောင် မင်းဘယ်လိုလုပ်လိုက်တာလဲ ...''ဟု မေးသူက မေး၏။

''ဒီကောင် ဘာလုပ်လဲ ညီမလေး ပြောစမ်း''ဟု မူယာကို မေးသူကမေး၏။ မူယာသည် မေးသည်ကိုမဖြေဘဲ ငိုမြဲငိုနေ၏။ ထိုအချိန်၌မှာပင် ထိုလူသုံးယောက်တို့သည် လူမင်းဦးအား ဝိုင်းဝန်းထိုးကြိတ် ရိုက်နှက်ကြလေတော့၏။ ထို့နောက် ထွက်သွား ကြလေတော့၏။ လူမင်းဦး၏ နှာခေါင်းများ၊ ပါးစပ်များမှ သွေးများ ထွက်ကျနေ၏။ လမ်းပေါ်တွင် မှောက်ခုံကြီးဖြစ်နေ၏။ လူမင်းဦးသည် မိမိအဖြစ်ကို မိမိဝမ်းနည်းသွား၏။ မျက်နှာတစ်ခုလုံးလည်း ယောင်ကိုင်သွား၏။ သူသည် ကတ္တရာလမ်းပေါ်တွင် ဝမ်းလျားမှောက် အနေအထားနေ၍ မူယာဘက်သို့ လက်အုပ်ချီကာ–

''ရှိကြီးခိုးပါရဲ့ မယ်မင်းကြီးမရယ်၊ ဒီထက်ပိုပြီး ကျုပ်ကို





ဒုက္ခမပေးပါနဲ့ ...''ဟု ရေရွတ်လိုက်လေ၏။ မူယာသည် လူမင်းဦး အား ပွေ့ထူထား၏။ လူမင်းဦးသည် မူယာ့လက်မှ ရုန်းထွက်ကာ ဆိုက်ကားပေါ်တက်၍ ဒယိမ်းဒယိုင်ဖြင့် ဆိုက်ကားကို နင်း၍ ထွက်သွား၏။ မူယာသည် နောက်မှ လှမ်း၍ ခေါ်သည်။ လူမင်းဦးသည် လှည့်၍ပင် မကြည့်ပေ။ လမ်းကွေ့တစ်ခုထဲသို့ ချိုးဝင်သွား၏။ မူယာသည် မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ–

''စရိုက်ချင်းမတူလို့ ပေါင်းလို့မရပေမဲ့ အချစ်ဆုံးပါပဲ မောင်ရယ်''ဟု ပြောကာ ရှိုက်ကြီးတငင် ငိုကြွေးနေလေတော့၏။

လူမင်းဦသည် အိမ်သို့ ပြန်ရောက်လျှင် ကိုဘသက် မိန်းမက–

''ဟဲ့ ...လူမင်းဦး၊ ဘာဖြစ်လာတာလဲ၊ မျက်နှာမှာလည်း သွေးတွေနဲ့၊ ဖုလို့ယောင်လို့ပါလား၊ ကားတိုက်ခံရပြန်ပြီလား ...'' ဟု မေးလေ၏။

''ကားထက်ဆိုးတဲ့ ပစ္စည်းတိုက်တာဗျို့''ဟု ဆိုကာ မျက်နှာ သစ်လေ၏။ လက်တွင် သွေးများကပ်၍ ပါလာသည်ကို တွေ့ရ၏။ ပေါက်နေသည့် နေရာများကို ကိုဘသက်၏ မိန်းမက နနွင်းမှုန့် များ သိပ်ပေးလေ၏။ ခေါင်းပေါက်သွားသောနေရာမှ ဆံပင်ကို အနာမထိစေရန်အတွက် ကတ်ကြေးဖြင့် ညှပ်ပေးလေ၏။ ကိုဘသက် ၏ မိန်းမသည် ဤသို့လျှင် ကြင်နာစွာပြုစုပေးရင်း–

''ဒီတစ်ခါ ဒီကောင်မလာရင် ငါ့ကိုပြစမ်း၊ ပါးရှစ်စိပ်ကွဲ သွားအောင် ရိုက်လွှတ်မယ်၊ သွားကြားထဲက သွားချေးဟာ ယိုးဒယား

http://www.cherrythitsar.org



က ကထွက်သွားမယ်၊မိတူးတဲ့ . . . တစ်တူးထဲရှိတယ်၊ ခနောင်တို ဆိပ်ကြီးဘက်က သူကြီးသမီး၊ ခြောက်တန်းအထိ (အေဘီအမ်မ်) အင်္ဂလိပ်ကျောင်းတက်ခဲ့တာ၊ သူများထက် သတ္တိရှိလို့ ဆိုက်ကား သမားကို ယူတာ၊ ငါ့လက်ဝါးဟာ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန်ကာ လသုံးပါး မရွေးဘူး၊ ပြစမ်းပါ လူမင်းဦးရယ်၊ ငါရိုက်ဖြစ်အောင် ရိုက်ပြမယ် . . .'' ဟု ပြောစဉ်၌ပင် ကိုဘသက်ပြန် ရောက်လာပြီး–

''ဘာတွေများ ဓားကြိမ်း ကြိမ်းနေတာလဲ မိန်းမရဲ့၊ အကြောင်းရှိရင် မင်းရှေ့က ဖယ်လိုက်စမ်းပါ . . .''ဟု ပြောလိုက်ရာ ၎င်း၏ မိန်းမက–

''ကျုပ်က ရှေ့ကဖယ်လိုက်ရင် ရှင်က ရှေ့ကထွက်ပြီး ဖိုက်မယ်ပေါ့ . . . ဟုတ်လား . . .''ဟု ပြန်၍မေးလေ၏။ ထိုအခါ ကိုဘသက်က–

''ဘယ်ကလာဖိုက်ရမှာလဲ၊ မင်းကို ရှေ့က ဖယ်ခိုင်းရတာ က ငါ့အတွက် ပြေးပေါက်ပိတ်မိမှာစိုးလို့ပါ . . .''ဟု ပြောလိုက်ရာ လူမင်းဦးသည် နာကျင်နေသည့်ကြားမှ ပြုံးရလေတော့၏။ ထို သို့ ပြုံးပြီးနောက်–

''ကိုဘသက် . . . ခင်ဗျားမိန်းမက ခနောင်တို ဆိပ်ကြီး ဘက်က သူကြီးသမီးဆိုပါလား၊ ဘယ်ခေလို့တုံး . . .''ဟု ပြောလိုက်ရာ ကိုဘသက်က–

''သူ့အဖေက ခန္ဓာကိုယ်ကြီးက အကြီးကြီး ဒါကြောင့် သူ့ကို လူကြီး . . . လူကြီးလို့ခေါ်ရင်း နောက်ပိုင်းသူကြီးဖြစ်သွားတာ၊ တ





ကယ်က သူကြီးမဟုတ်ပါဘူး . . .''ဟု ပြောလျှင် ၎င်း၏မိန်းမက–

''ရှင်ဟာလေ ဂုဏ်ရှိအောင် မနေတတ်၊ မပြောတတ်ဘူး၊ သူကြီးသမီးဆိုရင် ဟုတ်တယ်လို့ ပြောလိုက်ပြီးတာပဲ၊ ကျွန်မ အဖေနာမည်က သူကြီးပဲ ဥစ္စာ'' ဟု ပြောလိုက်လေ၏။ ထိုအခါ လူမင်းဦးက–

''ခင်ဗျားမိန်းမက ပြောသေးတယ်ဗျ၊ (အေဘီအမ်မ်) ကျောင်းမှာ ခြောက်တန်းအထိ နေဖူးတယ်ဆို . . .''ဟု ပြောလိုက်လျှင်–

''ဒီလိုဗျ . . .၊ သူတို့ရွာနားမှာ ခုနစ်တန်းထိသင်တဲ့ ကျောင်း ကလေးတစ်ကျောင်းရှိတယ်၊ အဲဒီကျောင်းက အလွတ်ပညာသင် ကျောင်းလိုဟာလေ၊ ကျောင်းဆရာကြီးနာမည်က ဦးအောင်ဗမှုတဲ့။ အဲဒီအောင်ဗမှုဆိုတဲ့ နာမည်ကို အတိုကောက် (အေဘီအမ်မ)လို့ ခေါ်တာ၊ တကယ့် (အေဘီအမ်မ)ကျောင်းကြီး မဟုတ်ပါဘူး၊ နေ့ကျောင်းလည်း မဟုတ်ဘူး၊ ညကျောင်းဗျ၊ ကျောင်းသား တစ်ယောက်ကို တစ်လကို ရေနံဆီဖိုး ငါးပဲပေးရတဲ့ ကျောင်းပါ ဗျာ . . .''ဟု ကိုဘသက်ပြောလျှင် လူမင်းဦးသည် ရယ်ရလေ၏။ ထို့နောက် လူမင်းဦးက–

''ခင်ဗျားတို့ လင်မယားနှစ်ယောက်ကြည့်ရတာ ပျော်ဖို့ သိပ်ကောင်းတာပဲ၊ ပိုက်ဆံလည်းမရှိဘူး၊ အသိုင်းအဝိုင်းလည်း မရှိ ဘူး၊ ယောကျ်ားက ဆိုက်ကားနင်း၊ မိန်းမက ပဲပြုတ်ရောင်း၊ တစ် ယောက်နဲ့တစ်ယောက်တွေ့လည်း နောက်ပြောင်နေတာ . . .''ဟု

http://www.cherrythitsar.org



ပြောလေ၏။ ထိုအခါ ကိုဘသက်က–

''ဒီလို ကိုယ့်လူရဲ့ . . .၊ ဒီမိန်းမကို ငါယူခဲ့တာက မဟောသဓာ အမရာရှာသလို အပင်ပမ်းခံရှာပြီး စမ်းသပ်ပြီးမှ ယူခဲ့တာ၊ မင်းက ဒီလိုယူခဲ့တဲ့ အိမ်ထောင်မျိုးမဟုတ်ဘူးလေ၊ ရုပ်ကသိပ်ပြီး ချောတော့ မိန်းမက ငမ်းငမ်းတက်ကြိုက်ပြီး မင်းကို အပိုင်ကြံတာလေ၊ တကယ်ပေါင်းကြည့်တော့ သူထင်သလို မဟုတ်ဘဲ စိတ်တိုင်းမကျတာတွေ့တော့ အိမ်ထောင်ရေးဟာ အဆင်မပြေဘူးပေါ့၊ ဘာပဲဖြစ်ဖြစ် မင်းရည်ရွယ်ချက်နဲ့ မင်းသွားရမယ့် လမ်းကြောင်းကတော့ ကောင်းတဲ့လမ်းကြောင်းပါပဲ၊ ဖြစ်အောင်လုပ်စမ်းပါ . . .''ဟု လေးလေးနက်နက် တိုက်တွန်းလေတော့သတည်း။

●

http://www.cherrythitsar.org



အခန်း ( ၁၁ )

## ချမ်းသာပေးပါ မယ်မင်းကြီးမ

လူမင်းဦးသည် ဒဏ်ရာသက်သာလာသည့်နှင့်တပြိုင်နက် ဆိုက်ကားပြန်နင်း၍ နင်းနိုင်နေပြီဖြစ်၏။ လက်ထဲတွင် ငွေအနည်းငယ် စုမိသည့်အခါ၌ ဦးစံထွန်းသက်န်းတိုက်တွင် သင်္ကန်းတစ်စုံ ဝယ်ယူလေ၏။ ထိုသင်္ကန်းလေးကို ခေါင်းရင်းတွင် ကြိုးဖြင့် အကျအန ချိတ်ဆွဲထားလေ၏။

ငင်းဝယ်ယူပြီးသောသင်္ကန်းမှာ အောက်ပိုင်းတွင် ဝတ်ဆင်

http://www.cherrythitsar.org



ရန် သင်းပိုင်နှင်အပေါ်မှရုံရန် ကေသီသာဖြစ်၏။ ပခုံးပေါ်တွင် တင်ရသည့် ဒုကတ်သက်န်းကြီး မပါသေးပေ၊ ထိုအတူ သပိတ်၊ သပိတ်လွယ်၊ ရေစစ်...စသော ပရိက္ခရာပစ္စည်းများလည်း ဝယ်ရန် လိုသေး၏။

တစ်နေ့တွင် လူမင်းဦးသည် မောမောပန်းပန်း ချွေးအရွှဲသား ဖြင့် ဆိုက်ကားနင်းနေစဉ် မိုးသည်းထန်စွာ ရွာချသဖြင့် မိုးများရွှဲ စိုကာ အအေးမိသွားလေ၏။ ထို့ကြောင့် အချိန်အနည်းငယ်အတွင်း ၌ပင် ကိုယ်များ ခြစ်ခြစ်တောက်ပူလာပြီး အကြီးအကျယ် ဖျားလေ တော့၏။

အိပ်ရာထဲတွင် ဗုန်းဗုန်းသားလဲ၍ တစ်ကိုယ်လုံး နာကျင် ကိုက်ခဲကာ ညည်းညူအော်ဟစ်နေရလေ၏။ ထို့ကြောင့် အိမ်ရှင် ဖြစ်သော ကိုဘသက်တို့ လင်မယားက အနီးရှိ မြန်မာဆေးဆရာ တစ်ဦးကိုပင့်ရလေ၏။ မြန်မာဆေးဆရာသည် လူမင်းဦး၏ နဖူးကို လက်ဖြင့် စမ်းကြည့်၏။ လက်ကောက်ဝတ်ကို ကိုင်ကြည့်၏။ ပြီးလျှင် ကွမ်းတံတွေးကို ဗျစ်ခနဲထွေးလိုက်ပြီး–

''သမားချိန်သီး၊ တေဇောမီးတဲ့ ...''ဟု ဂုဏ်ဘာသာဂုဏ်း ရေရွတ်လိုက်လေ၏။ ထို့နောက် လူမင်းဦးအား

''ထမင်းစားကောင်းသလား...''ဟု မေးလေ၏။ လူမင်းဦး က လုံးဝမစားနိုင်ကြောင်း ပြန်၍ဖြေ၏။

''အိပ်ပျော်သလား ...''ဟု မေးပြန်၏။ လူမင်းဦးက တစ်ညလုံး နာကျင်ကိုက်ခဲနေ၍ အိပ်မပျော်ကြောင်း ပြန်၍ဖြေ၏။





ထိုအခါ ဂုဏ်းဆေးဆရာက–

''အစားလည်းပျက်၊ အအိပ်လည်းပျက်ဆိုတော့ နှစ်စွယ်ပျက် နေပြီ...''ဟု ပြောလျှင် အိမ်ရှင်မိန်းမက–

''မဟုတ်တာပဲ ဆရာရယ် ...၊ လူမင်းဦးက ဒီမှာနေတာပါ၊ ကျွန်မတို့လင်မယားက စောင့်ရှောက်ထားရတာ၊ သူမှာ အစွယ်မရှိ ပါဘူး ...''ဟု ဝင်၍ကန့်ကွက်လေ၏။ ထိုအခါ ဆေးဆရာက–

''တယ်လည်း ဗဟုသုတနည်းကြတာကိုး၊ ဗဟုသုတနည်း ခြင်းဟာ မင်္ဂလာတရားပျက်ခြင်းပဲ၊ နင်တို့လူနာမှာ အစွယ်ရှိတယ် လို့ ပြောတာမဟုတ်ဘူး၊ ဓာတ်လေးပါးအစွယ်ကို ဆိုလိုတာ ...၊ မှတ်ထားကြ မှတ်ထားကြ ...''ဟု ဆုံးမ သွန်သင်ရှာလေ၏။ ထိုအခါ အိမ်ရှင်မိန်းမက–

''လူနာက ဘာရောဂါလဲ ဆရာရယ် ...'' ဟု မေးလေ၏။

''ဒီလို သူငယ်မရဲ့ ...၊ ချွေးတွေထွက်နေတုန်း မိုးရေ တအားစိုလိုက်တော့ လူမင်းဦးရဲ့ ခန္ဓာမှာရှိတဲ့ တေဇောတွေ ပိတ်မိပြီး အကျဉ်းကျသွားတာ၊ တေဇောအာပန္နနလို့ခေါ်တယ် ...အရပ်စကားနဲ့ ပြောရရင် တေဇောထောင်ကျသွားတာ''ဟု ဆေးဆရာက ရှင်းပြလေ၏။ ထိုအခါ အိမ်ရှင်မိန်းမက–

''လူမင်းဦးကို မော်တော်ကားနဲ့ ဝင်တိုက်တဲ့လူက ထောင်မကျဘဲ ဘာမဆိုင်ညာမဆိုင် တေဇောက ဘာဖြစ်လို့ ဝင်ပြီးထောင်ကျသွားရတာတုံး ...၊ ထောင်ကျခြင်းကျရင် မိုက် ကယ်ဆိုတဲ့ကောင်က ကျရမှာ...၊ သူက ကားနဲ့ဝင်တိုက်တာ...''

http://www.cherrythitsar.org



ဟု ဝင်၍ပြောလေ၏။ ထိုအခါ ဆေးဆရာကြီးသည် မျက်လုံးပြူးသွားလေ၏။

''ခက်တော့တာပဲ၊ ဘာတွေလျှောက်ပြောနေတာလဲ၊ နင်တို့အိမ်မှာ ဆေးကုရရင်တော့ လူနာပျောက်မပျောက်တော့ မသိဘူး၊ ငါတော့ ရူးသွားနိုင်တယ်၊ အခုပြောတဲ့ကိစ္စက ကားတိုက်မှုနဲ့ ဘာမှမဆိုင်ဘူး . . .၊ အပူဓာတ်ထောင်ကျသွားတာကို ပြောတာ၊ သမားချိန်သီး တေဇောမီးတဲ့ . . .၊ မှတ်ထားကြ မှတ်ထားကြ . . .''ဟု ဆေးဆရာက ပြောလေ၏။ ထိုအခါ၌ အိမ်ရှင်ဖြစ်သူကိုဘသက်က–

''စိတ်မဆိုးပါနဲ့ ဆရာရယ် . . .၊ ကျွန်တော့်မိန်းမက လုံးဝနားလည်မှု မရှိဘူး၊ သူထင်ရာတွေသူလျှောက်ပြောနေတာ၊ ဆရာပြန်ကြွသွားမှ ဒီမိန်းမပါးကို ဘယ်ပြန်ညာပြန် ရိုက်ရဦးမယ် . . .'' ဟု ပြောလိုက်ရာ ဆေးဆရာကြီးက ပြုံးလေ၏။

''မိန်းမနဲ့ကျား . . . မသနားမှ တော်ကာကျတယ် မောင်ဘသက်ရေ . . .၊ မင်းရိုက်မှာကို မြှောက်ပေးတာ မဟုတ်ဘူးနော်၊ စာထဲမှာ ဖတ်ဖူးတာကို ပြောတာ . . .၊ တအားလည်း မလုပ်လိုက်နဲ့ မောင်ဘသက်ရယ် . . .၊ မင်းဗလကြီးနဲ့ ရိုက်လိုက်ရင် ခများ အသက်ထွက်သွားရှာမယ် . . .''ဟုပြောလိုက်ရာ ကိုဘသက်က–

''ဒီကောင်မပါးကို ဘယ်ပြန်ညာပြန် ရိုက်မှာက လက်နဲ့ မဟုတ်ဘူး ဆရာရဲ့၊ နှာခေါင်းနဲ့ရိုက်မှာ . . .'' ဟုပြောလိုက်လျှင်





ဆေးဆရာကြီးသည် သဘောကျ၍ ဟက်ဟက်ပတ်ပတ် ရယ်လေ၏။

''အလွန်နောက်တဲ့လူပဲကွာ . . .''ဟုလည်း ပြောလေ၏။ ကွမ်းယာတစ်ယာလည်း ပါးစပ်ထဲသို့ ထပ်၍သွင်းလိုက်လေ၏။ လူမင်းဦးမှာလည်း ပြုံးလေ၏။ ထို့နောက် အသံယဲ့ယဲ့ကလေးဖြင့်–

''ဆရာရယ် . . .၊ တစ်နေ့လောက် ဒီကိုလာနေကြည့် စမ်းပါ၊ ဒီလင်မယားဟာ အတော့်ကို ရယ်စရာပြောတာ ကျွန်တော်ဖြင့် အမြဲမြဲလိုလို ရယ်နေရတော့တာပဲ . . .''ဟု ပြောလိုက်လေ၏။ ထိုအခါ ဆေးဆရာကြီးက–

''ရယ်တယ်ဆိုလို့ . . . ဗဟုသုတနည်းတဲ့ သူငယ်တို့ကို မှတ်သားလောက်အောင် ပြောပြခဲ့ဦးမယ်၊ ရယ်ခြင်းဟာ (၆) မျိုး ရှိတယ်ကွဲ . . .၊ တစ် – သိတဆိုတဲ့ မျက်စိပွင့်ရုံမျှပြုံးခြင်း၊ နှစ် – ဟာသိတ ဆိုတဲ့ သွားအနည်းငယ်ပေါ်ရုံမျှ ပြုံးခြင်း၊ သုံး – ဝိဟသိတဆိုတဲ့ အသံညှင်းစွာထွက်ရုံမျှရယ်ခြင်း၊ လေး – ဥပဟာသိတဆိုတဲ့ ပခုံးဦးခေါင်း လှုပ်အောင်ရယ်ခြင်း၊ ငါး – အပဟာသိတဆိုတဲ့ မျက်ရည်ထွက်အောင် ရယ်ခြင်း၊ ခြောက် – အတိဟသိတဆိုတဲ့ လက်ခြေကိုယ်ကို ပစ်ယိမ်းပြီးရယ်ခြင်းလို့ ရှိတယ်ကွဲ . . .၊ မှတ်ထားကြ မှတ်ထားကြ'' ဟု ပြောစဉ်မှာပင် ထိုဆရာကြီးဝါးထားသော ကွမ်းဖတ်အချို့သည် လည်ချောင်းအတွင်းသို့ လျှောကျသွားပြီးလျှင် ဆရာကြီးသည် သီးလေတော့၏။ ပြင်းပြင်းထန်ထန် သီးသောကြောင့် . . .ကိုဘသက်နှင့် သူ၏မိန်းမသည် ဆရာကြီး၏ ကျောကုန်းကို ထုပေးရ၏။ ထွေးခံချပေး၍ ကွမ်းဖတ်

http://www.cherrythitsar.org



များကို အန်ထုတ်စေရလေ၏။ သက်သာသွားသောအခါ၌ မျက်နှာသုတ်ပုဝါကို ပေးလိုက်၏။ ထို့ကြောင့် ဆရာကြီးလည်း မျက်နှာကို သုတ်ရလေ၏။ ထိုအချိန်၌ ကိုဘသက်က–

''ပါးစပ်ထဲမှာ ဘာပဲရှိရှိ...၊ ပလုတ်ပလောင်းဖြစ်နေရင် စကားများများ မပြောရဘူး၊ ပြောလိုက်ရင် သီးတတ်တယ်...၊ မှတ်ထားလိုက်ပါ မှတ်ထားလိုက်ပါ...''ဟု ပြောလေ၏။

''သီးတာက ဘယ်နှစ်မျိုးရှိသလဲတော့ မသိဘူး၊ ကျွန်မ တို့ကလည်း သီးဖူးပါတယ်၊ အခုဆရာကြီး သီးတာကတော့ အသက်တောင် ထွက်သွားမလားလို့ ထင်ရတယ်၊ အတော့်ကို ဆိုးတာပဲ၊ တချို့ကွမ်းဖတ်တွေဟာ ပါးစပ်က မထွက်ဘဲ နှာခေါင်း က ထွက်တာတောင် ရှိသေးတယ်၊ အိမ်ရောက်တဲ့အခါမှာ လည်ချောင်းရှင်းအောင် ရေနွေးလေး သောက်ပြီး တစ်ရေးလောက် အိပ်လိုက်ဖို့တော့ လိုမယ်ထင်တယ်...''ဟု ပြောလိုက်လျှင် ဆေးဆရာကြီးသည် ထိုမိန်းမအား မျက်စောင်းတစ်ချက်ထိုး လိုက် ပြီးနောက်–

''တယ်...မိချောင်းမင်း ရေခင်းပြတဲ့...၊ ဖယ်ကြ...'' ဟု ဆိုကာ လူမင်းဦး၏ နဖူးကို ဒုတိယအကြိမ် စမ်းပြန်၏။ လက်ကောက်ဝတ်မှ သွေးများကို စမ်းပြန်၏။ ထို့နောက် အိတ် အတွင်းမှဆေးလုံးက လေးများကို ပေးလေ၏။

''တစ်နေ့ ၃ ကြိမ် ကွမ်းရွက်ပြုတ်ရည်နဲ့ သောက်ရ မှာ...''ဟု မှာကြားလေတော့၏။





အထက်ပါ အဖြစ်အပျက်များ ဖြစ်ပွားပြီး တစ်ပတ်ခန့် ကြာလာသောအခါ၌ လူမင်းဦးသည် ကောင်းစွာကျန်းမာလာခဲ့၏။ ဆိုက်ကားပြန်နင်းနိုင်ပြီးဖြစ်၏။ သို့ရာတွင် ဆိုက်ကား အနည်းငယ် မျှ နင်းလိုက်လျှင်ပင် လွန်စွာမောပန်းလာလေ၏။

ထို့ကြောင့် ကောင်းစွာမနင်းနိုင်ဘဲ မကြာခဏ နားရလေ ၏။ ဆိုက်ကားငှားလျှင်လည်း ခရီးရှည် မလိုက်နိုင်ဘဲ ခရီးတို လောက်ကိုသာ လိုက်နိုင်ရှာလေတော့၏။ ထို့ကြောင့် ကိုဘသက် က–

''ဘာပဲဖြစ်ဖြစ် လူမင်းဦးရေ...၊ မဂိုလမ်း (ယခု ရွှေဘုံသာ လမ်း)က ဆေးခန်းတစ်ခုမှာ ပြကြည့်ဖို့တော့ လိုမယ်ထင် တယ်...''ဟု ဆိုသဖြင့် လူမင်းဦးလည်း မဂိုလမ်း (ယခု ရွှေဘုံ သာလမ်း)သို့ သွားရောက်ကာ ဆရာဝန်ထံ ပြသခဲ့လေ၏။ ဆရာ ဝန်လည်း အမျိုးမျိုးအဖုံဖုံ စမ်းသပ်ပြီးနောက် နလုံးရောဂါရှိ ကြောင်း ပြောလေတော့၏။ အမောခံ၍ လုပ်ရမည့်အလုပ်များကို လည်း မလုပ်ရန် မှာကြားလိုက်လေ၏။

လူမင်းဦးသည် စိတ်ပျက်အားငယ်စွာဖြင့် ပြန်လာလေ၏။ ရွှေဂုံတိုင်လမ်းထိပ်သို့ ရောက်သောအခါ၌ သူ၏အနီးတွင် မော်တော် ကားတစ်စီး လာ၍ရပ်သဖြင့် ဘေးသို့ဖယ်ကာ ကားမောင်းသူကို ကြည့်လိုက်ရာ မူယာဖြစ်နေကြောင်း တုန်လှုပ်ဖွယ်ရာ တွေ့ရလေ ၏။

''မောင်...ဒယိမ်းဒယိုင်နဲ့ လျှောက်တာကိုတွေ့လို့ လိုက်လာ

http://www.cherrythitsar.org



တာ...၊ နေမကောင်းဘူးလား၊ မူယာလိုက်ပြီးပို့ပါရစေ၊ ဒုက္ခပေးတာမဟုတ်ပါဘူး...၊ မကြည့်ရက်လို့ပါ...''ဟု မူယာက ပြောလိုက်လျှင် လူမင်းဦးသည် ချုံးပွဲချ၍ ငိုချင်စိတ်များ ပေါ်လာ၏။ ကြံရာမရသည့်အဆုံး၌ မူယာဘက်သို့ လှည့်ကာ လက်အုပ်ချီ၍–

''ရှိကြီးခိုးပါရဲ့ မယ်မင်းကြီးမရယ်...၊ ဟိုတစ်ခါလည်း ခင်ဗျားလုပ်လို့ မျက်နှာတစ်ခုလုံး ပေါက်ပြဲဖူးယောင်ပြီးပြီ၊ အခု ကျုပ်မှာက နှလုံးရောဂါကြီးနဲ့ ဆိုက်ကားနင်းနေရတဲ့ ဒုက္ခိတပါ၊ စိတ်ဆင်းရဲအောင် မလုပ်ပါနဲ့ ချမ်းသာပေးပါ...''ဟု ဝမ်းနည်းသံကြီးဖြင့် ပြောဆို၍ ခေါင်းကို ညွတ်လိုက်လေတော့သတည်း။

●

http://www.cherrythitsar.org





အခန်း ( ၁၂ )

## ရောကန်ဘေးက အရိုးအိုး ဘုတ်ဂူလေး

လူမင်းဦးသည် မကျွန်းမာသည့်ကြားက ဆိုက်ကားကို နေ့ရောညရော နင်းလေ၏။ ငွေကို စုလေ၏။ အတော်အတန်ကလေး စုမိသည်နှင့် ရဟန်းဘောင်သို့ပြန်၍ ဝင်ရန်အတွက် သင်္ကန်းပရိက္ခရာများ ဝယ်ယူလေတော့၏။ သင်္ကန်းပရိက္ခရာ ပြည့်စုံသောအခါ၌ ရဟန်းတက်သောနေ့တွင် ဆွမ်းကပ်ရန်အတွက် ထပ်၍စုရ၏။ အလုံးစုံပြည့်စုံသောအခါ၌ ဆိုက်ကားဆရာ လင်မယားအား

http://www.cherrythitsar.org



"ကဲ . . . ကျေးဇူးရှင် ဖနီးမောင်နဲ့ရေ . . .၊ ပရိက္ခရာတွေလည်းဝယ်ပြီးပြီ၊ ရဟန်းဘောင်ကို ပြန်ဝင်မယ့်နေ့မှာ ဆွမ်းကပ်ဖို့ ငွေလည်း ရပြီ၊ ဆရာသမားကို လှူဖို့ ဝတ္ထုရော၊ ပစ္စည်းပစ္စယာပါစုံပြီ၊ အဲဒါကြောင့် ခင်ဗျားတို့ နှစ်ယောက်ကိုနှုတ်ဆက်တာ၊ မနက်စောကြီး ဒီကနေ ပြည်ကိုထွက်မယ့် ကားနဲ့လိုက်မယ် . . .၊ ပြည်ကျတော့ သင်္ဘောနဲ့မင်းဘူးကိုလိုက်မယ် . . .၊ မင်းဘူးရောက်ရင် အနောက် စူးစူးကို သစ်တင်တဲ့ကားကြုံနဲ့လိုက်မယ်၊ ပဒန်းလမ်းဆုံကျရင် ဆင်းမယ်၊ အဲဒီကနေ ကျောင်းကိုသွားဖို့ သိပ်မဝေးတော့ဘူး၊ ရောက်တာနဲ့ ရဟန်းတက်မယ်၊ ရောက်သွားတဲ့အချိန်ဟာရဟန်းတက်ဖို့ မမီရင် ဆံချပြီး ကိုရင်ကြီးဝတ်မယ်၊ နောက်တစ်နေ့မှာ ရဟန်းဖြစ်ပြီ"ဟု ပျော်ရွှင်စွာဖြင့် ပြောလိုက်လေ၏။ ထိုအခါ ဆိုက်ကားဆရာ ကိုဘသက်၏ မိန်းမက–

"လူမင်းဦးရဲ့ ရုပ်နဲ့သက်န်းနဲ့ အားကြီးလိုက်မှာပဲ၊ အတော့်ကို သပ္ပာယ်မယ်၊ ငါဖြင့်မှန်းကြည့်ပြီး ကြည်ညိုလိုက်တာဟယ်" ဟု ပြောလိုက်လျှင် ကိုဘသက်က

"မလုပ်ပါနဲ့ မိန်းမရယ်၊ မူယာကြည်ညိုလို့ သူ့ခမျာ လူဖြစ်သွားရှာတာ၊ မဟားတရား မကြည်ညိုစမ်းပါနဲ့ . . ."ဟု ပြောလိုက်လျှင် လူမင်းဦးက ဟက်ဟက်ပက်ပက် ရယ်လေ၏။ ထိုနေ့ညက နှုတ်ဆက်ပွဲအဖြစ် ထမင်းစားရန် ကိုဘသက်ကိုယ်တိုင် ကြက်သားဆီပြန်ချက်၏။ သုံးယောက်သား စကားတပြောပြောဖြင့် ညစာ စားခဲ့ကြ၏။ ထမင်းစားရင်း ကိုဘသက်၏ မိန်းမက





"ရဟန်းဝတ်နဲ့ ရန်ကုန်လေး ဘာလေး ကြွပါဦး . . ."ဟု ပြောလိုက်ရာ လူမင်းဦးက–

"မကြွပါရစေနဲ့ဗျာ . . . တစ်ခုတော့ရှိတယ် ရွှေစက်တော်ဘုရားဖူးရင် ကျုပ်ဆီလည်း ဝင်ခဲ့ကြပေါ့ . . ."ဟု ပြောလိုက်လေ၏။ ထိုအခါ ကိုဘသက်က

"ရောက်အောင်ကို လာခဲ့မယ်ကွာ . . ."ဟု ပြောလေ၏။ ၎င်းမိန်းမက

"ကိုဘသက်ရယ် . . .၊ အဲဒီကို ဆိုက်ကားနဲ့သွားရအောင်၊ ရှင်ကနင်း . . .၊ ကျုပ်ကစီးမယ်"ဟု ပြောလေ၏။ ထိုအခါ ကိုဘသက်က

"သူကြီးသမီး . . . ဘယ်တုန်းကများ ငါ့ကို မုန်းနေတာလဲဟယ်၊ အဲဒီအထိ ဆိုက်ကားနဲ့သွားရင် ငါသေမှာပေါ့ . . ."ဟု ပြောလေ၏။ ထမင်းစားပြီးသောအခါ၌ သုံးယောက်သား ဝိုင်းဖွဲ့ကာ ရေနွေးသောက်ကြလေ၏။ ရေနွေးသောက်ရင်း ကိုဘသက်က

"ဘာပဲဖြစ်ဖြစ်ကွာ မနက်ဖြန် သဘက်ခါဆိုရင် မင်းဟာ သင်္ကန်းနဲ့ဖြစ်သွားပါပြီ၊ တို့လည်း ဝမ်းသာပါတယ်၊ အဲဒီတော့ တို့နှစ်ယောက်ကို ပရိသတ်လို့ထားပြီး တရားလေးတစ်ပုဒ်လောက် ချီးမြှင့်စမ်းပါ . . ."ဟု ပြောရာ ၎င်း၏မိန်းမကလည်း

"ဟုတ်တယ် . . . ဟုတ်တယ်၊ လုပ်စမ်းပါဦး . . ."ဟု ဝင်၍ ထောက်ခံလေ၏။ ထိုအခါ လူမင်းဦးသည် မြွေကထိက လေသံဖြင့် ဥပကာနှင့် မစာပါဇာတ်ကို အသံနေအသံထားနှင့်တကွ ဟောလေ

http://www.cherrythitsar.org



တော့၏။ ဆိုက်ကားဆရာ လင်မယားသည် ကောင်းစွာနာကြလေ၏။

''ဒီလို ပရိသတ်ကြီးရဲ့ ဥပကာကြီးဟာ စာပါဆိုတဲ့ ကောင်မလေးနဲ့ အိမ်ထောင်ကျသွားပြီး၊ ကလေးတစ်ယောက်လည်း ရသွားပြီ၊ ကောင်မလေးကလည်း ယောကျ်ားဖြစ်တဲ့ ဥပကာလူထွက်ကြီးကို အမြဲလိုလို မကျေမနပ်ဖြစ်နေတယ်၊ သူ့ကလေးကို သူ သိပ်တဲ့အခါမှာ ကောင်းကောင်းမသိပ်ဘူး၊ ဥပကာကြီးကို စောင်းပြီး သားချော့သီချင်းဆိုတယ်၊ ဘယ်လိုဆိုသလဲဆိုတော့ 'ပညာပေတုံး၊ ကတုံးပွဲရဲ့သား၊ အိပ်ပါတော့လား . . .'လို့စောင်းပြီး ဆိုတယ်...''ဟု ပြောလိုက်လျှင် တရားနာပရိသတ်ဖြစ်သော ဆိုက်ကားသမားလင်မယားလည်း ဟက်ဟက်ပက်ပက် ရယ်လေတော့၏။ တရားအဆုံးသတ်သောအခါ၌ လင်မယားနှစ်ယောက်က သာဓုခေါ်၍ လူမင်းဦးအား ရှိခိုးကန်တော့ကြလေ၏။

ထိုညက လူမင်းဦးသည် ရဟန်းဘောင်ကို ပြန်လည်ရောက်ရှိမည်ကိုတွေးကာ အမျိုးမျိုးအဖုံဖုံ စိတ်ကူးယဉ်လေ၏။ ရဟန်းဘောင်ဘဝနှင့် အားထုတ်သောကြောင့် ဈာန်သမာပတ်များပင် ရရှိသွားသည်ဟု စိတ်ကူးယဉ်၏။ ထိုသို့ စိ တ်ကူးယဉ်နေသောကြောင့် ထိုညက ကောင်းစွာမအိပ်ရပေ။ နံနက်ငါးနာရီထိုးသောအခါ၌ အထုပ်အပိုးများ သယ်ကာ လူမင်းဦး အိမ်မှထွက်ခဲ့လေ၏။

''ပြည်ကို ထွက်မယ့်ကားဂိတ်အထိ ဆိုက်ကားနဲ့ ပို့ပေးပါရစေ...''ဟုဆိုကာ ကိုဘသက်က သူ၏ ဆိုက်ကားဖြင့် ပို့ပေး





လေ၏။ လူမင်းဦးသည် ကားဂိတ်သို့ရောက်လျှင် ပြည်ကိုထွက်မည့် ကားပေါ်သို့ တက်လိုက်လေ၏။ ကားပေါ်သို့မတက်မီ ကားကိုကြည့်လိုက်ရာ ကား၏နံဘေးတွင် 'အောင်တံခွန်'ဟု ရေးထားသော စာကိုဖတ်မိလေ၏။

''ကိုဘသက်ရေ အောင်တံခွန်ဆိုပါလားဗျ၊ ကျုပ်လုပ်မယ့် အလုပ်ကတော့ အောင်ပြီလို့ အတိတ်ကောက်ရမှာပဲ . . .''ဟု ပြောမိလေ၏။ ကိုဘသက်ကလည်း

''အောင်တာတောင် ရိုးရိုးမဟုတ်ဘူးဗျ၊ တံခွန်ဆိုတော့ ထိပ်မှာပေါ့ဗျာ . . .''ဟု ပြန်၍ပြောလေ၏။ လူမင်းဦးလည်း အောင်တံခွန်ကားနှင့် ပါသွားပြီဖြစ်၏။ ပြည်သို့ ညရှစ်နာရီလောက်တွင် ရောက်သွား၏။

နောက်တစ်နေ့ နံနက်စောစောတွင်ထွက်မည့် ပြည်ကတိုနှစ်ထပ် သင်္ဘောကလေးဖြင့် မင်းဘူးသို့ လိုက်ရလေ၏။ မင်းဘူးသို့ ရောက်သည့်အခါ၌ ကားကြုံဖြင့် ပဒန်းလမ်းဆုံသို့ လိုက်ရပြန်လေ၏။ ပဒန်လမ်းဆုံမှ ကြာမြို့ကျောင်းသို့ မြင်းလှည်းဖြင့် သွားရ၏။ မြင်းလှည်းပေါ်မှ ဆင်းလိုက်သည့်အခါ လူမင်းဦးသည် ဝမ်းနည်းသလိုလို ခံစားလိုက်ရ၏။ မတ်တပ်ရပ်နေရင်း ဒူးများလှုပ်ရမ်းလာ၏။ ကတုန်ကယင်ဖြစ်လာ၏။ မောဟိုက်လာ၏။ ချွေးစီးများ မျက်နှာတစ်ခုလုံး စို့၍ထွက်လာ၏။ ပရိက္ခရာများကို ထုပ်ထားသော အထုပ်အား ပခုံး၌ ကြိုးစား၍ထမ်းလိုက်၏။ ဆရာတော်အား လှူဒါန်းမည့်ငွေကို ညာလက်တွင် ကျစ်ကျစ်ပါအောင်

http://www.cherrythitsar.org



ရပ်တော်မူလေ၏။ လူမင်းဦး၏ မျက်လုံးများသည် မည်သည့်အရာကိုမျှ သဲကွဲစွာ မမြင်ရတော့ပေ။ မဲမှောင်၍နေပြီဖြစ်၏။ သို့သော် ကြိုးစား၍သွားရာ လှေကားထစ်၏ အောက်ဆုံးသို့ ရောက်သည့်အခါ၌ ပခုံးတွင်ထမ်းထားသော ပရိက္ခရာထုတ်သည် လွတ်ကျသွားပြီဖြစ်၏။ သူသည် လှေကားအောက်ဆုံးထစ်သို့ ရောက်သည့်အခါ၌ အလယ်ထစ်သို့ အားယူ၍တက်ကာ ဆရာတော်၏ ခြေအစုံကို နှုဖးပြင်ကပ်ခါ ဦးတိုက်လိုက်သည့် ခဏ၌ပင်လဲကျသွားလေတော့၏။ လက်ထဲတွင် ဆုပ်ထားသော ပိုက်ဆံများသည်ပင်လျှင် လက်အတွင်းမှ ကျသည်ကျ၍ ကျန်သည်ပင် ကျန်၏။ လုံးဝ မထနိုင်တော့ပေ။ ဇီဝိန်ကြွေ၍ အသက်ပျောက်သွားပြီဖြစ်၏။ ဆရာတော်သည် စီး၍ပွေ့ထား၏။ ရေကန်ကိုဖြတ်၍ တိုက်လာသော လေသည် လူမင်းဦးလက်အတွင်းမှ ကျန်နေသော ငွေစက္ကူတို့ကို လွင့်ပျံ၍ ထွက်သွားစေ၏။ မျက်နှာကို ငုံ့ကြည့်လိုက်လေ၏။ သူ၏ မျက်နှာသည် သေနေသည်နှင့်မတူပဲ ငြိမ်းချမ်းစွာ အိပ်ပျော်နေသကဲ့သို့ ရှိ၏။

“မောင်ပဥ္စင်းရာ . . .၊ နာရီပိုင်းလောက် အသက်ရှင်ခွင့်ရရင် အကျိုးရှိမယ်ကွာ၊ ရဟန်းဖြစ်ပြီ အခုတော့လည်းကံနည်းရှာသကိုကွာ . . .”ဟု ရေရွတ်လိုက်လေတော့၏။

ဆရာတော်ကြီးသည်ပင်လျှင် လူမင်းဦး၏ ဈာပနကို ပြာကျသည်အထိ သင်္ဂြိုဟ်ပေးရာ၏။ လူမင်းဦး၏ အရိုးများကို ကောက်ကာ ရေကန်အနီးလေးတွင် အမှတ်တရ အရိုးအုတ်ဂူလေး





ဆုပ်လိုက်၏။ မြင်းလှည်းသမားပြန်အမ်းသော အကြွေစေ့များကိုလည်း ရောနှော၍ ထုပ်ထား၏။ ကျောင်းအတွင်းသို့ ဒယီးဒယိုင်ဖြင့် ဝင်သွားရရှာ၏။ ဆရာတော်လည်း စကြံလျှောက်ရန်အတွက် ကျောင်းပေါ်မှ ထွက်လာရာ လှေကားထိပ်သို့ အရောက်၌ လူမင်းဦးဝင်လာသည်ကို မြင်သဖြင့် ရပ်တော်မူ၍ လှမ်းမျှော်ကြည့်ရှုလိုက်လေ၏။ မည်သူမည်ဝါဟု သဲသဲကွဲကွဲ မသိတော်မူပေ။

“ဆရာတော်ဘုရား တပည့်တော်ပါ၊ ဓမ္မသာမိကပါ . . .”ဟု အော်၍ပြောသော်လည်း အသံမှာကောင်းစွာမထွက်၊ သို့ရာတွင် ဆရာတော် ရိပ်မိသွားပြီဖြစ်၏။

“တပည့်တော်ကို ကယ်တော်မူပါဘုရား၊ သံသရာဝဋ်ဆင်းရဲက ထုပ်ဆောင်ကယ်တင်တော်မူပါဘုရား၊ အစဉ်သနားသည်ကို အကြောင်းပြုပြီး ရဟန်းဘဝကို ချီးမြှင့်ပေးပါဘုရား၊ သင်္ကန်းကရိက္ခရာတွေလည်း ပါ,ပါတယ်ဘုရား၊ ဆရာတော်ရဲ့ ခြေအစုံမှာ ခိုလှုံပါတယ်ဘုရား၊ နောက်နောင်ကို ဘယ်လိုမှ လမ်းမသလားတော့ပါဘူးဘုရား . . .”ဟု ပါးစပ်မှ တွတ်တွတ် လျှောက်ထားလေ၏။ သို့ရာတွင် စကားလုံးများမှ မပီသတော့ပေ။ ဗလုံးပထွေးဖြစ်နေ၏။ မောဟိုက်နေ၏။ မျက်စိများ ပြာဝေနေ၏။ ဆရာတော်ကလည်း အံ့သြခြင်း၊ ဝမ်းသာခြင်းများ ပြည့်ဝနေ၏။

“လာ . . .လာ . . .”ဟု ခေါ်ရှာတော်မူ၏။ လူမင်းဦးလည်း ကြိုးစား၍ အုတ်လှေကားဆီသို့ အရောက်သွား၏။ အုတ်လှေကားလေးမှာ သုံးထစ်သာရှိ၏။ ဆရာတော်သည် အပေါ်ဆုံးထစ်၌

ဟု လျှောက်ထားလိုက်လေ၏။

"အိမ်း. . .အိမ်း၊ မှတ်မိပါပြီ၊ ဟောဟို အုတ်ဂူလေးဟာ ဒကာမလေးနဲ့ ပတ်သက်ခဲ့တဲ့ ဓမ္မသာမိရဲ့ အရိုးအုတ်ဂူလေးပါပဲ၊ ရဟန်းဝတ်ဖို့ ပြန်လာတာ၊ ကျောင်းပေါ်တောင် မတတ်နိုင်ပါဘူး၊ လှေကားမှာပဲ အသက်ပျောက်သွားရှာတယ်၊ မိုးကို မျှော်မှန်းတဲ့ လူပါ၊ ဒါပေမဲ့ မိုးကို မရောက်ရှာဘူး၊ မြေကြီးထဲကိုပဲ ရောက် သွားတယ်ကွယ့်၊ ဒါကြောင့် သူ့ဂူမှာ 'မိုးနဲ့မြေ'လို့ပဲ ကဗ္ဗည်းတပ် လိုက်ရတော့တယ်ဟေ့ . . ."ဟု မိန့်တော်မူရှာ၏။ ထို့နောက်တွင် ကားငှင်းတို့ဇနီးမောင်နှံသည် ဆရာတော်အား နှုတ်ဆက်၍ ကားပေါ် တက်ကာ ပြန်ခဲ့ကြလေ၏။ ထိုကားလေးသည် ပန်းတောင်းသို့ သွားသော လမ်းသို့ဦးတည်၍ မောင်းနှင်လေ၏။ ယောက်ျားလုပ် သူက ကားမောင်းရင်း

"ဘယ်လိုလဲ မူယာ၊ လူမင်းဦးရဲ့ အုတ်ဂူကို တွေ့လို့ အတော်ပဲ ဆွေးသွားသလား. . ."ဟုမေး၍ မူယာဘက်သို့ လှမ်း၍ ကြည့်လိုက်၏။ မူယာ၏ ပါးပြင်ပေါ်တွင် မျက်ရည်များ တသွင် သွင်စီးကျနေသည်ကို တွေ့ရလေ၏။ မူယာသည် ရှိုက်၍ရှိုက်၍ ငိုနေ၏။ထိုသို့ငိုရင်း

"မိုက်ကယ်ရယ် . . .မူယာ့ကို မနှိပ်စက်ပါနဲ့၊ ဆွေးတယ် ဆိုတဲ့ စကားလုံးတောင် မလုံလောက်ပါဘူး၊ တို့အသည်းနှလုံးတွေ ကြေမွပြီး အမှုန့်ဖြစ်သွားတယ်လို့ ပြောရင်တောင် မလုံလောက် သေးပါဘူး၊ ပြီးတော့ သူ့မှာဘာမှ အပြစ်မရှိဘူး၊ တို့ကြောင့် ဖြစ်ရ





ပြုလုပ်ပေးလေ၏။ ထိုသို့ပြုလုပ်ပေးသောအခါ၌

"မိုးကိုမျှော်တဲ့ တပည့်ရေ၊ တစ်ချက်ကလေး လမ်းချော် သွားတာနဲ့ မိုးပေါ်ကို မရောက်ဘဲ မြေကြီးထဲရောက်သွားပြီ ကိုး. . ." ဟုရေရွတ်ရင်း အရိုးအိုး အုတ်ဂူတွင် 'မိုးနဲ့မြေ'ဟူသော စာကို ကဗ္ဗည်းထိုးလိုက်လေတော့သတည်း။"

သဗ္ဗေသတ္တာ ကမ္မဿကာ

မင်းသိင်္ခ

**စာကြွင်း။** ။ အထက်ပါ အဖြစ်အပျက်များဖြစ်ပွားပြီး နှစ်အတန် ကြာသောအခါ၌ ရွှေစက်တော်သို့ ဘုရားဖူးလာသော ဇနီးမောင်နှံစုံ တွဲ၏ မော်တော်ကားလေးသည် ကြာဖြူကျောင်းရှေ့တွင် လာ၍ ရပ်၏။ ၎င်းတို့နှစ်ဦးသည် လက်ချင်းချိတ်ကာ ကျောင်းတွင်းသို့ ဝင် လာ ကြ၏။ မိန်းမလုပ်သူသည် ကျောင်းတွင်းသို့ ရောက်လျှင်ရပ် ၍ ဟိုမှသည်မှ မျက်စိကို ဝေ့ယမ်း၍ ကြည့်ရှုလေ၏။ ရေကန် အနီး ရေညှိတက် နေသော အုတ်ဂူဟောင်းလေးကို မြင်လျှင် စိတ်ဝင် စား၍သွား၏။ ထိုအချိန်မှာပင် ဆရာတော်ကြီးလည်း ၎င်းတို့အနီး သို့ရောက်လာ၏ ၎င်းတို့နှစ်ဦးသည် ပျာပျာသလဲ ထိုင်ကြပြီးလျှင် ဆရာတော်အား ဝတ်ပြုကြလေ၏။

"ဆရာတော်ဘုရား၊ တပည့်တော်မ မူယာပါဘုရား၊ ဆရာတော်ကျောင်းကလေးကို ပြင်ပြီးဆောက်ပေးခဲ့တာလေ . . ."

http://www.cherrythitsar.org



တာ၊ တို့...တို့...ဟီး...ဟီး...ဟီ...''ဟု ချုံးပွဲချ၍ မျက်နှာကို လက်ဝါးနှစ်ဖက်ဖြင့်အုပ်ကာ ငိုကြွေးရင်း လိုက်ပါလေတော့ သတည်း။

●



http://www.cherrythitsar.org

